

www.burmeseclassic.com
BURMESE CLASSIC .com
သစ်ငုတ်စိုးတဲ့
မိုးသူည
ဝိညာဉ်တို့၏မဟာမြို့တော်
2009
www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၂၆၉၀၈၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၄၆၆၁၀၀၉
၂၀၀၉ ခုနှစ်၊ နိုဝင်ဘာလ - ပထမအကြိမ်
အုပ်ရေ (၅၀၀)၊ တန်ဖိုး (၁၀၀/-) ကျပ်

◈ ထုတ်ဝေသူ
ဦးသစ်လွင်၊ ဂန္ဓဝင်မြိုင်စာပေ၊ (မြ-၀၉၄၈)၊အမှတ်-၁၁၃၊
ရွှေပြည်သာလမ်း၊ ၆-ရပ်ကွက်၊ သာကေတမြို့နယ်။

◈ မျက်နှာဖုံးပုံနှိပ်
ဦးကျော်စိန် (၀၂၉၀၉)၊ ကျောက်စိမ်းပုံနှိပ်တိုက်၊
အမှတ် (၁၇၁)၊ ၃၃-လမ်း၊ ကျောက်တံတားမြို့နယ်။

◈ အတွင်းပုံနှိပ်
ဦးကျင်ရင် (၀၅၄၁၇)၊ ရွှေခြသေ့ပုံနှိပ်တိုက်၊ အမှတ်(၁၂)၊
သရဖီလမ်း၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ အလုံမြို့နယ်။

◈ ပြည်လုံးကျွတ်ဖြန့်ချိရေး

◈ ရဲရင့်အောင်စာပေ
အမှတ်(၇၉)၊ မှန်ရဝေလမ်း၊ ဆရာစံမြောက်
အရှေ့ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

၈၉၅ ၈၃

သစ်ဝတ်စိုးတဲ့မိုးသုည
ဝိညာဉ်တို့၏မဟာယာမြို့တော် / သစ်ဝတ်စိုးတဲ့မိုးသုည၊ရန်ကုန်၊
ဂန္ဓဝင်မြိုင်စာပေ၊ ၂၀၀၉၊
၁၄၀ - စာ၊ ၁၃၀ X ၂၀၇ စင်တီ၊
(၁) ဝိညာဉ်တို့၏မဟာယာမြို့တော်

BURMESE CLASSIC .com

## ပါဝင်သောအခန်းများ

| | |
|---|---|
| အခန်း ၁။ | သချိုင်းထဲက ဝပ်ရှော့ဆရာ |
| အခန်း ၂။ | ကျွဲတို့ခ တစ်မတ် |
| အခန်း ၃။ | မေးခွန်းငါးခွန်း |
| အခန်း ၄။ | သူ့ကိုသတ်ပေးပါ |
| အခန်း ၅။ | နေ့ဆိုးထဲကလူ |
| အခန်း ၆။ | သချိုင်းထဲက တောက်ခေါက်သံ |
| အခန်း ၇။ | အလောင်းများနှင့်အိပ်တဲ့လူ |
| အခန်း ၈။ | လူတစ်ယောက်နှင့်နှစ်ဘဝ |
| အခန်း ၉။ | ခုတင်အောက်က အခေါင်း |
| အခန်း ၁၀။ | သေမင်းဆီသွားတဲ့လူ |
| အခန်း ၁၁။ | ရေတံခွန်သို့ |

www.burmeseclassic.com

www.burmeseclassic.com


အခန်း ၁၂။ အပေးအယူ

အခန်း ၁၃။ ဝိညာဉ်များနှင့်ဝေးရာဆီ

အခန်း ၁၄။ မိစ္ဆာခွေးကြီးများ

အခန်း ၁၅။ ဘဝဟောင်းကိုပြန်ခေါ်သူ

အခန်း ၁၆။ အမှောင်ထဲကမျက်လုံး

အခန်း ၁၇။ အသုံးတည့်မယ့်သုံးမတ်

အခန်း ၁၈။ ကြိုတူးထားသော မသာကျင်း

အခန်း ၁၉။ ခုတင်အောက်က အခေါင်း

အခန်း ၂၀။ ခေါင်းထမ်းလာတဲ့မိစ္ဆာ

အခန်း ၂၁။ မာယာမင်းသမီးဇာတ်သိမ်း

နိဂုံး


BURMESE CLASSIC .com

လိပ်ပြာကူးတယ်ဆိုတဲ့စကားကို
ကျွန်တော်တို့ငယ်ငယ်တည်းက ကြားဖူးခဲ့ပါတယ်
ရုပ်နဲ့နာမ်နှစ်ခုပေါင်းပြီး ခန္ဓာရုပ်တည်နေတာဆိုရင်
နာမ်ဟာခန္ဓာကထွက်သွားပြီး တခြားတစ်နေရာ
မကူးဘဲ နဂိုခန္ဓာကိုပြန်ဝင်မည်ပြုသောအခါ ...
လည်းကောင်း ခန္ဓာမရှိတော့လျှင်
အဲဒီနာမ်ဟာ သူ့သံယောဇဉ်အရှိဆုံးသူတစ်ယောက်
ယောက်ရဲ့ ခန္ဓာကိုသွားကပ်တော့တာပဲတဲ့
အဲဒါကို ...
လိပ်ပြာကူးတယ်လို့ခေါ်ကြတာလား
ကျွန်တော် ... ကြုံခဲ့ရတဲ့ ထူးဆန်းတဲ့လိပ်ပြာကူးမှု
ဇာတ်လမ်းတစ်ခုကတော့ ...

ချစ်ရင့်အောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com

## သချိုင်းထဲက ဝပ်ရှော့ဆရာ

### အခန်း (၁)

ကားလေးက အဝေးပြေးလမ်းမအတိုင်း တရိပ်ရိပ်ပြေးနေ၏။ နေ့လယ်နေ့ခင်းကလည်း ပူလောင်အိုက်စပ်လွန်းလှသလို ကားကိုခရီးရှည်မောင်းလာရသဖြင့် ထူးကျော်တစ်ကိုယ်လုံး နှုံးချိနေသည်။

အဖော်ကလည်းမပါ အိမ်ကထွက်လာတည်းက အဝတ်တစ်ထည်ကိုယ်တစ်ခု အလောတကြီးထွက်လာ၍ ပိုက်ဆံပင်များများပါမလာပါ။

တောင်ဆင်းတောင်တက်လမ်းတွေကို ဂရုတစိုက်မောင်းနှင်လာရင်း သူရောက်လာသည့်ခရီးမိုင်အရေအတွက်ကမနည်းတော့။ ကားကမောင်းလာရင်း တောင်အဆင်းလမ်းတစ်ခုတွင်။

"ဟူး ... ဟူး"

"ဟာ ... ဘာဖြစ်တာလဲ ဘောနပ်စ်ဖုံးထဲက အငွေ့တွေထွက်လာတယ်"

ကားစက်ကိုရပ်လိုက်ပြီး ကားထဲကဆင်းကာ ဘောနပ်စ်ဖုံးကို ဖွင့်လိုက်ရာ ...





"ဟာ"

အထဲကအပူငွေ့က သူ့မျက်နှာကိုဟပ်လိုက်သဖြင့် နောက်သို့ခြေတစ်လှမ်းဆုတ်လိုက်သည်။ အငွေ့များကတော့ ထွက်နေဆဲ ဖွင့်စကလိုအစုလိုက်အပြုံလိုက်တော့မဟုတ်။

"ရေဆူနေပါလား ... ဒါဆို ဂတ်စကက်ပြတ်ပြီ ... သွားပါပြီ ဘယ်လိုဆက်လုပ်ရမလဲ မတတ်နိုင်ဘူး ကားထဲမှာပါတဲ့ရေကို လဲထည့်ပြီးမောင်းရမှာပဲ"

ကားရေတိုင်ကီကိုအောက်ကရေထုတ်ပေါက်မှ ဖောက်ချကာ ကားနောက်ခန်းထဲက လိုလိုမယ်မယ်ယူလာသော ရေသန့်ဘူးထဲမှရေများနှင့်လဲလိုက်သည်။

ထို့နောက် ...

တိုင်ကီကိုအဖုံးပိတ်ပြီး ကားခေါင်းခန်းထဲပြန်ဝင်ထိုင်ကာ ကားကိုဖြည်းဖြည်းမောင်းထွက်လာသည်။

"ငါကလည်း ဒီဒေသရောက်ဖူးတာမဟုတ်ဘူး ... အခုငါ ရောက်နေတဲ့နေရာက ဘယ်မြို့နဲ့နီးလဲ ... အနီးဆုံးမြို့က ကားဝပ် ရှော့မှာပြင်ရမှာပဲ လမ်းသွားလမ်းလာကားကြုံတွေ့ရင်ကောင်း မှာပဲ"

ကိုယ့်ဘာသာတွေးကာ ကားကိုဖြည်းဖြည်းမောင်းလာသည်။ ကံဆိုးချင်တော့ လမ်းမှာဘယ်ကားကြုံကိုမှမတွေ့။ ကံကောင်းချင်တော့ သူကြာကြာမမောင်းလိုက်ရဘဲ ခပ်လှမ်းလှမ်းမှာ မြို့တစ်မြို့ကိုလှမ်းတွေ့လိုက်ရသည်။

"ဟား ... ဟား ... ထူးကျော်ဇာတာ ဒီလောက်မညံ့ပါဘူး။ ကဲ သားကြီးရေ မင်းကိုဆေးကုရမယ့်ဆီကိုတော့ ရောက်အောင်သွားကွာ"

သူ့ကားကို သူငယ်ချင်းတစ်ဦးကိုပြောသည့်ပုံစံမျိုးဖြင့် ပြောပြီး ဆက်မောင်းလာ၏။



www.burmeseclassic.com

www.burmeseclassic.com



မြို့သို့မရောက်သေးပေမယ့် လမ်းရွာတစ်နေရာတွင် ကားအစုတ်များအကောင်းများပြင်နေသည့် ဝပ်ရှော့တစ်ခုကိုတွေ့ရသဖြင့် ထူးကျော်ဝမ်းသာသွားပြီး သူ့ကားကိုဝပ်ရှော့ထဲမောင်းလာ၏။

ဝပ်ရှော့ရှေ့ကားတစ်စီးဘေး၌ရပ်ကာ ကားပေါ်ကဆင်းလိုက်ပြီး ...

"ဗျို့ ... ဝပ်ရှော့ဆရာ ... ဝပ်ရှော့ဆရာ လူမရှိဘူးလား မသိဘူး"

ထူးကျော်အော်ခေါ်သော်လည်း ဘာသံမှမကြားရ။ ပတ်ဝန်းကျင်အနေအထားကလည်း လွန်စွာတိတ်ဆိတ်နေသလို သစ်ပင်ကြီးများကလည်း ဝပ်ရှော့ရဲ့အနီးပတ်ဝန်းကျင်မှာပေါက်နေသည်။ ဝပ်ရှော့ထဲမှာရှိတဲ့ကားတွေကလည်း ခေတ်တုံးနေတဲ့ကားအိုကြီးများဖြစ်သလို အရောင်အဆင်းများကလည်း တောက်တောက်ပြောင်ပြောင်မရှိပေ။

"ဘယ်လိုလဲဟ ... လူတစ်ယောက်မှမတွေ့ပါလား ဝပ် ရှော့လား ကားသင်္ချိုင်းလား စိတ်ညစ်တယ်"

တစ်ယောက်တည်းစကားပြော ညည်းညူနေရာ နောက်ကျောမှထွက်လာတဲ့အသံကြောင့် ထူးကျော်လန့်သွား၏။

"ဟော့ကောင် ... မင်းနောက်မှာလူ မင်းဘာသာမမြင်ဘဲ လျှောက်အော်နေတယ်"

"ဗျာ"

"မင်းဝင်လာတည်းက ငါရှိတယ် ဟိုကားရဲ့ဂျိုင်းကိုပြင်နေလို့ကွ ဒါကားဝပ်ရှော့ဆိုလည်း ဟုတ်တယ် သင်္ချိုင်းဆိုလည်း ဟုတ်တယ် ... ကားသင်္ချိုင်းတော့မဟုတ်ဘူး လူသေရင်မြှုပ်တဲ့လူသင်္ချိုင်း"

"ဗျာ"





ထူးကျော် သူ့ကိုစကားပြောတဲ့လူကြီးကိုကြည့်ကာ အံ့ဩသွားသလို သူပြောတဲ့စကားကြောင့်လည်း ထိတ်လန့်သွား၏။

"ကဲ ... ပြော မင်းကားဘာဖြစ်လဲ"

"ဂတ်စကက်ပြတ်တယ်ထင်တာပဲ ရေတွေဆူလာပြီး မောင်းတော့ ..."

"တော် ... ဒီလောက်ဆိုရပြီ ငါဘာသာကြည့်လိုက်မယ်"

ဝပ်ရှော့ကလူကြီးက သူတစ်ကိုယ်လုံးစက်ဆီတွေနဲ့ပေနေရာ သူ့ကားဘောနပ်ဖုံးကိုလက်ပေနှင့်ကိုင်ပြီး ဖွင့်မယ်လုပ်တော့။

"နေ ... နေဦးလေ ကျွန်တော်ဖွင့်ပေးမယ်"

"ဟော့ကောင် ... မင်းကြည့်ရတာ မင်းကားကိုငါကိုင်ရင် စက်ဆီတွေပေမှာစိုးလို့မလား ငါကစက်ဆရာ မင်းငါ့ဆီမှာလာပြင်ရင် မင်းကားကောင်းဖို့ ငါ့မှာတာဝန်ရှိတယ် မင်းဝေးဝေးမှာသွားနေ ..."

"ဟုတ် ... ဟုတ်ကဲ့"

ထူးကျော်လည်း ကားနားသို့မကပ်ရဲဘဲ မလှမ်းမကမ်းက ကုက္ကိုပင်ကြီးအောက်မှာသွားထိုင်နေလိုက်သည်။

ဝပ်ရှော့ကလူကြီးမှာ အသားကလည်း တစ်ကိုယ်လုံးမည်းနေသလို ဆံပင်ကလည်းတစ်ပင်မှမရှိ ခန္ဓာကိုယ်ကတောင့်တင်းကာ ရင်အုပ်၊ လက်မောင်း၊ ပခုံး၊ ကြွက်သားတို့မှာပြည့်ဝစွာရှိနေသည်။

မျက်နှာပေါက်ဆိုးလှသော်လည်း သူလုပ်သည့်အလုပ်ကို သေချာလုပ်တတ်သည့်အကျင့်ရှိသည်ကို ကားကိုစစ်ဆေးနေပုံကို ကြည့်ရုံဖြင့်သိနိုင်၏။

ကားကိုစစ်လို့ပြီးသွားတော့ သူ့ဆီကိုလျှောက်လာပြီး။

"မင်းကားပြင်ရင် နှစ်သောင်းကျမယ်"

"ဘာဖြစ်တာလဲ ဦးလေး"



www.burmeseclassic.com

www.burmeseclassic.com



"မင်းသိတော့လည်း ဘာလုပ်မှာလဲ အဓိက,က မင်းကား ကောင်းဖို့မလား"

"ဟုတ်ပါတယ် ... နှစ်သောင်းတောင်ဆိုတော့ မများလွန်းဘူးလား"

ထူးကျော် ဈေးဆစ်လိုက်တယ် ... ဝပ်ရှော့ကလူကြီးက

"ဟော့ကောင် မသာတစ်လောင်းမြေကျဖို့ကို ငါသုံးသောင်းယူတယ် မင်းကားပြင်တာကို နှစ်သောင်းပဲယူတာ မင်းကံကောင်းတယ်မှတ်"

"ဟိုး ... "

"ဘာပြောမှာလဲ ရဲရဲပြော ... ငါတောင်းတာများတယ် ထင်ရင် မင်းကားပြန်ယူသွား အေး မင်းသိအောင်တော့ပြောလိုက်မယ် ဒီဝပ်ရှော့ရဲ့မိုင်သုံးဆယ်ပတ်လည်မှာ ကားပြင်လို့ရတဲ့နေရာမရှိဘူး"

ထူးကျော် မတတ်နိုင်တော့ ပြင်ရတော့မှာပဲလေ။

"ပြင်လိုက်တော့ဗျာ ဘယ်အချိန်ပြီးမလဲ"

"ညနေစောင်းပြီးမယ်"

လက်ကနာရီကိုကြည့်ပြီး ထိုလူကြီးက သူ့ကိုပြောလိုက်ရာ ထူးကျော်က ... ။

"ဒီနေရာကနေ မြို့ထဲကိုသွားရင် ဝေးသေးလား"

"လေးဖာလုံလောက်တော့ဝေးတယ် မင်းမြို့ထဲသွားချင်ရင် ရှေ့တစ်ခေါ်စာလောက်မှာ မြင်းလှည်းဂိတ်ရှိတယ် ငှားသွား"

"ဟုတ်ကဲ့ ... ဒါနဲ့ ဦးလေးကမြို့ထဲမှာဆိုင်မဖွင့်ဘဲ ဘာလို့ မြို့ပြင်မှာဆိုင်ဖွင့်တာလဲ"

ထိုလူကြီးက သူ့ကိုသေချာစိုက်ကြည့်ပြီး ...

"မင်းက ငါ့ကိုဘာလို့ထင်လဲ"

"ဝပ်ရှော့ဆရာ"





"အေး ... မပြည့်စုံသေးဘူး ငါ့နာမည်နဲ့အလုပ်အကိုင်ကိုမှတ်ထား ... ဝပ်ရှော့ဆရာ သုဘရာဇာကျော်ကြီးဆိုတာငါပဲ"

"ဗျာ ... ဒီနေရာက"

ထူးကျော်က အံ့ဩစွာဖြင့်မေးလိုက်ရာ ...

"သချိုင်းကုန်းလေကွာ မင်းကိုစောစောတည်းကပြောသားပဲ လူသေရင်မြှုပ်တဲ့နှုန်း ကားပြင်ရင်ယူတဲ့နှုန်းခက်တယ်ကွာ မင်းတို့တွေက ... လူတစ်ယောက်ရဲ့စကားလုံးတွေရဲ့တန်ဖိုးကို မသိဘူး"

"ဒီမြို့မှာ တခြားဝပ်ရှော့တွေမရှိတော့ဘူးလား"

"ဟား ... ဟား ... တော့် မင်းကားကိုသချိုင်းမှာပြင်ရမှာ မသတီဘူးလား မပြင်ချင်ယူသွားလေ"

ထူးကျော်ပြောမိပြီးမှ ထိုလူကြီးပြောသည့် မိုင်သုံးဆယ်ပတ်လည်မှာကားပြင်တဲ့နေရာမရှိဆိုတာကို သတိရသွားပြီး ...

"မဟုတ်ပါဘူးဗျာ ... ပြင်ပါ ဒီနေရာက သချိုင်းကုန်းလို့သာပြောတယ် အုတ်ဂူတွေမတွေ့ပါဘူး"

"ငကန်း ဟိုကားတွေရဲ့အနောက်မှာ အုတ်ဂူတွေနည်းတာမဟုတ်ဘူး၊ ငါထင်တယ် မင်းဟာလူတော်တစ်ယောက်ဘယ်လိုမှ မဖြစ်နိုင်ဘူး ... "

ထိုလူကြီးပြောမှ ကားပျက်များနောက်မှအုတ်ဂူများကို ထူးကျော်တွေ့သွားသဖြင့် လန့်သွားသည်။

ထိုလူကြီးက ကားပျက်များဘေးရှိမြေစိုက်တဲကြီးထဲသို့ဝင်ကာ သူ့ကားကိုပြင်ရန်လိုအပ်သည့်တန်ဆာပလာများကို သွားယူနေသည်။

ထူးကျော်မှာလည်း ကြာကြာဆက်မနေလို၍ ထိုလူကြီးကို လှမ်းပြောလိုက်၏။

"ကျွန်တော် မြို့ထဲသွားလိုက်ဦးမယ် ညနေစောင်းကား



www.burmeseclassic.com

www.burmeseclassic.com



လာယူမယ်''

''အေး ... အေး''

ထိုလူကြီးကပြန်ပြောလိုက်ပြီးနောက် ထူးကျော်လည်း သချိုင်းဝပ်ရှော့မှထွက်လာခဲ့တော့သည်။



ကျားတို့ခ တစ်မတ်

အခန်း (၂)

ထူးကျော် မြင်းလှည်းဂိတ်ရောက်တော့ မြင်းလှည်းတစ်စီး မှမတွေ့ရသဖြင့် မြို့ထဲဘက်သို့ဆက်လျှောက်သွားသည်။ ကားလမ်း ဘေးဘက်တွင် သစ်ပင်ကြီးများ အုံ့အုံ့ဆိုင်းဆိုင်းရှိသဖြင့် နေပူဒဏ် ကိုသိပ်မခံရပေ။

''ခွပ် ... ခွပ်''

သူ့နောက်ကျောဘက်ကထွက်လာသည့် မြင်းလှည်းသံ ကြောင့် လှည့်ကြည့်လိုက်ရာ မြင်းလှည်းတစ်စီးကိုတွေ့ရသဖြင့် လှမ်းတားလိုက်၏။

မြင်းလှည်းမောင်းသည့်လူက သူ့နားရောက်တော့ မြင်း လှည်းကိုရပ်ပေးလိုက်ပြီး ...

''လှည်းငှားလိုက်မလို့လား''

''ဟုတ်ကဲ့ မြို့ထဲကိုလိုက်လို့ရမလား''

''ရပါတယ် ... ဒါပေမဲ့ အခေါင်းဘေးမှာကပ်ထိုင်ရမှာ နော်''



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

မြင်းလှည်းသမားစကားကြောင့် ထူးကျော်လှည်းအတွင်းထဲကိုသေချာကြည့်လိုက်ရာ ခေါင်းတင်လာသည်ကိုတွေ့ရသည်။

"တက်လေ … ခင်ဗျားတခြားလှည်းစောင့်လည်း လာမှာမဟုတ်ဘူး"

"ဟုတ်ကဲ့"

မထူးတော့ဘူးဟုတွေးကာ မြင်းလှည်းပေါ်တက်ထိုင်လိုက်၏။ မြင်းလှည်းသမားက ခပ်နွမ်းနွမ်းပုဆိုးနှင့် စွပ်ကျယ်ချိုင်းပြတ်ကိုဝတ်ထား၏။ စကားပြောရာတွင်လည်း ဖော်ရွေပုံရသည်။

"ခင်ဗျားက ညှော်သည်ထင်တယ် မဟုတ်မှလွဲရော ကားပျက်လို့ သချိုင်းဝပ်ရှော့မှာအပ်ထားပြီး အပျင်းပြေမြို့ထဲထွက်လာတာနဲ့တူတယ်"

"အမှန်ပဲဗျာ ခင်ဗျားခေါင်းလုပ်စားတဲ့သူလား"

"ဘယ်ကလာဗျာ မြို့ထဲကအိမ်တစ်အိမ်က ခေါင်းလုပ်တဲ့ဆီမှာ သွားယူပေးပါဆိုလို့ သွားယူပေးတာ"

"ဦးကျော်ကြီးဆီမှာ လာယူတာလား ကျွန်တော်နဲ့ခင်ဗျားဘယ် နေရာမှာလွဲလဲ"

မြင်းလှည်းသမားက လှည်းမောင်းနေရာမှ သူ့ကိုတစ်ချက်လှည့်ကြည့်ပြီး … ။

"ဦးကျော်ကြီးက ခေါင်းမလုပ်ဘူးဗျ သူကသုဘရာဇာအလုပ်နဲ့ကားပြင်တဲ့အလုပ်ပဲလုပ်တာ ခေါင်းလုပ်တဲ့နေရာက သူ့သချိုင်းဝပ်ရှော့ကျော်သွားရင် မြောက်ဘက်သွားတဲ့လမ်းလေးရှိတယ် အဲဒီလမ်းလေးအတိုင်းသွားလို့ လမ်းဆုံးရင်ခေါင်းရောင်းတဲ့ဆိုင်ရှိတယ်"

"တော်ပါဗျာ ကျွန်တော်ခေါင်းဝယ်မယ့်လူမဟုတ်ပါဘူး"

"ဟား … ဟား … ဟား"





မြင်းလှည်းသမားက သူ့စကားကို အားရပါးရရယ်တယ်ပြီးတော့ …

"ဟုတ်တာပေါ့ ခင်ဗျားကညှော်သည်ပဲ ခေါင်းဝယ်စရာမလိုပါဘူး"

"ကျွန်တော် ခင်ဗျားကို တစ်ခုမေးချင်တယ်"

"ဘာလဲ ကျုပ်တို့မြို့အကြောင်းလား"

"သိလှချည်လား"

"သိတာပေါ့ ဒီမြို့လေးကို ဘယ်ညှော်သည်ကမှ စိတ်ဝင်တစားလာတာမရှိဘူး ဖြတ်သွားရုံပဲသွားကြတာ ခင်ဗျားလိုလူတွေသာ အပျင်းပြေအချိန်ရတုန်းလျှောက်ကြည့်တဲ့ပုံနဲ့ မြို့ထဲလာကြတာ"

မြင်းလှည်းသမားက သူလိုလူနှင့်ကြုံခဲ့ဖူးပုံရ၏။ ဒါကြောင့်လည်း သူ့ပုံစံကိုကြည့်ပြီး သူမေးတာတွေကို ကြိုသိနေခြင်းလည်းဖြစ်သည်။

"ခင်ဗျားတို့မြို့က သီးခြားလိုဖြစ်နေတယ် … နော်"

"ခင်ဗျားတို့ပြောရင်လည်းခံရမှာပဲ ကျုပ်တို့မြို့က တခြားသူတွေအတွက် သီးခြားဆန်ပေမယ့် ကျုပ်တို့အတွက်ကတော့အရမ်းပျော်စရာကောင်းတယ်"

"ဘာပျော်စရာရှိလို့လဲ"

"မြို့လယ်မှာ တစ်နေ့ကိုတစ်ပွဲပဲပြတဲ့ ရုပ်ရှင်ရုံရှိတယ်ပြလိုက်ရင်လည်းသရဲကားပဲ သိပ်ကြောက်စရာကောင်းတယ်

ပြီးတော့ … ဝိုင်ရောင်းတဲ့ဆိုင်တွေက ပေါမှပေါပဲ၊ ကော်ဖီဆိုင်တွေလည်းရှိတယ်ဗျ၊ သိပ်အေးချမ်းတယ်၊ ဆိုင်ထဲမှာဘယ်သူမှစကားပြောခွင့်မရှိဘူး"

"နောက်တခြား ဘာတွေရှိသေးလဲ"

ထူးကျော် မြင်းလှည်းသမားစကားအရှိန်ရစေရန် ဆက်



www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်၏။

"ပုံပြောကောင်းတဲ့ တရုတ်ဘိန်းစားတွေရှိတယ် သူတို့ကိုငွေနှစ်ရာသာပေးလိုက် ခင်ဗျားနားထောင်ချင်တဲ့ပုံပြင်ကို စိတ်ရှည်လက်ရှည်ပြောလိမ့်မယ်"

"သူတို့က ဘယ်နေရာမှာရှိလဲ"

"မြို့လယ်က ပန်းခြံမှာရှိတယ် ခင်ဗျားသတိထားရမှာက ဒီမြို့မှာခပ်ဆိုးဆိုးလူငယ်တွေရှိတယ်၊ သူတို့ကိုတော့ ဝေးဝေးရှောင် နောက်တစ်ခုက သောကစံအိမ်ကိုလည်းရှောင်"

"ဘာလဲဗျ သောကစံအိမ်"

စိတ်ဝင်တစားနှင့်ထူးကျော်မေးလိုက်ရာ မြင်းလှည်းသမားက …

"သရဲအရမ်းခြောက်တဲ့ အိမ်ကြီးပေါ့ဗျာ"

"တကယ်ခြောက်တာလား"

"တကယ်ခြောက်မခြောက်သိချင်ရင် အဲဒီအိမ်ကြီးဆီကိုသာသွားလည်ကြည့်လိုက် ကျုပ်ကြားရသလောက်ကတော့ ညဘက်ဆို အဲဒီအိမ်ထဲမှာ ခေါင်းထမ်းပြီးလျှောက်နေတဲ့သရဲရှိတယ်တဲ့"

"နေပါစေဗျာ ကျုပ်အချိန်လည်းမရပါဘူး"

မြင်းလှည်းက တဖြည်းဖြည်းနှင့်မြို့တွင်းသို့အဝင်လမ်းမသို့ရောက်လာသည်။ လမ်းမထိပ်ဆိုင်းဘုတ်ကို ထူးကျော်ဖတ်လိုက်၏။

"မိုင်းပွန်မြို့ဆိုပါလား"

"ဟုတ်တယ် မိုင်းပွန်မြို့ ခင်ဗျားအတွက် ထူးဆန်းတဲ့အတွေ့အကြုံတွေကို ဒီမြို့ထဲမှာတွေ့လိမ့်မယ်"

"ဟုတ်ပါပြီ ကော်ဖီဆိုင်တစ်ဆိုင်ရှေ့မှာရပ်ပေး မြင်းလှည်းစီးခ ဘယ်လောက်ပေးရမလဲ"

"တစ်မတ်"





"ဗျာ"

မြင်းလှည်းသမား၏ တစ်မတ်ဆိုတဲ့စကားကြောင့် ထူးကျော်လန့်သွားသည်။

"ကျွန်တော့်မှာ မတ်စေ့မပါဘူး နှစ်ရာတန်ငါးရာတန်ပဲပါတယ်"

"ကျုပ်က တစ်မတ်ပဲလိုချင်တယ် ဆိုင်တစ်ဆိုင်မှာ ဝင်လဲလိုက်"

"မတ်စေ့ရပါ့မလား"

"ရတယ် လဲသာလဲလိုက်"

ထူးကျော်ကို မြင်းလှည်းသမားက မုန့်ဆိုင်တစ်ဆိုင်ရှေ့တွင် ရပ်ပေးလိုက်၏။ သူလည်းခေါင်းဘေးက အသာထကာအောက်သို့ဆင်းရန်ပြင်လိုက်စဉ် ခေါင်းတွင်နာမည်ရေးသည့် နေရာကိုကြည့်မိသည်။ ထူးဆန်းသည်က ဘာနာမည်မှမရေးထားပေ။

"ဟေ့လူ ဆင်းပြီးအကြွေလဲလေ"

"ဟုတ် … ဟုတ်ကဲ့"

ထူးကျော်လည်းပေါ်ကခုန်ချကာ မုန့်ဆိုင်သို့ဝင်ကာ အကြွေလဲသည်။ ဆိုင်ရှင်အဘွားကြီးက …

"အကြွေစေ့တွေကို အခုမသုံးကြတော့ဘူး အမှတ်တရစုထားတဲ့လူတွေသာ လာဝယ်ကြတယ်။ မင်းလိုချင်ရင် တစေ့ကိုငါးဆယ်နဲ့ရောင်းမယ်"

"ရတယ် အဖွား ရော့ … နှစ်ရာ"

"ဒါဆို လေးစေ့ရမယ်"

"ကောင်းပါပြီ"

အဖွားကြီးက ကောင်တာစားပွဲအံဆွဲကိုဖွင့်ပြီး သူ့ကိုတစ်မတ်စေ့လေးစေ့ပေးလိုက်သည်။

"မတ်စေ့ကလူတွေအတွက် အသုံးဘယ်လောက်ဝင်သည်



www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုတာ သေရင်သိလိမ့်မယ်''

အဖွားကြီးရဲ့စကားကြောင့် မတ်စေ့ကိုင်ထားသည့် ထူးကျော်လက်များပင် တုန်လာ၏။ အဖွားကြီးကို ဘာမှပြန်မပြောတော့ဘဲ မြင်းလှည်းသမားဆီပြန်လျှောက်လာကာ မတ်စေ့လေးစေ့လုံးပေးလိုက်သည်။

''ကျုပ်လိုချင်တာ တစ်မတ်ပဲ ရော့ သုံးမတ်ပြန်ယူ''

''ရပါတယ် အကုန်သာယူလိုက်''

''ကျုပ်က ပို့ဆောင်ခ တစ်မတ်ပဲရတာ ပိုယူခွင့်မရှိဘူး ခင်ဗျား ကြားဖူးတယ်မလား၊ လူတွေပြောပြောနေတဲ့ တစ်မတ်အကြောင်း''

''ဘယ်လိုပြောကြတာလဲ''

ထူးကျော်မသိ၍ မြင်းလှည်းသမားရဲ့စကားကိုမေးလိုက်ရာ ... ။

''ကူးတို့ခ တစ်မတ်လေ''

''ဟင်''

''ဘာလဲ မယုံလို့လား ခင်ဗျားသာကျုပ်ကို တစ်မတ်မပေးရင် ဒီခေါင်းမှာခင်ဗျားနာမည်ထိုးပြီး ခင်ဗျားကိုထည့် သင်္ဂြိုဟ်လိုက်မယ် ... ''

''ခင်ဗျား ဘာတွေပြောနေတာလဲ''

''ကဲပါ ... ကျုပ်ပေးတဲ့သုံးမတ်ပြန်ယူ သေတဲ့လူတွေရင် တစ်မတ်ပေးလိုက် ကူးတို့ခတစ်မတ်နော် မှတ်ထား ... ကူး တို့ခတစ်မတ် ဟား ... ဟား ... ''

ကျယ်လောင်စွာ အားရပါးရရယ်မောကာ မြင်းလှည်းကို သူ့ရှေ့မှမောင်းထွက်သွားလေသည်။



**မေးခွန်းငါးခွန်း**

အခန်း (၃)

ရှမ်းပြည်နယ်ရဲ့မြို့လေးတစ်မြို့ဖြစ်တာမို့ မြို့တွင်းလမ်းတွေကညီညာမှုမရှိဘဲနိမ့်လိုက်မြင့်လိုက်နှင့်အတက်အဆင်းများလှ၏။

မြို့လမ်းမတစ်လျှောက်လမ်းဘေးတွင်ရှိသော တိုက်များမှာ ခေတ်မမီဘဲ အိုမင်းရင့်ရော်နေသည့်တိုက်အိုကြီးများဖြစ်သည်။ လမ်းသွားလမ်းလာလူအနည်းငယ်ကလွဲရင် မစည်ကားဘဲ ခြောက်ကပ်ကပ်ရှိလှသည်။ ဈေးဆိုင်တချို့ရှိသော်လည်း ဝယ်သူမရှိတာမို့ ဈေးရောင်းသည့်ဆိုင်ရှင်မှာ အိပ်ငိုက်လို့ပင်နေ၏။

ထူးကျော်ရေဆာလာတာမို့ ဆိုင်တစ်ဆိုင်ထဲဝင်ကာ ရေသန့်ဘူးတစ်ဘူးဝယ်လိုက်သည်။

ဆိုင်ရှင်က သူ့ကိုဘာစကားတစ်ခွန်းမှမပြောဘဲ သူဝယ်သည့်ရေဘူးကိုပေးလိုက်၏။ ကျသင့်သည့်ငွေကိုလည်းယူသည်။

''ဦး ... ပန်းခြံကိုဘယ်လိုသွားရလဲ''

ဆိုင်ရှင်က သူ့မျက်နှာကိုသေချာကြည့်ပြီး ...

''မင်းက ညှော်သည်လား''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ကားပျက်လို့ဒီနေ့ နေလယ် ... "

"မင်းစကားများလှချည်လား မလိုအပ်ဘဲ ဘာလို့ရှင်းပြနေတာလဲ၊ မင်းသွားချင်တဲ့ပန်းခြံကို ဒီလမ်းမအတိုင်းတည့်တည့်သွား ရှေ့နှစ်ခေါ်စာလောက်ဆိုရောက်ပြီ"

ဆိုင်ရှင်ကသူ့ကိုပြောပြီး ... ဆိုင်ထဲမှလုပ်စရာရှိတာများကိုဆက်လုပ်နေသည်။ သူလည်းဆိုင်အပြင်သို့ ထွက်လာခဲ့တော့သည်။

လမ်းမပေါ်မှာ ကားတချို့ဖြတ်သွား ဖြတ်လာတော့ရှိသည်။

တိတ်ဆိတ်ငြိမ်သက်လွန်းသော ဒီမြို့လေးဟာ အရင်တုန်းကလည်း ဒီအတိုင်းပဲလားဟု စဉ်းစားမိသည်။

စတိုးဆိုင်တချို့နှင့် စားသောက်ဆိုင်တချို့မှာတော့ လူအနည်းငယ်စည်သည်။

အတော်ကြာကြာလျှောက်လာတော့ သစ်သားတိုင်များကိုလှပသေသပ်စွာကာရံထားသည့် ပန်းခြံကိုတွေ့လိုက်ရသည်။

ဒီမြို့မှာ သူနှင့်ရင်းနှီးသည့် မိတ်ဆွေမရှိ သူစကားပြောမိတ်ဆက်မည်ကြံသော်လည်း အားလုံးရဲ့မျက်နှာထားတွေက အေးစက်စက်အမူအရာနှင့်ဖြစ်နေသည်။

မြင်းလှည်းသမားညွှန်လိုက်သည့် ပုံပြောသည့်တရုတ်ဘိုးဘွားများကို ပန်းခြံထဲဝင်ကာရှာလိုက်၏။

ပန်းခြံထောင့်တစ်နေရာတွင် ကုလားထိုင်ကိုယ်စီနှင့်ထိုင်ကာ မှိန်းနေသော တရုတ်သုံးဦးကိုတွေ့ရသည်။ အသက်အားဖြင့်လေးဆယ်ကျော်ငါးဆယ်ခန့်ရှိသည်။

ထူးကျော်လည်း ထိုတရုတ်ကြီးများအနားသို့ကပ်သွားပြီး

"ဦးလေး ... "

"ဟင် ... ဧည့်သည်ပါလား လာထိုင်"





သူ့ခေါ်တာကိုပြန်ထူးပြီးထိုင်ရန် ခွေးခြေတစ်လုံးပေး၏။ ခွေးခြေမှာ သူထိုင်ပြီးသောအခါ တရုတ်ကြီးတစ်ဦးက ...

"ပုံပြောတာ နားထောင်ဖို့လာတာလား မေးခွန်းတွေမေးဖို့လာတာလား ပုံပြောတာနားထောင်ချင်ရင် ပုံပြင်တစ်ပုဒ်ကို နှစ်ရာကျမယ် မေးခွန်းမေးမယ်ဆိုရင် မေးခွန်းတစ်ခုကို တစ်ရာနှုန်းနဲ့မေးခွန်းငါးခုမေးရမယ်"

"ကောင်းပြီလေ ကျွန်တော်ပုံပြင်နားမထောင်ချင်ဘူး မေးခွန်းတွေပဲမေးမယ်"

"မေးခွန်းငါးခုပဲမေးခွင့်ရမယ် မဖြေချင်တဲ့မေးခွန်းမဖြေဘူး ... အဲဒီအတွက် မေးခွန်းအသစ်ထပ်မေးခွင့်မရှိဘူး"

"ထူးထူးဆန်းဆန်းပါလား"

သူပြောတာကို တရုတ်ကြီးက ဘာမှပြန်မပြော။ သူ့ဘေးကုလားထိုင်တွင်ထိုင်ကာမှိန်းနေသော တရုတ်ကြီးနှစ်ဦးက သူတို့နှင့်ဘာမှမသက်ဆိုင်သလိုနှင့်နေနေသည်။

"ကဲ ... မေးတော့"

"ဒီမြို့က ဘာလို့ခြောက်ကပ်နေတာလဲ"

"ဒီကလူတွေက သူများအကြောင်းမစပ်စုဘူး ... တခြားလူတွေဘာဖြစ်နေတယ်စိတ်မဝင်စားဘူး ကိုယ့်အလုပ်ပဲကိုယ်လုပ်တယ် ...

အကြောင်းကိစ္စမရှိဘဲ ... အိမ်ပြင်ထွက်လေ့မရှိဘူး ဒါကြောင့် မင်းလာတဲ့လမ်းမှာ လူတွေသိပ်မရှိတာပေါ့"

ထူးကျော် တရုတ်ကြီး၏အဖြေစကားကို စိတ်ဝင်တစားနားထောင်ပြီး ဒုတိယမေးခွန်းထပ်မေးလိုက်၏။

"ဒီမြို့မှာ အရေးကြီးဆုံးနေရာက ဘယ်နေရာလဲ"

"သုသာန်ပေါ့ကွာ လူဟာသေသွားရင်ကောင်းကောင်းနေရဖို့အရေးကြီးတယ် ... မသေတဲ့လူက ဟိုနေရာရွှေ့ ဒီနေရာရွှေ့



www.burmeseclassic.com

www.burmeseclassic.com



လုပ်လို့ရတယ် သေတဲ့လူက ရှင်တဲ့လူလောက်အခွင့်အရေးမရဘူး ဒီတော့ သေသူအတွက်အလုံခြုံဆုံးနဲ့ အေးအေးချမ်းချမ်းနေရာရှိဖို့လိုတယ် ... တို့မြို့က သုသာန်ဟာ လုံခြုံမှုအရှိဆုံး အအေးချမ်းဆုံးနေရာ ... ဒါကြောင့် သုသာန်ဟာ အရေးကြီးဆုံးနေရာပဲ''

ထူးကျော်တရုတ်ကြီးကို စိတ်မနှံ့သူလားလို့ သူ့စိတ်ကထင်ပေမယ့် သူပြောတဲ့စကားတွေရဲ့အတိမ်အနက်ကြောင့် အထင်မသေးဝံ့ပေ။ တတိယမေးခွန်းကိုဆက်မေးလိုက်၏။

''ဒီမြို့ရဲ့သက်တမ်းက ဘယ်လောက်ရှိပြီလဲ''

''မြို့သက်တမ်းကိုသိချင်ရင် အပင်ကြီးတွေကိုကြည့်လိုက် ဘယ်မြို့မဆို မြို့တည်တာနဲ့အပင်စိုက်တာပဲမလား စတုတ္ထမေးခွန်းဆက်မေး''

''ဒီမြို့မှာ လူဦးရေဘယ်လောက်ရှိလဲ''

''ဒီမေးခွန်းကိုငါမဖြေနိုင်ဘူး မင်းဟာ ငါတို့မြို့ကိုဖျက်ဆီးမယ့်ရန်သူတစ်ယောက်ဖြစ်ခဲ့ရင် ငါအဖြေကြောင့် တို့မြို့သားတွေ ဒုက္ခရောက်သွားလိမ့်မယ်''

''ဒါဖြင့် နောက်ဆုံးမေးခွန်းမေးမယ် ဒီမြို့မှာ အန္တရာယ်အရှိဆုံးလူက ဘယ်သူလဲ''

တရုတ်ကြီးက မှေးစင်းသောမျက်လုံးဖြင့်သူကိုသေချာကြည့်၏။ ပြီးမှစကားတစ်လုံးချင်း အဖြေပေးလိုက်သည်။

''သောကစံအိမ်က မာယာထက်''

''ဟင် ... သောကစံအိမ်မှာလူရှိလို့လား''

''မင်း ... ခေါင်းပို့တဲ့မြင်းလှည်းသမားနဲ့တွေ့ခဲ့တယ်ထင်တယ်''

''ဗျာ''

တရုတ်ကြီးစကားကြောင့် ထူးကျော်အံ့သြသွားသည်။

''ဘာမှမထူးဆန်းဘူး ဒီမြို့မှာ စကားအများဆုံးပြောတာ





ငါတို့သုံးယောက်နဲ့ဒီကောင်ပဲရှိတယ်၊ ဒီကောင်လမ်းညွှန်လိုက်လို့မင်းဒီကိုရောက်လာတာမလား''

''ဟုတ်ပါတယ်''

''သောကစံအိမ်မှာ သရဲအရမ်းခြောက်တာမှန်ပေမယ့် သရဲထက်ကြောက်စရာကောင်းတာက အဲဒီအိမ်က မာယာထက်ဆိုတဲ့မိန်းမချောလေးပဲ ...

သူက သူ့ယောက်ျားအဖိုးကြီးကိုသတ်ဖို့အမြဲကြံစည်နေတယ်၊ သူ့ယောက်ျားအဖိုးကြီးကလည်း သူ့ကိုသတ်ဖို့အမြဲကြံစည်နေတယ်၊ သူတို့နှစ်ယောက်က တစ်ယောက်နဲ့တစ်ယောက်တော့မသတ်ကြဘူး''

''ဘယ်လိုလဲဗျ ခင်ဗျားစကားကလဲ''

''သူတို့ဟာ အမြဲတရားခံဖြစ်မယ့်ကောင်ကိုပဲ ရှာနေကြတယ်၊ တို့မြို့ကလူတွေက သူတို့အကြောင်းသိတော့ ဝေးဝေးကရှောင်ကြတယ်၊ မင်းလိုအူကြောင်ကြောင်နဲ့ညှို့သည့်ကောင်တချို့တော့ အဲဒီအိမ်မှာအဖိုးကြီးသတ်ဖို့လုပ်လိုက် ဟိုမိန်းမချောလေးသတ်ဖို့လုပ်လိုက်နဲ့နောက်ဆုံး သူတို့ပဲအသတ်ခံလိုက်ရတယ်''

ထူးကျော် တရုတ်ကြီးစကားကြောင့် သောကစံအိမ်နှင့်ပတ်သက်တာတွေကို စိတ်ဝင်စားလာသည်။

''ရဲက မဖမ်းဘူးလား''

''သက်သေမှမရှိနိုင်လုံတာ ... ဒီမြို့သား အသတ်ခံရရင်အလွယ်တကူအထောက်အထားရှာဖမ်းလို့ရတယ်၊ ညှို့သည်ဆိုတော့ တော်ရုံအထောက်အထားရှာလို့မရဘူး''

သူတို့ကိုစောင့်ကြည့်နေပါတယ် သေချာတဲ့တစ်နေ့မှာ ဖမ်းမှာပဲ အဲဒီအိမ်က အဖိုးကြီးက လူလည်ကြီးကွ''

''ဖာတ်လမ်းတွေကခပ်ဆန်းဆန်းပဲ၊ ကဲ ကျွန်တော်သိချင်တာကိုမေးဦးမယ် မြင်းလှည်းသမားက ဘာလို့ကျွန်တော့်ကို မိုးမိ



www.burmeseclassic.com

www.burmeseclassic.com



တစ်မတ်တောင်းတာလဲ''

"ငါ ... မဖြေနိုင်တော့ဘူး မင်းမေးတဲ့မေးခွန်းငါးခုကို ဖြေပြီးပြီ ... ဆက်လည်းမမေးနဲ့တော့''

ထူးကျော် ဘာမှဆက်မပြောတော့ဘဲ အိတ်ထဲမှငွေငါးရာကိုထုတ်ကာ တရုတ်ကြီးကိုပေးလိုက်ပြီး ပန်းခြံထဲမှပြန်ထွက်ခဲ့တော့သည်။



## သူ့ကိုသတ်ပေးပါ

### အခန်း (၄)

ပန်းခြံကထွက်လာပြီး မြို့လယ်လမ်းမတစ်လျှောက်ဆက်လျှောက်လာရာ ကော်ဖီဆိုင်တစ်ဆိုင်ကိုတွေ့သဖြင့် မှန်တံခါးကိုတွန်းဖွင့်ကာ အထဲသို့ဝင်လာခဲ့သည်။

ကော်ဖီသောက်သူအနည်းငယ်သာရှိပြီး စားပွဲဝိုင်းသုံးဝိုင်းမှာသာသူ့အဖွဲ့နှင့်သူထိုင်ကာ ကော်ဖီကိုသောက်နေ၏။

ဆိုင်ထဲကလူတွေက သူဆိုင်ထဲဝင်လာတာကိုအရေးတယူကြည့်ရှုခြင်းလည်းမရှိ။ ဘားကောင်တာသွားပြီး ကော်ဖီတစ်ခွက်ကိုပိုက်ဆံလက်ငင်းရှင်းယူလာပြီး ထောင့်ကျကျစားပွဲတွင် သွားထိုင်လိုက်၏။

ကော်ဖီသောက်နေသူအများစုမှာ အသက်အရွယ်ကြီးရင့်သည့်အဖိုးကြီးများဖြစ်ပြီး စကားပြောသံလုံးဝမကြားရချေ။

ကော်ဖီကိုသာ အာရုံထားသောက်နေပုံရသည်။ သူမျက်လုံးဝေ့ပြီးဆိုင်ထဲလိုက်အကဲခတ်လိုက်ရာ သူနှင့်မျက်နှာချင်းဆိုင်ထောင့်တစ်နေရာတွင် ကော်ဖီထိုင်သောက်နေသောမိန်းမပျို တစ်



www.burmeseclassic.com

www.burmeseclassic.com



ဦးကိုတွေ့ရသည်။

အမှတ်တမဲ့ကြည့်လိုက်ရာက ဘာမှမသိသာပေမယ့် သေသေချာချာကြည့်လိုက်တော့ အလွန်လှပသောမိန်းမပျိုတစ်ဦးဖြစ်မှန်းသိလာသည်။ တစ်ချက်တစ်ချက် သူနှင့်မျက်လုံးချင်းဆုံသွားရာ မိန်းမပျိုက မျက်လွှာအရင်ချသွား၏။

အလွန်လှပသေသပ်သောကော်ဖီဆိုင်လေးက အလွန်တရာချောမောသောမိန်းမပျိုလေးတစ်ဦး ကော်ဖီသောက်နေပုံမှာ လိုက်ဖက်လွန်းလှသည်။

အချိန်အနည်းငယ်ကြာတော့ ...

မိန်းမပျိုလေးက ကော်ဖီသောက်လို့ပြီးပြီထင်၏။ သူ့ဘေးမှာပါလာသော ဈေးဝယ်ပစ္စည်းများကို မနိုင်တနိုင်မကာဆိုင်ထဲမှ အပြင်ကိုထွက်သွားသည်။

ထူးကျော်လည်း စိတ်ဝင်စားသဖြင့် ကော်ဖီကိုကုန်အောင်မသောက်ဘဲ စားပွဲမှထကာဆိုင်ပြင်သို့ထွက်ရန်ပြင်လိုက်စဉ်

''ဟား ... ဟား ... ဟား ...''

ဆိုင်ထဲမှ သံပြိုင်ရယ်မောသံများကိုကြားရသဖြင့် စိတ်အနည်းငယ်တိုသွားပြီး ဆိုင်မှန်တံခါးကိုကြမ်းတမ်းစွာတွန်းကာ ဆိုင်ပြင်သို့ထွက်လာခဲ့သည်။

သူဆိုင်အပြင်ရောက်တော့ မိန်းမပျိုက ခပ်လှမ်းလှမ်းပင်ရောက်နေပြီ။ သူသယ်လာတဲ့အထုပ်တချို့ လမ်းပေါ်ပြုတ်ကျလိုက်၊ ပြန်မလိုက်နှင့်ခက်ခက်ခဲခဲပင်သယ်နေရသဖြင့် သူ မိန်းမပျိုနောက်သို့ အလျင်အမြန်လိုက်ကာ အနားရောက်တော့ ...

''ဘယ်အထိသွားမှာလဲ ကျွန်တော် ဝိုင်းသယ်ပေးမယ်လေ''

''ရပါတယ် အားနာစရာ''

မိန်းမပျိုက သူ့ကိုငဲ့ကြည့်ပြီးပြန်ပြော၏။





''ခင်ဗျားအထုပ်တွေက နည်းမှမနည်းတာ ... ပေးပါ ကျွန်တော်လည်းဝိုင်းသယ်တာပေါ့''

''ကျေးဇူးတင်ပါတယ်''

လက်ထဲကအထုပ်တချို့ကို သူ့ကိုပေးပြီးပြန်ပြောသည်။ အနီးကပ်ကြည့်တော့ ပိုချောမောလှပမှန်းသိရသည်။ စကားအသံကလည်း ချိုချိုလွင်လွင်လေးနှင့်နားထောင်လို့ကောင်းလှ၏။ ဝတ်ထားသော ဂါဝန်အရှည်အနီရောင်နှင့်လှိုင်းတွန့်သဏ္ဌာန်ဆံပင်ကွေးကွေးလေးတို့မှာ လွန်စွာလိုက်ဖက်လှသည်။

''အစ်ကိုက ဧည့်သည်လား''

''ဟုတ်ပါတယ် ...''

''ယာယာတို့မြို့ကို လာလည်တာလား''

''မဟုတ်ဘူး လမ်းမှာကားပျက်သွားလို့ မြို့ပြင်ကဝပ်ရှော့မှာကားဝင်ပြင်တာ ညနေစောင်းမှရမယ်ဆိုတာနဲ့ မြို့ထဲလျှောက်ကြည့်တာ''

''အော် ...''

ထူးကျော်က သူ့အဖြစ်အပျက်ကိုရှင်းပြလိုက်သည်။ မိန်းမပျိုလေး၏မျက်နှာမှာလွန်စွာအပြစ်ကင်းလှပေမယ့် သူ့မျက်လုံးတွေက ဂနာမငြိမ်ဖြစ်နေသဖြင့် ထူးကျော်က ...

''ခင်ဗျား ဘာဖြစ်နေတာလဲ''

''ဘာ ... ဘာမှမဖြစ်ပါဘူး ... အစ်ကိုက ရန်ကုန်ကလာတာလား''

''ဟုတ်တယ်''

''ရန်ကုန်မြို့ကြီးက အရမ်းလှတယ်ဆို လူတွေလည်းအများကြီးလား''

ကလေးငယ်တစ်ဦးပမာ သူ့ကိုမေးရာ မိန်းမပျို တကယ်သိချင်၍ မေးမှန်းသိ၍ ...



www.burmeseclassic.com

www.burmeseclassic.com



"အရမ်းလှတယ် လူတွေလည်းအများကြီးပဲ"

"ယာယာ အရမ်းရောက်ချင်တာ ... ဒါပေမဲ့ ... "

စကားသံကရပ်သွားပြီး မျက်လုံးထဲတွင်မျက်ရည်တချို့ ပင်ဝဲလာသည်။

"ခင်ဗျားမှာ ဘာပြဿနာရှိလို့လဲ ကျွန်တော်ကူညီနိုင်တာ ဆို ကူညီပါ့မယ်"

"အစ်ကို ... ကူညီနိုင်မယ်မထင်ပါဘူး"

အသံတိုးတိုးလေးဖြင့်ပြောရာ ထူးကျော်စိတ်ထဲ မိန်းမပျို ၏ဒုက္ခကို ပိုလို့ပင်သိချင်လာသည်။

"ခင်ဗျားနာမည် ဘယ်လိုခေါ်လဲ .. ခင်ဗျားပြဿနာတွေ က ဘာတွေလဲ မိတ်ဆွေရင်းတစ်ယောက်လိုပွင့်ပွင့်လင်းလင်းပြော ပါ"

"ယာယာ့နာမည်က မာယာထက်ပါ"

"ဟင်"

"အစ်ကို ယာယာ့ကိုသိလို့လား"

ထူးကျော်ရဲ့ တအံ့တသြအမူအရာကြောင့် မာယာထက် အလျင်အမြန်ပင် ထူးကျော်ကို ပြန်မေးလိုက်သည်။ ထူးကျော်က လည်း သူများပြောတာထက် လက်တွေ့ကျကျသိချင်သူမို့ ...

"မသိပါဘူး ကျွန်တော်ကအခုမှရောက်တဲ့ဧည့်သည်လေ"

"လာအစ်ကို ... ရှေ့နားရောက်ရင် တောင်စောင်းတစ် ခုရဲ့ဘေးမှာ ခုံတန်းလျားလေးတွေရှိတယ် အဲဒီကနေလှမ်းကြည့်ရင် မိုးထိတောင်တို့ ဆင်အိပ်တောင်တို့ ရှုခင်းတွေကအရမ်းလှတာပဲ အဲဒီမှာထိုင်ပြီး စကားပြောကြတာပေါ့"

"ကောင်းတာပေါ့ တောင်ပေါ်ဒေသအလှအပကိုတဝကြီး ခံစားလို့ရမှာမလား"

"ခံစားစေရမယ် ယာယာတို့မြို့လေးရဲ့အလှပဆုံး ရှုခင်း





လေးတစ်ခုပေါ့"

လမ်းသိပ်မလျှောက်လိုက်ရဘဲ မာယာထက်ပြောသည့် နေရာသို့ရောက်လာသည်။ အမှန်တကယ်ပင် အလွန်သာယာ လှပ၏။ ကျောက်တောင်ပြောင်ချောကြီးများမှာ မိုးနှင့်ထိလုမတတ် မြင့်မားလှသလို တောင်ခြေကချောက်ရဲ့နက်ရှိုင်းမှုကလည်း မျက်စိ တဆုံးပင်ရှိသည်။

"ဒီမှာထိုင်ရအောင် အစ်ကို"

"အင်း"

ပန်းစည်းထုပ်များကို ခုံတန်းလျားတစ်ဖက်တွင်တင်ကာ လှ ချင်းမထိပေမယ့် ထိလုနီးပါးအတူတွဲထိုင်လိုက်သည်။

"အစ်ကို့နာမည် ဘယ်သူလဲ"

"ထူးကျော်ပါ ... မာ ... မာယာထက်"

"ယာယာလို့ပဲခေါ်ပါ အဲဒီနာမည်က အမေချစ်စနိုးနဲ့ ယာယာ့ကိုပေးခဲ့တဲ့နာမည်ပေါ့"

"ယာယာအမေ မရှိတော့ဘူးလား"

"အမေဆုံးတာ နှစ်နှစ်ကျော်သွားပြီ ... အစ်ကို"

ဝမ်းနည်းသံနှင့်ဖြေရင်း အဝေးကကျောက်တောင်ကြီးကို ငေးကြည့်နေသည်။

"ယာယာရင်ထဲမှာ တစ်ခုခုခံစားနေသလိုပဲ အစ်ကိုသိလို့ ရမလား"

"ဟင့် ... ဟင့် ... ဟင့် ... "

မာယာထက်ငိုလေတော့သည်။ ထူးကျော်က ဘေးကနေ ဘာလုပ်ရမှန်းမသိဖြစ်သွားသည်။

"မငိုပါနဲ့ယာယာ ... ယာယာခံစားချက်တွေ အစ်ကို့ကို ပြော အစ်ကိုကူညီမယ်"

"ယာယာ အဲဒီလူကြီးကို တအားမုန်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လူကြီးလဲ"

"အမေ့ယောက်ျားလေ အဲဒီလူကြီးအမေ့ကို သတ်လိုက်တာ"

"ဟုတ်လို့လား"

ထူးကျော်ရဲ့အမေးကြောင့် ... မာယာထက်မျက်နှာ ရုတ်တရက် တင်းသွားပြီး ...

"အဲဒီလူကြီးက ဉာဏ်တအားကောင်းတယ် အစ်ကို၊ ဘယ်အရာမဆို အကွက်ကျကျစီမံတတ်တယ်၊ အမေနဲ့ယာယာတို့ ဘဝလေး နှောင်ခရွာလေးမှာ အေးအေးချမ်းချမ်းရှိနေတာကို သူက အမေ့ကို ဒီမြို့ကိုမရောက်ရောက်အောင်ခေါ်ခဲ့တယ် မယားအဖြစ် သိမ်းပိုက်ခဲ့တယ်"

"ယာယာ အဲဒီထဲက ဒီမြို့ကိုရောက်နေတာလား"

"မဟုတ်ဘူး အစ်ကို ယာယာရောက်လာတာ အမေသေပြီးမှ သူပဲအတင်းလာခေါ်တယ် ပြီးတော့ ... ဟင့် ... ဟင့်"

ဝမ်းနည်းစွာငိုလေတော့သည်။ ထူးကျော်လည်း မာယာထက်ဘဝတစ်စွန်းတစကိုသိရသဖြင့် ...

"ကံတရားအတိုင်းပေါ့ ယာယာရယ်"

"ကံတရားမဟုတ်ဘူးအစ်ကို မတရားတာ အမေသေတာလည်းသွေးရိုးသားရိုးမဟုတ်ဘူး ... အမေဒီချောက်ထဲပြုတ်ကျသေတာ"

"ဟင်"

သူတို့ထိုင်နေရာ ရှေ့ဘက်တောင်စောင်းသို့ဆက်သွားလျှင် တောင်စောင်းအစွန်း၌ အလွန်နက်သောချောက်ကြီးကို လက်ညှိုးထိုးပြရင်း မာယာထက်က သူ့ကိုပြော၏။

"ယာယာက သူလာခေါ်တော့မလိုက်ဘူးလို့ မငြင်းဘူးလား"





"ယာယာကငြင်းတယ် ယာယာ့ဆွေမျိုးတွေက တောင်ပေါ်သူရိုးရိုးတွေဆိုတော့ သူတို့တူမလေးဒီမှာနေရင် တောင်ယာအလုပ်နဲ့တစ်သက်လုံးဆင်းရဲမယ်လိုက်သွားဆိုပြီး အတင်းထည့်လိုက်တယ် အဲဒီလူကြီးစည်းရုံးတာလဲပါတာပေါ့"

"အခု ယာယာက အဲဒီလူကြီးနဲ့ဘယ်လိုပတ်သက်နေလဲ"

"သူ့ရဲ့ တရားဝင်မယား"

"ဟင် ... ဒီလူအတော်ယုတ်မာတာပဲ ကိုယ့်သမီးအရွယ်လောက်ကို"

"အဲဒီထက်ဆိုးတာက ယာယာ့ကို ဒီမြို့ကလွဲပြီး ဘယ်ကိုမှ သွားခွင့်မပြုဘူး"

"ဘာလို့လဲ"

"ယာယာထွက်ပြေးသွားမှာစိုးလို့တဲ့"

"ယာယာမကြိုးစားကြည့်ဘူးလား"

"ဟင်း"

မာယာထက် သက်ပြင်းကိုအသာအယာချပြီး သူ့ကိုငဲ့ကာကြည့်လိုက်၏။

"အဲဒီလူကြီးက ... ဒီမြို့မှာသိပ်ပေါက်ရောက်တယ်၊ ဘပည့်တွေလည်းအများကြီးပဲ ထွက်ပြေးလို့ရတယ်ဆိုရင်တောင် ယာယာ ဘယ်ကိုပြေးရမလဲ ..."

နှောင်ခရွာကိုတောင် မပြန်တတ်ဘူး အကောင်းဆုံးက ဒီလူကြီးကိုသတ်ပြီးထွက်သွားရင် သူယာယာ့နောက်ကိုလိုက်လာလို့မရဘူးမလား"

"အစ်ကိုကညနေ ကားကောင်းသွားရင် ခရီးဆက်သွားရမှာဆိုတော့ ယာယာ့ကိုမကူညီနိုင်သေးဘူး ... အစ်ကိုအပြန်ကျရင် ဝင်လာမယ် အဲဒီအခါမှ"

"တကယ်နော် ... အစ်ကို"



www.burmeseclassic.com

www.burmeseclassic.com



ကလေးငယ်တစ်ဦးလို အားရဝမ်းသာလှမ်းပြောရှာတဲ့ မာယာထက်ကို ထူးကျော် ပြုံးပြုံးလေးခေါင်းညိတ်ပြလိုက်သည်။

"ယာယာ့ကို ရန်ကုန်ခေါ်သွားပါ အစ်ကို ရန်ကုန်ကို ယာယာအရမ်းရောက်ဖူးချင်တာ၊ ယာယာငယ်ငယ်တုန်းက အဖေ မသေခင်ပြောဖူးတယ်၊ တစ်နေ့ တို့မိသားစုသုံးယောက် ရန်ကုန်က ရွှေတိဂုံဘုရားကိုသွားဖူးမယ်တဲ့၊ အဖေရုတ်တရက်ငှက်ဖျားရောဂါ နဲ့ဆုံးတော့ ယာယာတို့မိသားစု မျှော်လင့်ချက်လေးပါ သေဆုံး သွားခဲ့တယ်လေ"

ညှိုးငယ်စွာနှင့်ပြောသော မာယာထက်မျက်နှာလေးကို စိတ်မကောင်းစွာဖြင့် ထူးကျော်ကြည့်နေလေတော့သည်။





အခန်း (၅)

ထူးကျော်နှင့်မာယာထက်တို့ထိုင်နေသော ခုံတန်းလျားနား သို့ ရုတ်တရက်လူတစ်ယောက်ရောက်လာသည်။

"မာယာ ... ဘာလုပ်နေတာလဲ"

"ဟင် ..."

ဒေါသသံမာမာနှင့်ကိုမေးလိုက်ရာ မာယာထက် ကိုယ် လေးတုန်သွားသည်။ ထူးကျော်က ထိုလူကို ...

"ခင်ဗျား ဘယ်သူလဲ"

"ဟော့ကောင် မင်းဘာကောင်လဲ ငါကသူ့ယောက်ျားကွ"

"ဟင်"

ထူးကျော် ထိုလူကြီးကိုသေချာကြည့်လိုက်ရာ အသက် အရွယ်အားဖြင့်ငါးဆယ်ကျော်လောက်ရှိသော်လည်း ကျန်းမာရေး လိုက်စားသည့်ထင်သည်။ ခန္ဓာကိုယ်ကတောင့်တင်းခိုင်မာလှ၏။ မျက်နှာကလည်းတည်ကြည်ခန့်ညားပုံပေါက်သော်လည်း မျက်လုံး ကတော့စူးရဲတောက်ပနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မာယာ ဒီကောင်နဲ့နင်ဘယ်လိုပတ်သက်လဲ"

"မသိဘူး ... မသိဘူး"

"မသိလို့မရဘူးပြောစမ်း ... "

အတင်းကြိုးအော်သော မာယာထက်ကိုလက်ဆွဲကာ ထိုလူကြီးကမေးသည်။

"ကျွန်တော် သူ့မိတ်ဆွေပါ"

"ဘာသူ့မိတ်ဆွေလဲ သူ့မှာမိတ်ဆွေမရှိဘူး ဟိန်းအောင်ကိုလာညာလို့မရဘူး"

"ခွပ် ... ခွပ် ... "

"အား ... "

ပြောပြောဆိုဆိုနှင့် ထူးကျော်ကိုထိုးလိုက်ရာ ထူးကျော်မြေကြီးပေါ်ဖင်ထိုင်ကျသွား၍ မာယာထက်က ဦးဟိန်းအောင်ကို အတင်းဆွဲထား၏။

ထူးကျော် ဖင်ထိုင်လျက်အနေအထားမှ နှုတ်ခမ်းမှကျလာသည့် သွေးတို့ကိုသုတ်ပြီး ...

"ခင်ဗျားကြီး ကျုပ်အကြောင်းကောင်းကောင်းသိမယ်"

"ဟား ... ဟား ... သူများမယားကို ကြာခိုချင်တဲ့ကောင်ငါ့ကိုများလာကျိန်းနေသေးတယ် ... မင်းငါ့ရှေ့ကထွက်သွားစမ်းနင်လည်းလာ ... "

မာယာထက်လက်ကိုအတင်းဆွဲခေါ်ကာ ခပ်လှမ်းလှမ်းလမ်းမပေါ်တွင်ရပ်ထားသော သူ့ဟိုင်းလပ်ကားဆီသို့သွားလေသည်။

"တောက် ... "

ထူးကျော် သူ့နှုတ်ခမ်းမှသုတ်ထားသောလက်တွင်ပေနေသည့် သွေးတို့ကိုကြည့်ကာ တောက်ခေါက်လိုက်၏။

ထို့နောက် ...





မတ်တတ်ထရပ်လိုက်ပြီး လာခဲ့သည့်လမ်းမအတိုင်းပြန်လျှောက်လာခဲ့သည်။ ဒေါသစိတ်ခံပြင်းစိတ်တို့က မာယာထက်၏ယောက်ျားဦးဟိန်းအောင်ကို တစ်စဆီဆွဲဖွဲချင်၏။ မျက်နှာကလည်း အထိုးခံရသဖြင့် နာကျင်နေသည်။

ညနေစောင်းဖို့ကလည်းလိုသေးသဖြင့် စားသောက်ဆိုင်ဘစ်ဆိုင်ဆိုင်ဝင်ကာ အစာတစ်ခုခုစားရန်ဆုံးဖြတ်လိုက်သည်။ လမ်းမအတိုင်းဆက်လျှောက်လာပြီး လမ်းတစ်နေရာအရောက်တွင် သပ်သပ်ရပ်ရပ်စားသောက်ဆိုင်တစ်ဆိုင်ကိုတွေ့သဖြင့် ဆိုင်ထဲသို့ဝင်ကာ စားပွဲခုံအလွတ်တစ်လုံးတွင်ဝင်ထိုင်လိုက်စဉ် စားပွဲထိုးလေးတစ်ဦးရောက်လာပြီး ...

"ဘာသုံးဆောင်မလဲ ဆရာ"

"ကြက်ထမင်းကြော်တစ်ပွဲပေးကွာ ... "

"ခဏတော့စောင့်ပေးပါ ပူပူလေးကြော်ပေးပါ့မယ်"

"အဆင်ပြေသလိုလုပ်ကွာ ... "

ဒီစားသောက်ဆိုင်ကမဆိုးလှ။ စားပွဲထိုးရဲ့ဖော်ရွေဆက်ဆံမှုက သဘောကျစရာဖြစ်သလို ဆိုင်ထဲမှာစားသောက်နေသူတွေကလည်း ပျော်ပျော်ရွှင်ရွှင်ရယ်ကာမောကာ စားသောက်နေပုံမှာ ဒီတစ်မြို့လုံးမှာ ဒီဆိုင်တစ်ဆိုင်ပဲရှိမည်ဟု သူထင်သည်။

သူ့စားပွဲရဲ့ဘေးစားပွဲမှာရှိသော အတွဲတစ်တွဲရဲ့စကားသံတချို့ကိုသူကြားနေရသည်။

ကောင်လေးက ...

"နင်ခဏနေခဲ့ဦး၊ ငါမျိုးကြီးဆီ ခဏသွားလိုက်ဦးမယ်"

"ဘာသွားလုပ်မှာလဲ အောင်ကို၊ ငါတစ်ယောက်တည်း ဆိုင်မှာကျန်ခဲ့မှာ"

"ခဏလေးပါဟာ ... မျိုးကြီးကအရေးကြီးတဲ့ပစ္စည်းတစ်ခုပြမလို့တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မြန်မြန်ပြန်လာနော်"

ကောင်လေးထွက်သွားတော့ ကောင်မလေးတစ်ယောက်တည်း သူစားပွဲမှာ အစားစားရင်းကျန်ခဲ့သည်။

"ဆရာ ... ရပြီ အကောင်းဆုံးကြော်ထားတယ် အအေးမှာဦးမလား"

"Max တစ်လုံးပေးကွာ"

စားပွဲထိုးလေးက ထမင်းကြော်လာချပေးပြီး သူမှာသော အအေးကိုရေခဲသေတ္တာထဲမှသွားယူကာ လာချပေးသည်။

"အစ်ကိုကြီး တစ်ယောက်တည်းလား"

အသံလာရာသို့လှည့်ကြည့်လိုက်ရာ သူ့အေးစားပွဲက ကောင်လေးထားသွားတဲ့ကောင်မလေးဖြစ်နေပြီး သူ့အေးဝင်ထိုင်ကာမေးသဖြင့် ခေါင်းပဲညိတ်ပြလိုက်သည်။ ကောင်မလေးက

"အစ်ကိုကြီးက ဒီမြို့ကမဟုတ်ဘူးထင်တယ် ... လူကတော်တော်ဖြောင့်တာပဲ ရုပ်ရှင်မင်းသားလားဟင်"

"မဟုတ်ပါဘူး"

"ရတနာက ဒီမြို့ကလေ ဆယ်တန်းနှစ်နှစ်ကျပြီး ကျောင်းဆက်မတက်တော့ဘူး ... ရယ်တော့ရယ်ရတယ် ခစ် ... ခစ် အိမ်ကနေ သူငယ်ချင်းဆီသွားမယ်ဆိုပြီး ရည်းစားနဲ့လျှောက်သွားနေတာ"

သူ့ဘာသာပြော သူ့ဘာသာရယ်နှင့်လုပ်နေရာ ထူးကျော်ဘာမှပြန်မပြောဘဲ ထမင်းကြော်ကိုသာဆက်စားနေသည်။ ကောင်မလေးအရွယ်က ဆယ့်ခြောက်ဆယ့်ခွန်အရွယ်မို့ ဆက်ကော့လက်ကော့နိုင်လှသည်။

သူ့ကို ပခုံးချင်းတိုက်လိုက် သူ့အအေးပုလင်းကိုတစ်ငုံယူသောက်လိုက်နှင့်ငယ်ပေါင်းတွေပမာ အလွန်ရောနှောဆက်ဆံနေ၏။





"အစ်ကိုကြီး ရတနာ့ကိုမခင်ဘူးလားဟင် ရတနာကတော့ခင်တယ် အစ်ကိုကြီးကအောင်ကို့လိုမဟုတ်ဘူး ... တည်တည်ကြည်ကြည်နဲ့ ရတနာလိုချင်တာ အဲဒီလိုယောကျ်ားမျိုး"

"..."

ထူးကျော်စိတ်ညစ်လာ၏။ ဒီမြို့ကလူတွေ ဘာတွေလဲ စကားမပြောတော့မပြောလို့ ပြောတော့လည်းဘာတွေပြောမှန်းမသိ ကောင်မလေးကိုလည်းမကြည့်ဘဲ စားလို့ကုန်သွားသည့်ထမင်းကြော်ပန်းကန်ကိုသာ စူးစိုက်ကြည့်နေလိုက်သည်။

ထိုအချိန်တွင် ...

သူ့လက်မောင်းကိုအတင်းဆွဲလှည့်တာကို ခံလိုက်ရ၍ မျက်နှာချင်းဆိုင်အနေအထားမှကြည့်လိုက်ရာ သူ့ကိုစကားပြောသည့်ကောင်မလေး၏ ကောင်လေးဖြစ်နေသည်။

"ဒါဘာသဘောလဲ ... ခင်ဗျား ရတနာ့ကိုမြှူဆွယ်နေတာလား ရတနာက ဘာလို့ခင်ဗျားအေးရောက်နေတာလဲ"

"အောင်ကို မလုပ်နဲ့ ငါသူနဲ့စကားပြောချင်လို့လာပြောနေတာ"

"နင်ဘာမှလာမပြောနဲ့ အောင်ကို ဘာကောင်လဲ နင်သိတယ်မလား နင်နဲ့ပတ်သက်လာရင် ဘယ်သူ့မှသည်းမခံဘူး"

အခြေအနေက လုံးဝရှုပ်ထွေးသွားသည်။ ဆိုင်ထဲကလူတွေရဲ့အကဲခတ်သည့်မျက်လုံးတွေက သူတို့ဆီစုပြုံကြည့်နေသည်။ သူ့ကိုမျက်နှာချင်းဆိုင်ရန်မူဖို့ကြိုးစားနေသော ကောင်လေးအား ...

"ငါက ညီသည်ပါ မင်းကောင်မလေးနဲ့ငါဘယ်လိုမှမပတ်သက်ဘူး သူ့ဘာသာငါ့ကိုစကားလာပြောတာ"

"တော်ဗျာ ... တော် ကျုပ်လိုဖိုက်တာတစ်ယောက်ရဲ့ချစ်သူကိုခင်ဗျားမို့အရောတဝင်နေရဲတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မင်းဖိုက်တာမှန်းငါမသိဘူး ငါ့ညီ ငါအေးအေးဆေးဆေး နေချင်တယ်ကွာ"

ထူးကျော်လေသံအေးအေးဖြင့် တောင်းပန်နေသော်လည်း အောင်ကိုဆိုသည့်ကောင်လေးက သူ့ကိုထိုးမယ်ကြိတ်မယ်လုပ်နေရာ ဆိုင်ထဲကလူတွေကိုအားကိုးတကြီးဖြင့်ကြည့်သော်လည်း အားလုံးကအောင်ကိုနှင့်ထိပ်တိုက်မတွေ့ချင်၍လားမသိ ဖြန်ဖြေပေးခြင်းမရှိပေ။

"ခင်ဗျားက ညှော်သည်ဆိုတော့ ဒီမြို့က အောင်ကိုအကြောင်းသိသွားရအောင် ပညာနည်းနည်းပေးလိုက်မယ် လာ ဆိုင်ပြင်ထွက်လိုက်"

"အောင်ကို ... နင်ဘာဖြစ်နေတာလဲ"

ကောင်မလေးက သူတို့နှစ်ယောက်ကြားဝင်ပြီး အောင်ကိုကိုဟောက်လိုက်သည်။

ထိုစဉ် ...

ဆိုင်ထဲသို့လူတစ်ယောက်ဝင်လာကာ ကျယ်လောင်သောအသံဖြင့် လှမ်းမေးလိုက်သည်။

"ဘာဖြစ်နေတာလဲ ဟေ့"

"ဟင် ... အန်ကယ်ဟိန်း ဘာမှမဖြစ်ပါဘူး အန်ကယ်ထမင်းလာစားတာလား ကျွန်တော်တို့ကစားပြီးပြီ ... လာ ရတနာ သွားမယ်"

အောင်ကိုက လှမ်းပြောလိုက်ပြီး ရတနာကိုဆွဲကာ ဆိုင်ထဲမှထွက်သွားလေသည်။ ထိုလူက ထူးကျော်ကိုတွေ့သောအခါ

"ဘယ်သူများလဲလို့ မင်းကို"

"ဟုတ်ပါတယ်"

ထူးကျော်ဖြေလိုက်ပြီး သူ့စားပွဲမှာပြန်ထိုင်ကာနေလိုက်သည်။ သူ့ကိုရန်မူသည့်အောင်ကိုက ဦးဟိန်းအောင်ကိုတွေ့တော့





ကြောက်လန့်ကာဆိုင်ထဲမှထွက်သွားပုံအရ ဦးဟိန်းအောင်ရဲ့ဩဇာ ဒီမြို့မှာအတော်ကြီးမှာပဲလို့တွေးနေသည်။

ဦးဟိန်းအောင်က ထိုင်ခုံတစ်လုံးကိုဆွဲယူလာပြီး သူ့စားပွဲရှေ့တွင်ထိုင်လိုက်သည်။ ထို့နောက် ...

"မင်းရုပ်ရည်က မိန်းမတွေသဘောကျ အားကိုးချင်တဲ့ပုံပေါက်နေတယ်"

"ဗျာ"

"ခုန အောင်ကိုနဲ့ပြဿနာဖြစ်တယ်မလား"

"သူကဖြစ်တာ ကျွန်တော်က ဖြစ်တာမဟုတ်ဘူး"

"ငါသာမလာရင် မင်းကွဲပြီ ... ဒီကောင်က မလောက်လေးမလောက်စားနဲ့လူမိုက်လုပ်နေတာ ငါလာတာ မင်းကံကောင်းတယ်မှတ်"

ထူးကျော် ဦးဟိန်းအောင်ပြောတာလက်ခံသော်လည်း သူကိုယ်တိုင်ထိုးကြိတ်ခဲ့တဲ့သူ့ကို ဘာလို့ကာကွယ်ပေးတာလဲ စဉ်းစားလို့မရအောင်ဖြစ်မိသည်။

"မင်း ... ဒီမြို့က ဘယ်တော့ထွက်မှာလဲ"

"ဝပ်ရှော့မှာကားပြင်ထားတာ ကောင်းသွားရင်သွားမယ်"

"ဟုတ်ပြီလေ ... မင်းကိုငါအကူအညီတောင်းမလို့"

"ဗျာ ... "

"လာကွာ ... ငါ့မှာကားပါတယ် တစ်နေရာမှာအေးအေးဆေးဆေးစကားပြောရအောင် ပြီးရင်ဝပ်ရှော့ကိုလိုက်ပို့မယ်"

ဦးဟိန်းအောင်ပြောဆိုပုံမှာ ခုနသူထိုးခဲ့တဲ့သူမဟုတ်သလိုဖြစ်ကာ လွန်စွာရင်းနှီးတဲ့မိတ်ဆွေပုံဖြစ်နေသဖြင့် ထူးကျော်က

"ဒီမြို့က လူတွေကဘာလဲဗျ ခုနကပဲရန်ဖြစ်ပြီးထိုးတယ် ခုတော့အေးအေးဆေးဆေးတိုင်ပင်မယ်တဲ့ စိတ်မှမှန်ကြရဲ့လားဗျာ"

"ကိုယ့်ကိုယ်ကိုယ် အထင်ကြီးမနေနဲ့ ငါဆိုတဲ့ကောင်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



အရေးတယူဆက်ဆံတာကိုခံရတာ မင်းကံထူးလို့ပဲ ငါလည်းမင်းကို လိုအပ်လို့ဆက်ဆံတာ''

''ခင်ဗျား အရေးပေးတာကို ကံကောင်းတယ်လို့ထင်တာ ဒီမြို့ကလူတွေပဲဖြစ်မှာ''

''ဒါတွေထား မင်းငါပြောမယ့်စကားတွေကို စိတ်ဝင်စားမှာပါ''

''ကောင်းပြီလေ ... ''

ထူးကျော်လက်ခံလိုက်ပြီး နှစ်ဦးသားဆိုင်ထဲမှအပြင်သို့ ထွက်လာကာ ဦးဟိန်းအောင်၏ကားဖြင့်လိုက်လာခဲ့တော့သည်။



## သချိုင်းထဲက တောက်ခေါက်သံ

### အခန်း (၆)

တောင်ကုန်းအမြင့်မှာဆောက်ထားသော အဆောက်အဦကြီး ခမ်းနားထည်ဝါမှုက ဆယ့်ရှစ်ရာစုခေတ်လက်ရာရဲတိုက်ကြီးများနှင့်ဆင်တူနေသည်။

''ဒါ ငါ့အိမ်ပဲ''

''ခင်ဗျားအိမ်က အတော်ခမ်းနားတာပဲ''

''ခမ်းနားတာပေါ့ ငါကဒီမြို့မှာအချမ်းသာဆုံးသူဌေးလေ''

အိမ်ကြီးတစ်အိမ်ရှေ့ခြံဝနားတွင် ကားကိုရပ်ကာ ထူးကျော်ကို ဦးဟိန်းအောင်ကပြပြီးနောက် ကားကိုဆက်မောင်းလာသည်။

''ဒီအိမ်မှာငါရယ်ငါ့မိန်းမရယ်နှစ်ယောက်တည်းနေတာကွ''

''ခင်ဗျားတို့အိမ်က သရဲအရမ်းခြောက်တယ်ဆို''

''ဟင် ... မင်းကိုဘယ်သူပြောလဲ''

ကားမောင်းနေရင်းမှ သူ့ဘက်လှည့်ကာ တအံ့တဩမေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မိတ်ဆွေတစ်ယောက်ပါ"

"ဟုတ်ပြီလေ မင်းကိုပြောတာ ငါ့မိန်းမ မဟုတ်တာတော့ သေချာတယ်"

"ခင်ဗျား ဘယ်လိုသိလဲ"

"သိတာပေါ့ကွ ... သူကိုယ်တိုင်သရဲဖြစ်နေလို့ပဲ"

"ဗျာ ... "

သူရဲ့အမူအရာကိုကြည့်ပြီး ဦးဟိန်းအောင်က ခပ်ပြုံးပြုံးနှင့် ...

"အဲဒီသရဲကို မင်းသတ်နိုင်မလား"

"ဟင်"

"မင်းက အူကြောင်ကြောင်ကောင်ပဲ မင်းငါ့မိန်းမနဲ့တွေ့တုန်း သူက ငါ့ကိုသတ်ပါလို့ပြောတယ်မလား"

"အင်း"

"အခု ငါက မင်းသူ့ကိုသတ်ပါလို့ အကူအညီတောင်းနေတာ ဒီအတွက် မင်းငွေဘယ်လောက်လိုချင်လဲ"

"ခင်ဗျားတို့ဟာတွေက ဘာတွေလဲဗျာ ကျွန်တော့်ကိုကြေးစားလူမိုက်လို့ထင်နေလား ဘယ်သူ့ကိုမှနာကျင်အောင်မလုပ်ဖူးဘူး ... သူငယ်ချင်းတွေကတောင် လူကြောက်လို့နာမည်ပေးထားတာ ..."

ဒီမြို့ရောက်မှ ဟိုလူကသတ်ပေးပါ ဒီလူကသတ်ပေးပါနဲ့ ပြီးတော့ လူမိုက်ကလည်း စိန်ခေါ်တယ် ကျွန်တော်ဘာတွေဖြစ်နေတာလဲ"

စိတ်ရှုပ်စွာဖြင့် ရင်ထဲမှာရှိတဲ့အတိုင်း ထူးကျော်ပြောလိုက်ရာ ဦးဟိန်းအောင်က ကားဘရိတ်ကိုရှုတ်တရတ်အုပ်လိုက်ပြီး

"ကွီ ... "

"မင်းကိုသိပ်အထင်ကြီးလို့ တောင်းဆိုနေတာမဟုတ်ဘူး





ခင်းကညှိသည့် အချိန်တန်ရင်အိမ်ပြန်မှာပဲ မင်းသတ်လိုက်လို့သေခဲ့ရင် မင်းဟာဒီမြို့မှာမရှိတဲ့အတွက် တရားခံကိုရုတ်တရက်ရှာနိုင်ဘူးမလား"

"တရားဥပဒေနဲ့မလွတ်တဲ့နေရာ ဘယ်နေရာမှမရှိဘူး"

"မလွတ်လို့အဖမ်းခံရရင် မင်းပဲဖမ်းခံရမှာလေ"

"တော်ဗျာ ... ခင်ဗျားတို့က ညှိသည်ကိုမကူညီတဲ့အပြင် ဒုက္ခရောက်အောင်လုပ်နေတာပဲ"

"ဟူး ... ဟူး"

ဦးဟိန်းအောင်က ထူးကျော်ကိုဘာမှဆက်မပြောတော့ဘဲ ကားလီဗာကိုနင်းကာ မြို့ပြင်သို့ထွက်လာခဲ့သည်။

"မင်းစဉ်းစားပါ မင်းငါ့ကိုကူညီမယ်ဆိုရင် အချိန်မရွေး ငါနဲ့ငွေကြေးကိစ္စလာညှိ ငါ့ဘက်ကအဆင်သင့်ပဲ"

"ဘယ်တော့မှ မလုပ်ဘူး"

ထူးကျော်အော်လိုက်ရာ ဦးဟိန်းအောင်ကအပြုံးမပျက်ဘဲ သူ့ကို ...

"မင်းကငါထင်တာထက် ပိုညံ့တဲ့ငတုံးပဲ"

"ထင်ချင်သလိုထင်ဗျာ"

"ဟား ... ဟား ... ဟား"

ကားလေးက မြို့ပြင်အတော်လှမ်းလှမ်းရောက်လာပြီးနောက် သချိုင်းဝပ်ရှော့အနီးသို့ရောက်သောအခါ ဦးဟိန်းအောင်က ကားကိုရပ်ပေးလိုက်ပြီး ...

"ဆင်းတော့ ... အဆင်သင့်တယ် ထင်တဲ့အချိန်ငါ့ဆီလာခဲ့ ငါ့ဘက်က မင်းကိုကြိုနေမယ်"

ပြောကာ ကားကိုမြို့ဘက်သို့ပြန်လှည့်ပြီးမောင်းထွက်သွားလေသည်။ ထူးကျော်လည်း ဝပ်ရှော့သို့လာကာ မိမိကားအခြေအနေကိုကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဝပ်ရှော့ဆရာဦးကျော်ကြီးက ...

"မင်းကားကောင်းသွားပြီ ကာပရိုက်တာလည်း ဆေးထားတယ် လိုအပ်တဲ့နပ်တွေလည်းကျပ်ပေးထားတယ်"

"ကျေးဇူးပဲဗျာ ... "

"ကျေးဇူးက ဘာမှလုပ်လို့မရဘူး ပြင်ခပေး"

"ပေးမှာပေါ့ဗျာ ... လောလုချည်လား"

"မင်း Super Roofကားပြင်ရတာ လွယ်တယ်ထင်လို့လား"

"ဟုတ်ပါတယ် ... ဟင်"

သူ့ခါးကြားတွင်ထိုးထားသော ပိုက်ဆံအိတ်ကိုစမ်းလိုက်ရာ မတွေ့သဖြင့် တစ်ကိုယ်လုံးကို ဟိုစမ်းဒီစမ်းလုပ်ကာ ...

"ဟာ ... ပိုက်ဆံအိတ် ဘယ်မှာကျန်ခဲ့ပြီလဲ"

ထူးကျော်အသည်းအသန် စဉ်းစားလိုက်သော်လည်း အဖြေကမရ။ စားသောက်ဆိုင်မှာ ဦးဟိန်းအောင်နှင့်စကားပြောပြီး ထအထွက်မှာကျန်ခဲ့တာလား။

ဒါမှမဟုတ် ... သူ့ကို ဦးဟိန်းအောင်ထိုးလို့ မြေကြီးပေါ်ဖင်ထိုင်အကျမှာ ခါးကြားကထွက်သွားတာလား။

ဘယ်လိုပဲဖြစ်ဖြစ် ပြန်ရှာရင်လည်းရမှာမဟုတ်။

ထို့ကြောင့် ... အိတ်ကပ်ထဲက ပိုက်ဆံကိုထုတ်ကာ ရေလိုက်၏။ ပိုက်ဆံကတစ်သောင်းခွဲပဲရှိတာမို့ ...

"ရော့ဗျာ တစ်သောင်းခွဲ ကျွန်တော်ပိုက်ဆံအိတ်ဘယ်မှာကျန်သွားလဲ မသိဘူးဗျ"

"ဘယ်ရမလဲ မင်းကိုငါအစောကတည်းက ပြင်ခနှစ်သောင်းကျမယ်လို့ပြောထားတယ်လေ"

"ဟုတ်ပါတယ် ကျွန်တော့်ပိုက်ဆံအိတ်တကယ်ပျောက်သွားလို့ပါ"

"ကျော်ကြီး ... ကားပြင်စားလာတာ အစီးပေါင်းမနည်း





တော့ဘူး ... လူသေတွေကိုလည်း မြှုပ်ပေးခဲ့တာမနည်းတော့ဘူး ဒီတောင်းတဲ့ငွေမပေးတဲ့လူလည်းမရှိဘူးကွ"

"ကျွန်တော် တောင်းပန်ပါတယ်ဗျာ ဒီတစ်သောင်းခွဲယူပါ အပြန်ကျရင် ငွေငါးထောင်ဝင်ပေးပါ့မယ်"

ထူးကျော် တောင်းတောင်းပန်ပန်နှင့်ပြောသော်လည်း ဦးကျော်ကြီးကမရ။

"နှစ်သောင်းမပေးရင် မင်းကားလာမယူနဲ့ ပြည့်အောင်သွားရှာ ရက်ကြာရင်မင်းကားထိန်းသိမ်းခတစ်ရက်ကိုနှစ်ထောင်ပေးရမယ်"

"မလုပ်ပါနဲ့ဗျာ"

"စကားရှည်မနေနဲ့ နှစ်သောင်းပြည့်အောင်သွားရှာ"

ထူးကျော် ဘယ်လိုမှတောင်းပန်၍မရ။ စိတ်ပျက်ပျက်နှင့် သူ့ကားဘေးသို့လျှောက်လာရာ ဦးကျော်ကြီးက သူ့ကားအတွင်းဘသော့ကိုဖြုတ်ပြီး စက်ဆီများပေနေသော ဘောင်းဘီအိတ်ထဲသို့ ထည့်ကာ တဲကြီးထဲသို့ဝင်သွားသည်။ ထူးကျော်စိတ်တိုစွာဖြင့်–

"လူယုတ်မာကြီး အကျင့်တော်တော်ယုတ်တယ် ... ဒါကြောင့် ခင်ဗျား သုဘရာဇာဖြစ်နေတာ"

အော်လေရာ ဦးကျော်ကြီးက သူ့လက်ကိုဒီဇယ်နှင့်ဆေးနေရာကနေ သူ့ကိုလှမ်းပြောလိုက်သည်။

"သုဘရာဇာဖြစ်တာကို အပြစ်ပြောတာမင်းတစ်ယောက်ပဲရှိတယ် ငါဒီအလုပ်ရဖို့ ဘယ်လောက်ကြိုးစားခဲ့ရလဲ မင်းသိလား"

"တောက်"

ထူးကျော် ပြင်းထန်စွာတောက်ခေါက်ပြီး သချိုင်း ... ဝပ်ရှော့မှ ထွက်လာခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အလောင်းများနှင့်အိပ်တဲ့လူ

### အခန်း (၇)

ထူးကျော် မြို့ထဲသွားသည့်လမ်းမတစ်လျှောက် လျှောက်လာရင်း ငွေငါးထောင်ရဖို့ ဘယ်လိုလုပ်ရမလဲ အပြင်းအထန်စဉ်းစားနေသည်။

ပိုက်ဆံအိတ်ကျန်ခဲ့သည့်ထင်သည့် စားသောက်ဆိုင်ကိုသွားမေးရင်ကောင်းမလား ဒါမှမဟုတ် မာယာထက်နှင့်စကားထိုင်ပြောသည့်နေရာကိုပဲသွားရှာရင် ကောင်းမလားဟုတွေးနေမိသည်။

ညမှောင်ရီပျိုးစအချိန်မို့ အလင်းရောင်က ကောင်းစွာမရတော့ သူသူငယ်ချင်းရှိသည့် မူဆယ်သို့လှမ်းဖုန်းဆက်အကူအညီတောင်းရင်ရမလားလို့လည်း စဉ်းစားမိသည်။

ဒီမြို့ဟာ သူ့အတွက် ... စိတ်ညစ်စရာတွေနှင့်ပြည့်နေရာမြန်မြန်ထွက်ချင်ပြီဖြစ်သော်လည်း အကုသိုလ်ကတစ်ခုပြီးတစ်ခုဆက်တိုက်ဆိုသလိုဝင်နေသည်။

ဦးဟိန်းအောင်ကို အကူအညီတောင်းကြည့်လျှင် ငွေငါး





ထောင်နှင့်လူသတ်နိုင်းနေဦးမည်။

ဒီမြို့မှာ သူနှင့်ရင်းနှီးသည့်သူတစ်ယောက်မှမရှိ။ ငွေငါးထောင်ကို ဘယ်ကသွားရှာမလဲ ...

စဉ်းစားရင်း စဉ်းစားရင်းလျှောက်လာရာ မြို့တွင်းသို့ပြန်ရောက်လာသည်။

မိုးလုံးဝချုပ်သွားပြီဖြစ်သဖြင့် လမ်းမီးတိုင်တို့၏အလင်းကမြို့လယ်လမ်းမပေါ်သို့ကျနေ၏။

လူငယ်တချို့ အုပ်စုလိုက်သွားလာနေတာကလွဲရင် ... နေ့လယ်က ဖွင့်ခဲ့သောဆိုင်အတော်များများပိတ်နေကာ လူရှင်းသလောက်ကိုဖြစ်နေသည်။

လောလောဆယ် သူအနားယူချင်ပြီ။ တည်းခိုရန်အတွက်နေရာတစ်ခုကိုရှာမှဖြစ်မှာမို့ တည်းခိုခန်းရှိသည့်နေရာကိုမေးရန်လမ်းသွားလမ်းလာအချို့ကိုရှာလိုက်၏။

သူတွေ့ချင်သည်ဆိုမှ လူကိုရှာမတွေ့ပေ။

လမ်းမအတိုင်းဆက်လျှောက်လာရာ လမ်းဆုံတစ်ခုအနီးလမ်းဘေးပလက်ဖောင်းတွင် ခွေးချီတစ်လုံးကိုချကာထိုင်နေသောအဖိုးအိုတစ်ဦးကိုတွေ့လိုက်သည်။

သူဝမ်းသာသွားပြီး အဖိုးအိုအနီးသို့အလျင်အမြန်သွားကာအနားရောက်တော့ ...

"အဖိုး မိုးချုပ်နေပြီ ဘာထိုင်လုပ်နေတာလဲ"

"ဟင် ... မင်းဘယ်သူလဲ"

"ကျွန်တော် ဧည့်သည်ပါ အဖိုးစိတ်အေးလက်အေးထိုင်နေတာကိုမြင်လို့မေးကြည့်တာ"

အဖိုးအိုကပြုံးလိုက်ပြီး သူ့ဘေးကတောင်ဝှေးကိုလက်နှင့်စမ်းလိုက်သည်။ ထူးကျော်အဖိုးအိုရဲ့တောင်ဝှေးစမ်းဟန်ကြောင့်မျက်မမြင်တစ်ယောက်ဖြစ်မှန်းသိသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဖိုး မျက်စိမမြင်ဘူးလား"

"မမြင်လို့ မိုးချုပ်တာကိုမသိတာ မင်းပြောလို့မိုးချုပ်မှန်းသိတော့ အိမ်ပြန်တော့မယ်"

"အဖိုးအိမ်ဘယ်နားမှာလဲ ကျွန်တော်လိုက်ပို့မယ်"

"ရတယ် ... ၁၃နှစ်များအားကိုးတာ ဝါသနာမပါဘူး ငါ့ဘာသာပြန်မယ်"

ထူးကျော် တည်းခိုခန်းရှိသည့်နေရာ အဖိုးအိုကိုမေးဖို့ကိစ္စ ဘယ်လိုမှမဖြစ်နိုင်တော့ မျက်မမြင်အဖိုးအိုက သူကိုယ်တိုင်မိုးချုပ်တာတောင်မသိဖြစ်နေသဖြင့် သူ့ကိုလမ်းညွှန်ဖို့က ဘယ်လိုမှမဖြစ်နိုင်ပေ။ တောင်ဝှေးကိုကိုင်ကာ ထရပ်ပြီးခွေးခြေခုံကိုလက်တစ်ဖက်ကကိုင်ပြီးနောက် ထူးကျော်ကို ...

"မင်း ငါ့ကိုမေးစရာရှိတယ်ဆို"

"ဟုတ်ကဲ့ တည်းခိုခန်း ဘယ်နားမှာရှိလဲဆိုတာ အဖိုးကိုမေးချင်တာပါ"

"ငါ့မျက်လုံးကောင်းတုန်းကလည်း ဒီမြို့မှာတည်းခိုခန်းတစ်ခန်းမှကိုမမြင်မိဘူး ... မျက်မမြင်သူတောင်းစားဖြစ်တော့လည်း တည်းခိုခန်းရှိတယ်လို့မကြားမိဘူး"

အဖိုးအိုစကားကြောင့် ထူးကျော်စိတ်ဓာတ်အကြီးအကျယ်ကျသွားသည်။ ဒီအတိုင်းဆို သူလမ်းမပေါ်မှာ အိပ်ရဖို့များနေပြီ အဖိုးအိုကဆက်ပြီး ...

"မင်းတည်းခိုချင်တယ်ဆိုရင် ... ညာဘက်လမ်းအတိုင်းဆက်သွား လမ်းအဆုံးမှာ သောကစံအိမ်ဆိုတဲ့ရဲတိုက်ကြီးလို စံအိမ်တစ်ခုရှိတယ် ... အဲဒီအိမ်မှာ ဦးဟိန်းအောင်ဆိုတဲ့လူကို အကျိုးအကြောင်းပြောပြပြီး တည်းခွင့်တောင်းလိုက်"

"နေပါစေ အဖိုးရယ် လမ်းဘေးက ပလက်ဖောင်းမှာဖြစ်သလို အိပ်လိုက်တော့မယ်"





"ဟား ... ဟား ... မင်းကတို့မြို့ကို အထင်သေးတာပဲ မင်းနေချင်သလိုအိပ်ချင်သလို နေလို့အိပ်လို့မရဘူး ပလက်ဖောင်းမှာအိပ်လို့ညဉ့်နက်လာရင် ခွေးစာဖြစ်သွားမယ်"

"ဗျာ"

"တို့မြို့ကခွေးတွေက သိပ်ဆိုးတယ် လူတောင်မချန်ဘူး အုပ်စုဖွဲ့ပြီးကိုက်သတ်တာ"

"အဖိုးအိမ်မှာလိုက်တည်းလို့မရဘူးလား"

"မရဘူး ငါ့အိမ်မှာ နေရာလွတ်တွေမရှိဘူး"

အဖိုးအိုရဲ့ထူးဆန်းတဲ့စကားကြောင့် ထူးကျော်အံ့ဩစွာဖြင့် ...

"မိသားစုများလို့လား ကျွန်တော်အဆင်ပြေသလိုအိပ်ပါ့မယ်"

"မင်းကခက်တာပဲ ငါ့အိမ်မှာမသာထည့်ထားတဲ့ အခေါင်းတွေချည်းပဲ မင်းလိုက်အိပ်ရင် မင်းပါမသာဖြစ်သွားမယ် ငါနေတာရေခဲတိုက်မှာ"

"ဟင် ... သရဲမကြောက်ဘူးလား"

"ငါလိုမျက်မမြင်ကို ဘယ်သရဲကခြောက်မှာလဲ ခြောက်တဲ့သရဲရှုံးလို့ပဲ"

ထူးကျော် အဖိုးအိုနောက်လိုက်ဖို့ဆက်မပြောတော့ မသာများနှင့်အတူတူမအိပ်ရဲ အချိန်ရှိတုန်း တည်းခိုဖို့နေရာရှာရန်သာဆုံးဖြတ်လိုက်သည်။

ထို့ကြောင့် ...

အိတ်ထဲက နှစ်ရာတန်တစ်ရွက်ထုတ်ကာ အဖိုးအိုလက်ထဲထည့်ပေးလိုက်ရာ အဖိုးအိုက သူ့ရှမ်းအကျီအိတ်ထဲထိုးထည့်လိုက်ပြီး ...

"ငါက နေ့ဆိုသူတောင်းစား ညဘက်ဆိုရေခဲတိုက်



www.burmeseclassic.com

www.burmeseclassic.com



အစောင့်လုပ်တယ် ... လူတွေကခက်တယ် ငါ့လိုမျက်မမြင်ကို မသာစောင့်အလုပ်ခန့်ထားတာ ဘာသဘောမှန်းမသိဘူး သေနေတဲ့လူတွေကို ဘယ်သူမှလာမခိုးပါဘူးကွာ''

အဖိုးအိုက ညည်းညည်းညူညူပြောပြီး ထွက်သွားသည်။ ထူးကျော် ဘာဆက်လုပ်ရမှန်းမသိ လမ်းမပေါ်ခြေထောက်ချ ကာ ပုလက်ဖောင်းမှာ ခြေပစ်လက်ပစ်ထိုင်ချလိုက်သည်။

စိတ်ထဲကလည်း ...

''အမေရေ ... အမေ့သားမှားပါပြီ ... အမေ့ဆီက ထွက်လာတာကိုက သားမှားတာ ဒီမြို့မှာ ဒုက္ခရောက်နေပြီအမေရဲ့''

အကြိမ်ကြိမ်အော်ဟစ်နေတဲ့စကားလုံးတွေက ရင်ထဲမှာပဲ ပဲ့တင်ထပ်နေသည်။ အပြင်သို့ထွက်မလာခဲ့ ...

အဖိုးအိုပြောသလို ညဥ့်နက်လာရင် ခွေးတွေကိုက်တာကို တကယ်ခံရမှာလား။ သူထိုင်စဉ်းစားနေစဉ် သူ့ရှေ့သို့ကားတစ်စီး ထိုးရပ်လာတာကိုတွေ့ရသဖြင့် မော့ကြည့်လိုက်ရာ ...

''ဟင် ... ဦးဟိန်းအောင်''

''မင်း ... ဒုက္ခရောက်နေပြီမလား ငါပြောသလိုလုပ်ပေးရင် ဘာဒုက္ခမှမရောက်ဘူး''

''တော်ဗျာ ... ကျွန်တော် ဒီမှာစိတ်ညစ်နေတယ်''

''ကဲ ... ကားပေါ်တက် ကြာရင် မင်းဒုက္ခရောက်တော့မယ် ဒီမြို့မှာညွှသည်ကို လက်ခံတာငါတစ်ယောက်ပဲရှိတယ် တည်းခိုခန်းလည်းရှာမနေနဲ့ မရှိဘူး''

ထူးကျော် မထူးတော့ဘူးဟုစဉ်းစားပြီး ထိုင်ရာမှထကာ ဦးဟိန်းအောင်ကားပေါ်တက်ကာ လိုက်ခဲ့တော့သည်။



## လူတစ်ယောက်နှင့် နှစ်ဘဝ

### အခန်း (၈)

ဦးဟိန်းအောင်အိမ်ရောက်တော့ အိမ်အတွင်းက ထူးကျော် ထင်ထားတာထက်ပင် ပို၍ခမ်းနားနေသည်ကိုတွေ့ရသည်။ ဦးဟိန်းအောင်က ညှေ့ခန်းဆိုဖာထိုင်ခုံကွင်ထိုင်ခိုင်းပြီး ...

''မင်းကို ငါ့မိန်းမနဲ့ မိတ်ဆက်ပေးမယ်''

ပြောကာ ညှေ့ခန်းအနောက်ဘက်၌ရှိသော လျှောက်လမ်း အတိုင်းဝင်သွားသည်။ သူတွေ့ခဲ့သည့်လူတွေက သောကစံအိမ်က သရဲအရမ်းခြောက်သည်ဟုပြောနေကြသော်လည်း သူကြားဖူးသည့် သရဲဇာတ်လမ်းထဲကအိမ်တွေလို မှိုင်းမှိုင်းညို့ညို့ပုံစံမဟုတ်ဘဲ အဆင့်မြင့်ဟိုတယ်တစ်ခု၏ပြင်ဆင်ထားပုံအတိုင်း ခန့်ညားထည် ဝါလွန်းလှသည်။

ဆိုဖာထိုင်ခုံအနီရောင်များအောက်မှာ ခင်းထားသော ကော်ဇောအဝါနုရောင်၊ လိုက်ကာအနီရောင် မီးဆိုင်းကြီးများ၏ အလှန်သားနားလှသည်။

ခဏကြာတော့ ...



www.burmeseclassic.com

www.burmeseclassic.com



ဦးဟိန်းအောင် သူ့မိန်းမမာယာထက်ကိုခေါ်ပြီး ဧည့်ခန်းသို့ ဝင်လာသည်။ မာယာထက်ပုံစံမှာ နေ့လယ်ကတွေ့ခဲ့သည့်ပုံမျိုး မဟုတ်ဘဲ ချိတ်ထဘီ၊ ရင်ဖုံးအင်္ကျီနှင့် ဆံပင်တို့ကိုလည်းစုကာ နောက်သို့လှန်ထား၏။

ဆိုဖာနှစ်ယောက်ထိုင်ခုံတွင် ဦးဟိန်းအောင်နှင့် မာယာထက်တို့အတူတွဲထိုင်ကာ ဦးဟိန်းအောင်က ...

"ဒါ ငါ့မိန်းမ သူဇာပါ"

"ဗျာ ... မာယာထက် မဟုတ်ဘူးလား"

သူ့စကားကြောင့် ဦးဟိန်းအောင်မျက်နှာတစ်ချက်ပျက်သွားသည်။ ဒေါ်သူဇာက ...

"မောင် ... သမီးလေးကိုသိနေပါလား ... မင်းနာမည် ဘယ်လိုခေါ်လဲ နောင်ခရှာကပဲလား"

"ထူးကျော်ပါ ဟို ... ဟို ... "

"ဒီလိုသူဇာရဲ့ ... မောင် သူ့ကိုသမီးအကြောင်းပြောပြထားတာ နောင်ခရှာဘက်ကမဟုတ်ဘူး ... ရန်ကုန်ကလာတဲ့ ဧည့်သည်ပါ"

"ဪ ... ရန်ကုန်ကလား သမီးလေးက ရန်ကုန်ကို အရမ်းရောက်ဖူးချင်တာ"

ထူးကျော် ဒေါ်သူဇာကိုကြည့်ပြီး ဘယ်လိုမှနားမလည်၊ သူ့ပုံစံဟန်ပန်တွေက အသက်ကြီးကြီးမိန်းမတစ်ယောက်လိုပြောဆို နေသည်။

နေ့လယ်က သူတွေ့ခဲ့သောမာယာထက်ဟာ အခုသူ့ကို စကားပြောနေတဲ့ဒေါ်သူဇာပင် ဖြစ်သည်။ မာယာထက်ကနေ ဒေါ်သူဇာဘယ်လိုဖြစ်သွားတာလဲ ...

ဦးဟိန်းအောင်ကို စကားပြောပုံက အကြင်နာကြီးကြသည့် လင်နှင့်မယားပုံစံပင်ဖြစ်၏။ ဒါကိုပင် ...





သူတို့နှစ်ဦးတစ်ယောက်နှင့်တစ်ယောက် ဘာလို့သတ်ချင်နေတာလဲဟု စဉ်းစားရခက်နေသည်။

ဒေါ်သူဇာက ...

"မင်းထမင်းစားပြီးပြီလား"

"ဟုတ် ... ဟုတ်ကဲ့"

"မောင် သူ့ကိုအနောက်ဘက်ကအခန်းမှာ အိပ်ခိုင်းလိုက်မယ်"

"သူဇာ သဘောပဲလေ"

"ဒါဆို ... သူဇာအခန်းသွားပြင်လိုက်မယ်"

ဒေါ်သူဇာ ဧည့်ခန်းကထွက်သွားသောအခါ ဦးဟိန်းအောင်က ...

"ကဲ ... ထူးကျော် မင်း သူဇာကို ဘယ်လိုမြင်လဲ"

"ဘာကိုပြောတာလဲ"

"မင်းနေ့လယ်ကတွေ့တဲ့မာယာထက်နဲ့ အခုတွေ့တဲ့သူဇာနဲ့ကိုပြောတာ"

"ဒေါ်သူဇာနဲ့မာယာထက်က တစ်ပုံတည်းပဲ ဒေါ်သူဇာ အခုပြောနေပုံနဲ့ နေ့လယ်ကမာယာထက်ပြောတဲ့ပုံစံနဲ့တခြားစီပဲ သားအမိဆိုလည်း အသက်အရွယ်ရော ရုပ်ရည်အခုလောက်တူစရာအကြောင်းကိုမရှိဘူး"

"မင်းတွေးတာမဆိုးဘူး ... တကယ်တော့ငါ့မိန်းမသူဇာ သေသွားတာကြာပါပြီ"

ဦးဟိန်းအောင်က လေသံအေးအေးလေးဖြင့် သူ့ကိုပြောရာ ...

"ဒါ ... ဒါဆို ခုန ဒေါ်သူဇာက မာယာထက်ပေါ့ ကျွန်တော့်ကိုဘာလို့မသိတာလဲ"

"သူဟန်ဆောင်တာမဟုတ်ဘူးမင်းကိုသူတကယ်မသိတာ"



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်နိုင်ပါဘူး နေ့လယ်က ကျွန်တော်နဲ့စကားအကြာ ကြီးပြောခဲ့ကြတယ် တစ်ခုထူးနေတာက နေ့လယ်ကစကားပြောခဲ့ နဲ့အခုပြောတဲ့ပုံ လေသံကတခြားစီပဲ"

"မင်းထင်နေတဲ့ဒေါ်သူဇာဟာ ဒေါ်သူဇာအစစ်မဟုတ်ဘူး မာယာထက်ပဲ ... ဒါပေမဲ့ ဒေါ်သူဇာဝိညာဉ်ဝင်စီးနေတာ"

"ဗျာ"

ထူးကျော် အံ့သြလွန်း၍ မှင်တက်သွားသည်။

"တစ်ခါတလေ လူ့လောကမှာ ထူးဆန်းတာတွေအများ ကြီးပဲ သူကညဘက်ဆို ဒေါ်သူဇာဖြစ်သွားပြီး နေ့ဘက်ဆိုမာယာ ထက်ပြန်ဖြစ်သွားတယ် ...

ဒေါ်သူဇာဖြစ်တဲ့အချိန်မှာ ငါ့ကိုလင်ယောက်ျားလိုဆက်ဆံ ပြီး မာယာထက်ဖြစ်တဲ့အချိန်မှာ ငါ့ကိုပထွေးဆိုပြီးမုန်းတီးတယ်"

"သူ မာယာထက်အနေနဲ့ ဦးဟိန်းအောင်က ... သူ့ ယောက်ျားလို့ဘာလို့ပြောတာလဲ"

"ညဘက်ဒေါ်သူဇာစိတ်ဖြစ်တဲ့အချိန်မှာ လင်မယားဆို တော့အတူတူအိပ်တာပေါ့ ... မနက်လင်းတော့ သူမာယာထက် မုန်းသိတဲ့အချိန်မှာ ငါနဲ့အိပ်ရာထဲမှာ အတူတူဖြစ်နေတယ်လေ"

ဇာတ်လမ်းက ရှုပ်သထက်ရှုပ်လာတာမို့ ထူးကျော် ဦးဟိန်း အောင်ပြောတာကို ယုံကြည်ဖို့ခက်နေသည်။

"အခုလို သိပ္ပံခေတ်ကြီးမှာ ဝိညာဉ်စီးတာရှိလို့လားဗျာ"

"မင်းအမြင်ပဲ တစ်ရက်လည်းမဟုတ်ဘူး ညတိုင်းဖြစ် နေတာ"

"ဒါဆို ခင်ဗျားက သူ့ကိုဘာလို့သတ်ချင်တာလဲ"

"မာယာထက်ပြန်ဖြစ်သွားတဲ့နေ့ပိုင်းဆို သူငါ့ကိုသတ်ဖို့ အမြဲကြံစည်နေတာ ဒီမြို့ကမဟုတ်တဲ့တစိမ်းတွေဆို အကူအညီ တောင်းတော့တာပဲ ...





ငါကလည်း သူသတ်တာမခံရခင် သူ့ကိုအရင်သတ်ချင် တာ ခက်တာက ငါ့လက်နဲ့မသတ်ရက်ဘူး ... ပြီးတော့ ငါ့မိန်းမ သူဇာဘဝနဲ့နေရတဲ့ဘဝကိုလည်း မစွန့်လွှတ်ချင်ဘူး"

ဦးဟိန်းအောင်ပုံက ကျဉ်းထဲကျပ်ထဲရောက်နေသည့်ပုံ ပေါက်နေသဖြင့် ဆုံးဖြတ်ဖို့ခက်နေပုံရသည်။ ထူးကျော်က ဦးဟိန်း အောင်ကိုကြည့်ပြီး ...

"ခင်ဗျား သူ့ကိုတကယ်သတ်ချင်လို့ ကျွန်တော့်ကိုအကူ အညီတောင်းတာလား"

"သူအကူအညီတောင်းတဲ့လူကို ငါကပြန်တောင်းလိုက် တာ"

"ခင်ဗျား ... ဉာဏ်အတော်သွားတဲ့လူပဲ"

"ငါ့ကိုယ်ငါ ကာကွယ်တာပါ မင်းသူ့ကိုသတ်ပေးမယ်ဆို ရင် မာယာထက်ဘဝနဲ့သတ်ပေးပါ သူဇာဘဝကိုတော့ ဘယ်တော့ မှမသတ်ပါနဲ့ အဲဒီအတွက် မင်းလိုချင်တဲ့ငွေကိုငါပေးမယ်"

ထိုအချိန်တွင် ဒေါ်သူဇာ ညှော်ခန်းတွင်းသို့ ဝင်လာ သည် ...

"အခန်းပြင်ပြီးသွားပြီ ... အနောက်ဘက်ကအခန်းသော့ ပျောက်နေလို့ သူဇာနေမကောင်းဖြစ်တုန်းကနေတဲ့အခန်းကိုပဲ ပြင် လိုက်တယ် ... မောင်ထူးကျော် အဲဒီမှာအိပ်ပေါ့"

"ဟုတ်ကဲ့"

ဦးဟိန်းအောင်က ဘာမှဝင်မပြော ဒေါ်သူဇာကတော့ သူ့ကို ရန်ကုန်မြို့ရဲ့အကြောင်းကိုမေးသည်။ သူလည်းမေးသမျှဖြေ ရာ စကားအတော်ကြာကြာပြောပြီးနောက် ...

"မောင် ... သူ့ကိုအိပ်ရမယ့်အခန်းလိုက်ပို့ပေးလိုက်ပါ အိပ်ချင်ရောပေါ့"

"လာ ... ထူးကျော်"



www.burmeseclassic.com

www.burmeseclassic.com



ဦးဟိန်းအောင်က သူ့ကိုအိပ်ခန်းဆီသို့လိုက်ပို့ပေးပြီး အခန်းဝရောက်တော့ ...

"ဒီအခန်းမှာအိပ် ... ဘာသံကြားကြားထမကြည့်နဲ့ ဒီအခန်းမှာ သူဇာသေသွားတာ"

"ဗျာ"

ထူးကျော် အခန်းထဲဝင်ရကောင်းနိုးနိုး ပြန်ထွက်သွားသော ဦးဟိန်းအောင်နောက်လိုက်သွားရကောင်းနိုးနိုးနှင့် ချီတုံချတုံဖြစ်နေသည်။

နောက်တော့ ...

မထူးတော့ဘူးဟုတွေးကာ အခန်းထဲသို့ဝင်လာခဲ့တော့သည်။ အခန်းထဲရောက်တော့ ...

ခုတင်မှာ နှစ်ယောက်အိပ်ခုတင်အကြီးဖြစ်ပြီး စောင်၊ ခေါင်းအုံး၊ မွေ့ရာတို့မှာ အဖြူရောင်ဖြစ်ကာ သစ်လွင်တောက်ပနေသည်။

စာကြည့်စားပွဲတစ်လုံးရှိပြီး စားပွဲပေါ်၌စာအုပ်အထူသုံးလေးအုပ်ခန့်ရှိသည်။

အခန်းနံရံတို့မှာ မီးခိုးရောင်မှိုင်းမှိုင်းဆေးသုတ်ထားသော်လည်း တချို့နေရာတွင် အင်္ဂတေတို့မှာအက်ကွဲနေ၏။ ပြတင်းပေါက်လုံးဝမရှိဘဲ လေးဖက်လေးတန်အလုံပိတ်ဖြစ်သည်။

မျက်နှာကျက်အဖြူမှာကပ်ထွန်းထားသော နှစ်ပေမီးချောင်းအလင်းရောင်ကတော့ အတန်အသင့်ကျယ်ဝန်းသောအခန်းကိုမီးအလင်းရောင်ကောင်းစွာရသည်။

ထူးကျော်လည်း အခန်းအတွင်းသို့ဝင်လာကာ ခုတင်ပေါ်တွင်စိတ်ရှိလက်ရှိ ပစ်လှဲချလိုက်လေသည်။



## ခုတင်အောက်က အခေါင်း

### အခန်း (၉)

ထူးကျော် ခုတင်ပေါ်လှဲနေရာမှ မျက်နှာကျက်အဖြူတွေကိုကြည့်ရင်း ဒီမြို့ကိုရောက်လာပြီး ကြုံတွေ့ခဲ့ရသည့်အဖြစ်အပျက်တို့ကို မျက်လုံးထဲပြန်မြင်လာသည်။

သူ့ဒေါသအထွက်ဆုံးလူက ဝပ်ရှော့ဆရာ သုဘရာဇာကျော်ကြီးပင်ဖြစ်သည်။

ကားပြင်ခနှစ်သောင်းကို ပိုက်ဆံအိတ်ပျောက်သွားသဖြင့် တစ်သောင်းခွဲပေးရာလက်မခံဘဲ သူ့ကားကိုယူထားခဲ့သည်။ တစ်နေကုန်ပင်ပန်းလွန်းလှ၍ လူတစ်ကိုယ်လုံးကိုက်ခဲနေသည်။

"ရှပ် ... ရှပ် ... ရှပ်"

"ဟင်"

ခြေသံတစ်ခု အိပ်ခန်းဝကိုဖြတ်လျှောက်နေသံကို အတိုင်းသားကြားနေရသည်။

ထူးကျော် လှဲနေရာမှထထိုင်လိုက်ပြီး အခန်းဝဘက်က အသံလာရာကိုကြည့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဖလပ် ... "

ထိုစဉ် မီးလည်းပျက်သွားသဖြင့် တစ်ခန်းလုံးမဲမှောင်သွားသည်။ မျက်နှာကျက်ပေါ်က အိမ်မြှောင်စုတ်ထိုးသံကိုရုတ်တရက်ကြားရ၍ထိတ်လန့်သွားသည်။

ခုတင်အောက်သို့ဆင်းကာ အခန်းဝဆီသို့တစ်လှမ်းချင်းလျှောက်သွားပြီး အခန်းအဝင်တံခါးဘေးနံရံကိုကျောကပ်လိုက်ပြီး အခန်းပြင်သို့အခြေအနေကိုအကဲခတ်လိုက်သည်။

"ရှပ် ... ရှပ် ... ရှပ် ... "

ခြေသံကကြားနေရဆဲ ...

"ဟင်"

တံခါးမရှိသောအခန်းမှ အခန်းအပြင်သို့ခေါင်းထုတ်ကာအပြင်သို့ကြည့်လိုက်သည်။

သူ့အံ့ဩလွန်း၍အသားများပင် တဆတ်ဆတ်တုန်နေ၏။

နီရဲသောမျက်လုံးနှစ်လုံးကို အမှောင်ထဲမှာတောက်ပစွာတွေ့ရပြီး မဲမဲပုံသဏ္ဌာန်အရိပ်ကြီးက သူ့အခန်းဆီသို့ဦးတည်လာနေသည်ကိုတွေ့ရသဖြင့် သူဘာလုပ်ရမှန်းမသိ ကိုယ့်ကိုယ်ကိုယ်ကာကွယ်ရန် အခန်းတွင်းသို့လက်နက်တစ်ခုခုရှိလိုရှိငြားရှာကြည့်သည်။ ဘာပစ္စည်းမှမတွေ့ ...

သူအလျင်အမြန်လိုက်ရှာသောလက်နက်က အခုလိုအိပ်ခန်းမှာရှိနိုင်မည်မဟုတ်မှန်းစဉ်းစားမိပေမယ့်။

စိတ်တော့မလျှော့ ...

"ရှပ် ... ရှပ် ... ရှပ်"

ခြေသံကသူ့အခန်းဝသို့ နီးသထက်နီးလာနေပြီ ... လက်နက်တစ်ခုခုရှိလိုရှိငြား ခုတင်အောက်သို့ ခေါင်းငုံ့ကြည့်လိုက်သောအခါ ...

"ဟာ ... အခေါင်းကြီး"





သူအိပ်သည့်ခုတင်အောက်တွင် အခေါင်းတစ်ခုကိုတွေ့ရသဖြင့် အံ့ဩမှင်သက်သွား၏။

သူအခေါင်းကိုဆက်မကြည့်ဝံ့တော့ဘဲ ခပ်မြန်မြန်ထကာ ကုတင်ပေါ်သို့တက်လှဲလိုက်ပြီး အခန်းဝသို့ကြည့်နေသည်။ နီရဲတောက်ပနေသောမျက်လုံးနှစ်ဦးက အခန်းဝကနေ သူ့ကိုစိုက်ကြည့်ပြီး ...

"အူး ... အူး"

ခွေးအူသံလိုလိုအသံနက်ကြီးဖြင့် အော်လေသည်။ သူလည်း ဖြစ်ချင်ရာဖြစ်တော့ဟုတွေးမိပြီး ခေါင်းအုံးကိုမျက်နှာနှင့်အပ်ကာနားနှစ်ဖက်ကိုလက်နှင့်ပိတ်ထားလိုက်၏။

"ဒုတ် ... ဒုတ်"

ကုတင်အောက်က အခေါင်းကြီးကလည်း တစ်ချက်တစ်ချက်လှုပ်နေသည်ဟု သူစိတ်ထဲထင်လာသည်။ သူ့ခေါင်းအဆမတန်ကြီးလာပြီး မွေ့ရာခင်းကို လက်နှင့်ကျစ်ကျစ်ပါအောင်ဆုပ်ထားလိုက်ချိန်တွင် ...

"တောက်"

တောက်ခေါက်သံပြင်းပြင်းကိုကြားလိုက်ရ၍ ကြောက်စိတ်ကြီးလွန်းပြီး သတိလစ်သွားလေတော့သည်။

နောက်တစ်ရက် ...

ထူးကျော်သတိရသည့်အချိန်တွင် လက်ကနာရီကိုကြည့်လိုက်ရာ

"ရှစ်နာရီတောင်ရှိပြီ"

အိပ်ရာကထပြီး ညကအဖြစ်အပျက်ကိုတွေးမိကာ ကြက်သီးများပင်ထလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ခုတင်အောက်မှာခေါင်းတကယ်ရှိတာလား သူအိပ်မက်မက်တာလားဆိုတာကိုသိချင်လာ၍ ခုတင်အောက်သို့ဆင်းကာခေါင်းကိုငုံ့ကြည့်လိုက်သည်။

''ဟင် ... အခေါင်းတကယ်ရှိပါလား ညအမှောင်ထဲမှာ ငါမျက်စိမှားတာ မဟုတ်ဘူးပေါ့ အခေါင်းကနာမည်ကဘာတဲ့ ဒေါ်သူဇာ(၄၆)နှစ်ဆိုပါလား''

သူစဉ်းစားပြီး မတ်တတ်ထရပ်လိုက်၏။ မျက်နှာသစ်၊ ရေချိုးချင်၍ အခန်းအပြင်ဘက်ထွက်ရန်ပြင်လိုက်စဉ် ...

''မင်းနိုးပြီပဲ ... လာ ... ငါရေချိုးခန်းလိုက်ပြမယ်''

ဦးဟိန်းအောင်က အခန်းဝတွင်ရပ်ကာ သူ့ကိုပြောလိုက်၏။ သူလည်းအခန်းအပြင်သို့ထွက်ကာ ဦးဟိန်းအောင်ခေါ်ရာနောက်သို့လိုက်ခဲ့ရာ အခန်းတစ်ခုရှေ့သို့ရောက်သောအခါ

''ဒါရေချိုးခန်း ဒီဘက်ကအိမ်သာ အထဲမှာလိုအပ်တဲ့ပစ္စည်းတွေအကုန်ရှိတယ် ကိစ္စအားလုံးပြီးရင် ဒီလမ်းအတိုင်းအိမ်ရှေ့ထွက်ခဲ့''

''ဟုတ်ကဲ့''

ဦးဟိန်းအောင်ထွက်သွား၍ ...

ထူးကျော်ရေချိုးခန်းထဲဝင်ကာ ရေကိုတဝကြီးချိုးလိုက်သည်။ ရေချိုးပြီးသောအခါ ရေသုတ်ရန်မျက်နှာသုတ်ပဝါ၊ ပုဆိုး၊ အင်္ကျီတို့ကိုအဆင်သင့်ရေချိုးခန်းစင်ပေါ်တွင် တင်ပေးထား၏။ မျက်မှာသုတ်ပဝါနှင့်ရေသုတ်တာမှလွဲ၍ အဝတ်အစားများကို ယူမဝတ်ဘဲ သူ့ဘောင်းဘီအင်္ကျီတို့ကိုပြန်ဝတ်ကာ အိမ်ရှေ့သို့ထွက်လာခဲ့သည်။ ဧည့်ခန်းတွင် ဦးဟိန်းအောင်က ဂျာနယ်တစ်စောင်ကိုဖတ်နေရာမှ သူဝင်လာတာကိုတွေ့သောအခါ ...

''လာထိုင်ကွာ ကော်ဖီသောက် မင်းအတွက်ပါ ငါဖျော်ထားတယ်''





''ကျေးဇူးပဲ''

သူကော်ဖီပန်းကန်ကိုယူကာ တစ်ကျိုက်သောက်လိုက်ပြီး ပန်းကန်ထဲထည့်ထားသောကိတ်မုန့်တစ်ချပ်ကိုယူပြီး စားလိုက်သည်။

''ဝအောင်စား ထူးကျော် ... မင်းလုပ်ရမယ့်အလုပ်အတွက် အားရှိဖို့လိုတယ်''

''ဘာကိုဆိုလိုတာလဲ''

''မင်းတော်တော်မေ့တတ်တာပဲ ... မင်းကိုငါအကူအညီတောင်းထားတဲ့ကိစ္စလေ''

''အင်း''

ထူးကျော် သဘောပေါက်သွားသည်။ မာယာထက်ကိုသတ်ဖို့ကိစ္စ စားနေတဲ့မုန့်ပင် နင်သွား၏။

''ဘယ်လိုလဲ မလုပ်ရဲတော့ဘူးလား''

''စဉ်းစားနေတာ''

''ဘာစဉ်းစားစရာလိုလဲကွာ မင်းအတွက်သိပ်မခက်ပါဘူး မင်းနဲ့သူနဲ့လည်း ရင်းနှီးပြီးသားပဲ''

''ကောင်းပြီဗျာ သူ့ကို ကျွန်တော်သတ်မယ် ခင်ဗျားငွေဘယ်လောက်ပေးမှာလဲ''

''ဆယ်သိန်း''

ထူးကျော် ဦးဟိန်းအောင်ကိုကြည့်ကာ တစ်ချက်ပြုံးလိုက်ပြီး ...

''စရံငွေတော့ အရင်ပေးရမယ်''

''နိုး ... နိုး ... ငါအဲဒီလောက်မညံ့ဘူး စရံငွေယူပြီး မင်း ဒီမြို့ကထွက်သွားရင် ငါ့ငွေဆုံးသွားမှာပေါ့''

ထူးကျော် ဦးဟိန်းအောင်ကိုလျှော့မတွက်ရဲတော့။ အရာရာကိုကြိုမြင်နိုင်တဲ့အသိ သူမှာရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မာယာထက်ကို ဘယ်နေရာမှာသတ်ရမှာလဲ ဒီအိမ်မှာပဲလား"

"ကြောင် ... မင်းတုံးလှချည်လား ဒီအိမ်မှာသတ်ရင် ငါတရားခံဖြစ်သွားမှာပေါ့ သူကမြင်းစီးတာဝါသနာပါတယ် ... မင်းသူနဲ့မြင်းအတူတူလိုက်စီး မင်းကိုမြောက်ဘက်တောအုပ်ဘက်ခေါ်သွားလိမ့်မယ် အဲဒီဘက်မှာ ရေတံခွန်လည်းရှိတယ် ချောက်တွေလည်းရှိတယ် မင်းဘယ်လိုလုပ်ရမလဲ သဘောပေါက်မှာပါ"

"ကောင်းပြီ အခုမာယာထက် ဘယ်သွားလဲ"

"ဈေးသွားတယ် ခဏနေပြန်လာတော့မယ် သူလာရင် ငါလည်းခြံထဲသွားတော့မှာ"

"ဘာခြံလဲ"

"ငါ့မှာ လိမ္မော်ခြံ၊ မက်မန်းခြံ၊ သစ်တော်ခြံတွေအများကြီးရှိတယ် ဒါတွေအားလုံး မင်းကိုလေ့လာဖို့ငါမခေါ်တော့ဘူး"

"ဘာလို့လဲ"

"မင်းဟာ ... ငါ့ရန်သူကိုသတ်ပေးမယ့် မိတ်ဆွေတစ်ယောက်ဖြစ်ပေမယ့် ညဘက်မှာသာဖြစ်ရတဲ့ ငါ့ဇနီးဘဝကိုပါဖျက်ဆီးမယ့် ရန်သူဖြစ်နေလို့ပဲ"

"ဒါဆိုလဲ မာယာထက်ကို မသတ်နိုင်းနဲ့ပေါ့ဗျာ"

"ဘယ်ဖြစ်မလဲ သူကိုငါမသတ်ရင် သူကငါ့ကိုကျိန်းသေသတ်တော့မှာ"

ဦးဟိန်းအောင်ပုံက အလွန်ထိတ်လန့်ကာ သွေးပျက်နေပုံရသည်။ နောက်ကွယ်မှာ အကြောင်းတစ်ခုခုရှိမည်ဟုလည်း သူထင်လိုက်လေသည်။



## သေမင်းဆီသွားတဲ့လူ

အခန်း (၁၀)

မာယာထက်ဈေးကပြန်လာသောအခါ ဧည့်ခန်းထဲတွင်ထိုင်နေသောထူးကျော်ကိုတွေ့၍ အလွန်အံ့ဩသွားသည်။

"အစ်ကို ယာယာတို့အိမ် ဘယ်လိုရောက်လာတာလဲ"

"ကိုယ်ခေါ်လာတာ"

"ဦးလေးပဲ မနေ့က သူကိုထိုးခဲ့တယ်လေ အခုဘယ်လိုလုပ်ခေါ်လာတာလဲ"

"ကိုယ်ညနေပိုင်းစားသောက်ဆိုင်သွားတော့ သူနဲ့ထပ်ဆုံတယ် သူကမြင်းစီးကျွမ်းကျင်တယ်လို့ လူတစ်ယောက်ကိုပြောသံကြားတာနဲ့ ယာယာအတွက် အဆင်ပြေမလားဆိုပြီးခေါ်ခဲ့တာ"

ဦးဟိန်းအောင်လိမ်ညာပြောလိုက်သည်ကို မာယာထက်က မယုံပါ။ သို့ပေမယ့် မသိဟန်ဆောင်ကာ ...

"ဟုတ်လား အစ်ကို ယာယာကမြင်းစီးသိပ်ဝါသနာပါတာ အကျွမ်းကျင်ကြီးတော့ မဟုတ်ပါဘူး"

"ထူးကျော်ရေ ... ယာယာကိုမင်းလက်အပ်တယ် သေ



www.burmeseclassic.com

www.burmeseclassic.com



သေချာချာ ဂရုစိုက်ပြီး သင်ပေးလိုက်ကွာ''

''ဟုတ်ကဲ့''

''ကိုယ်ခြိုထဲသွားတော့မယ် ယာယာ ညနေအပြန်နောက် ကျမယ်''

ဦးဟိန်းအောင်ကပြောပြီး ...

ထူးကျော်မာယာထက်ကိုကြည့်ရာ ညကဒေါ်သူဇာပုံကို မြင်လာ၏။ အရွယ်အနေအထားကမပြောင်းပေမယ့် အဝတ်အစား ဝတ်ပုံနှင့်အမူအယာကပြောင်းနေသည်။ အခုဝတ်ထားတာက သူ့ အသက်အရွယ်နှင့်လိုက်ဖက်စွာ ဂါဝန်ရှည်အနီရောင်ကိုလှပစွာ ဝတ်ထားသည်။ စကားပြောပုံဆိုပုံကလည်း သွက်လက်လွန်းလှ သလို ဦးဟိန်းအောင်ကိုလည်း ညကဒေါ်သူဇာဆက်ဆံသလို မဟုတ်ပေ။

ဒေါ်သူဇာက ဦးဟိန်းအောင်ကိုကြင်နာစွာ ဆက်ဆံသော် လည်း အခုတွေ့ရသည့် မာယာထက်က ဦးလေးတစ်ယောက် ပထွေးတစ်ယောက်ကို ဆက်ဆံနေပုံပေါက်သည်။

''အစ်ကို ခဏထိုင်နေဦး ယာယာဈေးကဝယ်လာတဲ့ သားငါးတွေကို ရေခဲသေတ္တာထဲသွားထည့်လိုက်ဦးမယ်''

''ရတယ် ယာယာလုပ်စရာရှိတာလုပ်''

''အစ်ကို စာစောင်ဖတ်ပြီးစောင့်နေ''

မာယာထက် အိမ်နောက်ဖေးဝင်သွားသောအခါ သူခုံပေါ် က ဂျာနယ်တစ်စောင်ကိုယူပြီး ဖတ်နေလိုက်သည်။

ဂျာနယ်ထဲကစာတွေကလည်း စိတ်ဝင်စားစရာသိပ်မပါ သဖြင့် ခုံပေါ်တင်လိုက်ပြီး ...

ဒေါ်သူဇာနှင့်မာယာထက် လူတစ်ယောက်တည်းက ဘယ် လိုလုပ်နှစ်ဘဝဖြစ်နေတာလဲ။

ဦးဟိန်းအောင်ကိုယ်တိုင်က ဒေါ်သူဇာကို အချစ်ကြီးစွာ





ဆက်ဆံပုံရသော်လည်း မာယာထက်ကိုဆက်ဆံပုံမှာ နွေးထွေးမှု မရှိတဲ့အပြင် သူ့ကိုသတိနိုင်းနေသည်။

မာယာထက်ကို သူသတိလိုက်လျှင် ဒေါ်သူဇာဘဝပါ ဆုံး မည်ဆိုတာ ဦးဟိန်းအောင်သိနေတာပဲ။ သူထိုင်ပြီးတွေးနေစဉ် ဧည့်ခန်းထဲသို့ မာယာထက်ဝင်လာသည်။

''အစ်ကို ... ဘာတွေစဉ်းစားနေတာလဲ''

''ဩော် ... အင်း ... ဘာရယ်မဟုတ်ပါဘူး''

''အစ်ကို ... မြင်းစီး တကယ်ကျွမ်းကျင်လား''

''နည်းနည်းပါးပါးပါ''

ဦးဟိန်းကျော်ဆင်ခဲ့သော ဇာတ်ထဲသို့သူအလိုက်သင့်စီး မျောလိုက်၏။ မာယာထက်ကတော့ တကယ်ယုံကြည်နေပုံရပြီး သူနှင့်မြင်းစီးဖို့ကိုစိတ်အားထက်သန်နေသည်။

မနေ့ကဖြစ်ပျက်ခဲ့တဲ့အဖြစ်အပျက်အတွက်လည်း သူ့ကို အားနာနေသည်။

''မနေ့က ဦးလေးထိုးလိုက်တာ ဘာဖြစ်သွားသေးလဲ''

''ဘာမှမဖြစ်ပါဘူး''

''အဲဒီလူကြီးက ယာယာကိုအပြင်လူနဲ့ဆက်ဆံတာ လုံးဝ မကြိုက်ဘူး။ ယာယာအပြင်လူနဲ့စကားပြောရင် မနေ့ကလိုပြဿနာ ရှာတော့တာပဲ''

''ယာယာကိုချစ်လို့နေမှာပေါ့''

''ဘယ်ကလာ ... သူ့အသတ်ခံရမှာစိုးလို့''

''ဘယ်လို ... ''

သူနားမလည်စွာဖြင့် မာယာထက်ကိုမေးလိုက်ရာ ...

''သူ့ကိုယာယာသတ်ချင်နေမှန်း သူသိတယ်၊ အပြင်လူကို ယာယာအကူအညီတောင်းပြီး သူ့ကိုသတ်ခိုင်းမှာစိုးရိမ်လို့နေမှာ ပေါ့''



www.burmeseclassic.com

www.burmeseclassic.com



ထူးကျော်မာယာထက်ကိုသေချာကြည့်ပြီး စဉ်းစားမိတာက တစ်ယောက်ကိုတစ်ယောက်သတ်ဖို့ကြံနေကြပေမယ့် နှစ်ယောက်သားထိပ်တိုက်သတ်ကြဖို့ မစဉ်းစားကြ။

မနေ့က မာယာထက်သူ့ကိုအကူအညီတောင်းသည်။ ဦးဟိန်းအောင်ကလည်း ငွေဆယ်သိန်းနှင့်အပေးအယူလုပ်၏။

"အစ်ကို ဘာငိုင်နေတာလဲ ... လာ မြင်းစီးကြမယ်"

"အင်း ... ကောင်းပြီလေ"

ထူးကျော် မာယာထက်ခေါ်ရာနောက်သို့လိုက်လာလေသည်။ အိမ်ကြီး၏ခြေရင်းဘက်တွင် မြင်းထွားကြီးလေးကောင်ကို မြင်းစောင်းထဲတွင် အစာစားနေသည်ကိုတွေ့ရသဖြင့် ...

"ဒါ ... ယာယာမြင်းတွေလား လုလိုက်တာ"

"ယာယာ မြင်းစီးတာ ငယ်ငယ်တည်းက ဝါသနာပါတယ် ဒီမြင်းတွေကို ဦးဟိန်းအောင် မိုင်းတုံက မှာဝယ်ပေးထားတာ"

"ဦးဟိန်းအောင်က ယာယာကို ဂရုစိုက်သားပဲ"

"ယာယာကို သူကအရုပ်တစ်ရုပ်လိုသဘောထားတာ အစ်ကိုရဲ့ တကယ်တမ်း ယာယာလိုချင်တာကိုသူဘာမှမလုပ်ပေးဘူး"

မာယာထက်ပြောပြောဆိုဆိုနှင့် မြင်းစောင်းနဘေးတွင် သီးသန့်ဆောက်ထားသည့်အခန်းကိုဖွင့်ကာ မြင်းပချပ်ကုန်းနှီးနှင့် မြင်းစီးရန်လိုအပ်သည့်ပစ္စည်းတို့ကိုထုတ်ကာ သူကိုယ်တိုင်မြင်းကို တန်ဆာဆင်သည်။

ထို့နောက် ...

ထူးကျော်စီးမည့်မြင်းကိုလည်း သူကပင်ပချပ်တပ်ကုန်းနှီးတင်နှင့်လိုအပ်သည်များကိုလုပ်ပေး၏။ သူလုပ်ပုံကိုင်ပုံမှာ အလွန်သေသပ်လွန်းလှသဖြင့် မြင်းကိုကျွမ်းကျင်နိုင်နင်းစွာအသုံးပြုနေသူဖြစ်မှန်း ထူးကျော်ရိပ်စားမိသည်။





"အစ်ကို ... ဘာကြည့်နေတာလဲ မြင်းပေါ်တက်သွားမယ်"

"ယာယာက မြင်းကိုင်သိပ်ကျွမ်းကျင်တာပဲ"

ထူးကျော်က ချီးကျူးလိုက်ရာ ...

"ယာယာတို့နောင်ချိုက ခရီးသွားရင် မြင်းကိုအသုံးများတယ်အစ်ကိုရဲ့ ငယ်ငယ်တည်းက မြင်းကိုင်လာတော့ကျွမ်းကျင်နေတာမဆန်းပါဘူး"

"မြင်းတွေက ထွားတယ်နော်"

"ထွားတဲ့အပြင် လိမ္မာတယ် ... ပြေးနှုန်းလည်း သိပ်မြန်တယ် ဇာတ်ကိုသိပ်မဖွင့်နဲ့"

"ကိုယ် ... ရန်ကုန်မှာ ဂျော်ကီလုပ်ခဲ့ဖူးပါတယ်"

"အတော်ပဲ ယာယာက အဲဒီလိုလူမျိုးရှာနေတာ ဟိုလူကြီးက အလကား မြင်းနားတောင် ကပ်ရဲတာမဟုတ်ဘူး တက်အစ်ကို စီးကြမယ်"

ထူးကျော်မြင်းပေါ်သို့ ခြေနင်းကွင်းမှာ တစ်ဆင့်တက်လိုက်ပြီးမာယာထက်နောက်ကအသာအယာစီးကာ လိုက်ပါလာခဲ့သည်။ ခြံနောက်ဘက်တောင်စောင်းမှထွက်လာပြီးနောက် မြေလမ်းအတိုင်း ပုံမှန်စီးလာကြရင်း မာယာထက်က ...

"ဒီခြံတွေကျော်သွားရင် ရှေ့မှာတောင်ကုန်းတွေနဲ့တောပဲရှိတယ် အစ်ကို အဲဒီဘက်ကအရမ်းသာယာတာ"

"ဟုတ်လား ... ကိုယ်ရှမ်းပြည်နယ်ရဲ့ အလှအပကို တစ်ခါမှမတွေ့ဖူးသေးဘူး"

"ယာယာက အစ်ကိုရဲ့ ညှော်လမ်းညွှန်ပေါ့, ယာယာက မြင်းစီးရင်မြန်မှကြိုက်တာ အစ်ကို ယာယာ့နောက်ကိုမှီအောင်လိုက်သွားပြီ ..."

ပြောကာ မြင်းကိုဒုန်းစိုင်းစီးသွားလေသည်။ ထူးကျော်



www.burmeseclassic.com

www.burmeseclassic.com



မာယာထက်မြင်းကို ဖာတ်ဖွင့်စီးသွားပုံကိုကြည့်ကာ နောက်မှသူလည်း အလျင်အမြန်ကိုလိုက်ခဲ့တော့သည်။



## ရေတံခွန်သို့

အခန်း (၁၁)

တောင်ကုန်းများကိုတက်လိုက်ဆင်းလိုက်နှင့် မြင်းကိုစီးခဲ့ရာ ကုန်းအတော်မြင့်ပြီး သစ်ပင်တို့နှင့်စိမ်းစိမ်းစိုစိုရှိနေသော နေရာသို့ရောက်သောအခါ မာယာထက် မြင်းကိုဖာတ်သပ်လိုက်၏။

"မောသွားပြီလား ... အစ်ကို"

"ဟူး ... မစီးတာကြာတော့ မောနေပြီ"

"ခစ် ... ခစ် ... ယာယာတို့စီးလာတာ လေးမိုင်လောက်ပဲ ရှိသေးတယ်"

"ဟုတ်လား"

"လာအစ်ကို ... မြင်းကိုအပင်မှာ ကြိုးချည်ခဲ့၊ ဒီနေရာမှာ အရမ်းလှတဲ့ ... ရေတံခွန်ရှိတယ်"

ထူးကျော် မာယာထက်ပြောသည့်နည်းတူ မြင်းပေါ်ကခုန်ဆင်းလိုက်ပြီး သစ်ပင်တစ်ပင်မှာ မြင်းကိုကြိုးချည်ထားလိုက်၏။ ကုန်းတန်းလေးတစ်ခုကိုကျော်ပြီးသောအခါ ...

ရေစီးကြမ်းသောစမ်းချောင်းလေးတစ်ခုကိုတွေ့ရပြီး ထိုစမ်း



www.burmeseclassic.com

www.burmeseclassic.com



ချောင်းလေးဘေးက လမ်းအပိုင်းလျှောက်လာရာ အဆုံးတွင် တောင်အောက်သို့ကျနေသောရေနှင့်အတူ ရေတံခွန်ကိုတွေ့ရလေသည်။

"ဟာ ... လှလိုက်တာကွာ"

ထူးကျော် တအံ့တသြရေရွတ်လိုက်သည်။ စိတ်ထဲ၌လည်း အလွန်ကြည်နူးလန်းသွားကာ ကြည့်လို့မဝနိုင်အောင်ဖြစ်မိ၏။

"ရန်ကုန်သားကြီး ... သဘောကျရဲ့လား"

"ဒီလောက်လှတဲ့ ရေတံခွန်တစ်ခါမှ မတွေ့ဖူးဘူး"

"ဪ ... "

"ယာယာ့ဘဝဟာ ကိုယ်ပိုင်လွတ်လပ်ခွင့်မရှိတော့ ဒီရေတံခွန်ထိပ်ကနေ ငှက်တွေပျံတာကြည့်ပြီး သူတို့လိုပျံကြည့်ချင်တာ အစ်ကိုကြည့်နေ ယာယာ ငှက်တွေပျံသလိုလုပ်ပြမယ် အရမ်းကြည်နူးဖို့ကောင်းတယ်"

ပြောကာ ရေတံခွန်ဘေးနားမှကျောက်တုံးပေါ်သို့အသာထိန်းတက်ပြီး လက်နှစ်ဖက်ကို ဘယ်ညာဆန့်ကာ ငှက်တွေဝဲပျံသည့်ပုံသဏ္ဌာန်လုပ်နေသည်။

ခေါင်းကိုလည်းအပေါ်သို့မော့ထားသဖြင့် ဆံပင်တို့မှာ ဝဲပျံနေသလိုဖြစ်နေ၏။

သူရပ်နေသည့်ကျောက်တုံးတစ်ဖက်တွင် ရေတံခွန်ချောက်ကြီးသာရှိသဖြင့် သတိတစ်ချက်လွတ်လျှင် အောက်သို့ပြုတ်ကျသွားနိုင်သဖြင့် ထူးကျော် လှမ်းတားရန်ပြင်ပြီးမှ ဦးဟိန်းအောင်ပြောသည့်စကားကိုနားထဲကြားယောင်မိသည်။

"သူ့ကိုသတ်ရင် ဆယ်သိန်းပေးမယ်"

"သူ့ကိုသတ်ရင် ဆယ်သိန်းပေးမယ်"

ထူးကျော်အတွက် အလွန်လွယ်ကူသည့်အခွင့်အရေးတစ်ရပ်ဖြစ်ကာ မာယာထက်ကလည်း သူ့ကိုကျောခိုင်းထားသဖြင့်





နောက်ကနေအသာတွန်းလိုက်ရုံဖြင့် ချောက်ထဲပြုတ်ကျကာ ကိစ္စပြီးသွားနိုင်သည်။

သူ ခြေတစ်လှမ်းချင်း မာယာထက်နားသို့ခြေသံမကြားအောင်တိုးကပ်သွားပြီး အနီးသို့ရောက်သောအခါ ...

သူ့လက်နှင့်ဆန့်ပြီးတွန်းလိုက်ရုံဖြင့် မာယာထက်ရေတံခွန်ချောက်ထဲကျတော့မည်။ သူ့လက်ကိုဖြည်းဖြည်းချင်းမြှောက်လိုက်သည်။ လက်တွေကလည်း ကဆတ်ဆတ်တုန်နေကာ စိတ်ထဲအတွေးတစ်မျိုးဝင်လာပြန်သည်။

"ငါ့ကို ဘာမှဒုက္ခမပေးတဲ့လူကို သတ်လိုက်ရင် ငါတရားပျက်မလား"

မာယာထက်က သူ့အပြုအမူတွေကို လုံးဝမသိ၊ စိတ်လွတ်ကိုယ်လွတ်လေထဲမှာ ဝဲပျံနေသည်ဟု သူ့ကိုယ်သူထင်နေသည်။

"မင်း ကားလိုချင်ရင် နှစ်သောင်းပြည့်အောင်ယူခဲ့"

ဝပ်ရှော့ဆရာကျော်ကြီး၏ ညစ်ထေးထေးမျက်နှာကြီးက ထူးကျော် မျက်လုံးထဲပေါ်လာပြန်သည်။

ထူးကျော် မျက်စိကိုစုံမှိတ်ကာ တုန်နေသောလက်ဖြင့် မာယာထက်ကျောပြင်ကို တွန်းချလိုက်လေသည်။

"ဟင်"

အဖြစ်အပျက်က မျက်စိတမှိတ်အတွင်းမှာပင် ထူးကျော်တွန်းလိုက်သောအရှိန်ကြောင့် မာယာထက်ခြေထောက်ချော်ကာ ချောက်ဘက်သို့အယိုင်မှာပင် ...

ထူးကျော် မာယာထက်လက်တစ်ဖက်ကိုဆွဲထားလျက်ဖြစ်နေသည်။ မာယာထက်တောင်စောင်းတွင် တနန်းလန်းကြီးဖြစ်နေရာ



www.burmeseclassic.com

www.burmeseclassic.com



ထူးကျော်က ကျန်လက်တစ်ဖက်ဖြင့် မာယာထက်၏လေထဲက လက်ကိုဆွဲထား၏။

"အစ်ကို ... ယာယာကိုတွန်းချတယ် လွှတ်လိုက်ပါ အစ်ကို ယာယာ့ကိုလွှတ်လိုက်ပါ ယာယာသေမှ အေးမှာ"

"မလွှတ်ဘူး ... ကိုယ်မှားတယ် ယာယာကိုယ်ယာယာ့ကို ဘယ်နည်းနဲ့မှ မသတ်တော့ဘူး"

"အစ်ကို့ကို ယာယာစိတ်မဆိုးပါဘူး ယာယာသေချင်ပါ တယ်"

ထူးကျော် တောင်စောင်းရေတံခွန်ချောက်ထိပ်တွင် တန်း လန်းဖြစ်နေသော မာယာထက်ကို အတင်းဆွဲချလိုက်ရာ မြေပြင် ပေါ်သို့လုံးထွေးကျလာသည်။

မာယာထက်က လူးလဲထပြီး အနီး၌ရှိသောအပင်အောက် သွားထိုင်ကာငိုလေသည်။

"ဟင့် ... ဟင့် ... ဟင့်"

ထူးကျော် မာယာထက်ဘေးသို့သွားထိုင်ကာ ...

"ကိုယ့်ကိုခွင့်မလွှတ်ပါနဲ့ ယာယာ ကိုယ်စိတ်ရိုင်းတွေ ဝင်ပြီး ..."

"ယာယာသဘောပေါက်တယ် အစ်ကို ... ယာယာ့ကို သတ်ဖို့ ဦးဟိန်းအောင်ခိုင်းတာမလား"

"ဟင်း"

ထူးကျော် သက်ပြင်းချကာ ခေါင်းညိတ်လိုက်သည်။

"ယာယာ့အမေကိုလည်း သူသတ်တယ် ယာယာကိုသူ့ မယားအဖြစ်ယူတယ် ဒါတောင် အားမရသေးဘူး သတ်ဖို့ခိုင်း တယ်"

"... ..."

"ယာယာ အဖေငယ်ငယ်နဲ့ဆုံးခဲ့ပေမယ့် အမေရဲ့မေတ္တာ





အောက်မှာကြီးပြင်းခဲ့တယ်၊ အမေ့ကိုအားလည်းကိုးတယ် ချစ် လည်းချစ်တယ် ဒါပေမဲ့ ...

ယာယာဘဝထဲကနေ ဦးဟိန်းအောင်ဟာ အမေ့ကိုဆွဲ ထုတ်ယူသွားတယ် အမေပြောတာက ဆင်းရဲလွန်းတဲ့တို့ဘဝတွေ အတွက် ယာယာကောင်းဖို့ ဦးဟိန်းအောင်ကို သူယူတာတဲ့"

"ယာယာ သူတို့နဲ့လိုက်မနေဘူးလား"

"အမေကမခေါ်ဘူး ... သမီးကို ပထွေးနဲ့အတူမထားချင် လို့တဲ့ နောင်ခရွာလေးမှာပဲ အမျိုးတွေနဲ့ထားခဲ့တယ် ...

ဥစ္စာပစ္စည်းပြည့်စုံခဲ့ပေမယ့် အမေမရှိတော့ ယာယာဘဝ ဟာ ဘာအဓိပ္ပာယ်မှမရှိဘူး တစ်နေ့တစ်နေ့ငိုလိုက် ရယ်လိုက်နဲ့ အမေလာမလား ရွာထိပ်မှာစောင့်လိုက်နဲ့ အချိန်ကုန်ခဲ့တယ်၊

တစ်ခါတလေ အမေရွာပြန်လာရင် ယာယာပျော်လိုက် တာပြောပြလို့တောင်မရဘူး ဒီလိုနဲ့တစ်ရက်မှာရွာကို ဦးဟိန်း အောင်ရောက်လာပြီး အမေသေသွားပြီဆိုတဲ့အကြောင်းပြောတယ်၊

ယာ့ယာရူးမတတ်ဘဲ ငိုရလွန်းလို့မျက်လုံးတွေလည်းနာ အသံကလည်းမထွက်တော့ဘူး နောက်ဆုံးအိပ်ရာထဲလဲတော့တာ ပဲ၊ ရွာမှာဆေးကုပေမယ့်မပျောက်တော့ ဦးဟိန်းအောင်ကမြို့ကိုခေါ် လာပြီးဆေးကုပေးတယ် ... ဒါပေမဲ့ ... "

မာယာထက်စကားကိုမဆက်သေးဘဲ နှုတ်ခမ်းကိုသွားဖြင့် ကိုက်ကာ မျက်ရည်ပူတို့စီးကျလာသည်။ ထူးကျော်က ...

"ယာယာ ဆက်မပြောချင်လည်း မပြောနဲ့တော့လေ"

"ယာယာပြောချင်ပါတယ်၊ ရင်ထဲသိပ်ကျပ်နေလို့ပါ ယာယာနေမကောင်းဖြစ်တည်းက အခုထက်ထိ ညနေနေဝင်တာနဲ့ အရမ်းအိပ်ချင်လာတယ် ...

အိပ်ပျော်ပြီးလို့မနက်လင်းရင် ဦးဟိန်းအောင်အိပ်ခန်းထဲ ရောက်နေတော့တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဦးဟိန်းအောင်ရွှေ့ထားတာလား"

"ဟုတ်မှာပေါ့ ... ယာယာအိပ်ချင်လာရင် ကိုယ့်အခန်းထဲ ဝင်တံခါးဂျက်ချပြီးအိပ်တာ ... ဦးဟိန်းအောင်မဝင်နိုင်အောင်ပေါ့ ဒါပေမဲ့ မရပါဘူး ...

ဦးဟိန်းအောင်က ယာယာကိုအမွေအကျိုတွေ၊ လုံချည် တွေလဲပေးထားတယ် ယာယာအိပ်တဲ့အဝတ်အစားနဲ့ဘယ်တော့မှ မနိုးဘူး"

"ယာယာ အဲဒီလိုထူးထူးဆန်းဆန်းတွေဖြစ်လို့ သူ့ကို တရားဝင်လက်ထပ်လိုက်တာပေါ့"

"မိန်းမတစ်ယောက်ရဲ့ ဂုဏ်သိက္ခာအတွက် ယာယာကပဲ လက်ထပ်ဖို့တောင်းဆိုခဲ့တာ"

"ဦးဟိန်းအောင်က ငြင်းလို့လား"

"ဒီလူယုတ်မာကြီးက အသည်းအသန်ငြင်းတာပေါ့ ... ယာယာက သက်ဆိုင်ရာကိုတိုင်မယ်၊ပြုမယ်လုပ်မှ အကျဉ်းချုံးလက် ထပ်တာ"

ထူးကျော်စိတ်ထဲ သဘောပေါက်စပြုလာသည်။ မာယာ ထက်ကတော့ သူဘယ်တုန်းကမှ ဦးဟိန်းအောင်ကိုလင်ယောကျ်ား တစ်ယောက်လို မဆက်ဆံဘူးဟုပြောပြသည်။

နေလည်းအတော်မြင့်လာပြီမို့ ...

မာယာထက်က ထူးကျော်ကို

"ပြန်ရအောင် အစ်ကို"

"ကောင်းပြီလေ ပြန်မယ်"

"အစ်ကို့ကို ယာယာတစ်ခုလောက်တောင်းဆိုချင်တယ်"

"ဘာများလဲ ယာယာ"

"အစ်ကို ... ဦးဟိန်းအောင်နိုင်းလို့ ယာယာ့ကိုသတ်ဖို့ ကြံစည်ပြီးပါပြီ ... ယာယာ့အတွက် ဦးဟိန်းအောင်ကိုသတ်ပေး





ပါ ... သူပိုင်ဆိုင်တဲ့အတွင်းပစ္စည်းတွေ တစ်သက်စားမကုန်ဘူး အဲဒါတွေယူပြီး ယာယာတို့ရန်ကုန်ကိုထွက်ပြေးကြမယ်"

"ကိုယ် ကြိုးစားကြည့်မယ်"

ထူးကျော် အလွယ်တကူပင် မာယာထက်ကို ကတိပေး လိုက်၏။

ထို့နောက် ...

မြင်းကိုယ်စီစီးကာ သောကစံအိမ်သို့ပြန်ခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၂)

သောကစံအိမ်ရောက်တော့ ဦးဟိန်းအောင်လည်း နေ့လယ်ခင်းအိမ်မှာမရှိသဖြင့် ထူးကျော် မာယာထက်နှင့်နှစ်ယောက်တည်း မနေလိုတာကြောင့် မြို့ထဲဘက်ထွက်လာခဲ့သည်။ စားသောက်ဆိုင်တစ်ဆိုင်တွင် ထမင်းဝင်စားပြီး ဝပ်ရှော့ဆရာဦးကျော်ကြီးကို ထပ်မံတောင်းပန်ကာ ကားယူမည်ဟုတွေးကာ မြင်းလှည်းတစ်စီးငှားပြီး မြို့ပြင်ဝပ်ရှော့သို့ထွက်လာခဲ့သည်။ ဝပ်ရှော့ရောက်တော့

သူ့ကားက ယခင်သူထားခဲ့သည့်နေရာအတိုင်းပင် ရှိနေသည်။ ဝပ်ရှော့ဆရာကျော်ကြီးကို မတွေ့သဖြင့် ကားဟောင်းအပျက်တွေကြား လိုက်ရှာကြည့်သည်မတွေ့။

အုတ်ဂူများရှိရာဘက်သို့လျှောက်လာပြီးရှာရာ သစ်ပင်ကြီးတစ်ပင်နှင့်မလှမ်းမကမ်းတွင် ကျင်းတူးနေသော ဝပ်ရှော့ဆရာ သုဘရာဇာကျော်ကြီးကို တွေ့လေသည်။

သုဘရာဇာကျော်ကြီးကလည်း သူလာတာကိုတွေ့သွားပြီး ...





"ဟေ့ကောင်လေး ကားလာယူတာလား"

"ဟုတ်တယ်ဗျို့"

"ငါဆီလာခဲ့"

ထူးကျော် သုဘရာဇာကျော်ကြီးဆီသို့ လျှောက်လာသည်။ ကျင်းတူးနေသောဘေးတွင်ထိုင်ကာ ဦးကျော်ကြီးအား ...

"ဒီနေ့ အသုဘချဖို့ရှိလို့လား"

"မရှိပါဘူးကွာ ... ကားပြင်တဲ့အလုပ်အားနေလို့ ကျင်းတူးထားတာ အသုဘလာချရင် အဆင်သင့်မြှုပ်ရတာပေါ့"

"ကြိုမတူးကောင်းဘူးမလား"

ဦးကျော်ကြီး ကျင်းတူးနေရာမှ သူ့ကိုတစ်ချက်မော့ကြည့်ပြီး ...

"မင်းတို့ရန်ကုန်က သင်္ချိုင်းစက်တွေ လူသေမှဆောက်တာလား"

"ဒါကတော့ဗျာ ရန်ကုန်ကအကျယ်ကြီး နေ့တိုင်းသေတဲ့လူရှိတာပဲ"

"ဒီမှာလဲ ... မင်းတို့ရန်ကုန်လိုပဲပေါ့ကွာ လူပဲမသေတဲ့လူဘယ်ရှိမလဲ၊ လူရှိရင် သင်္ချိုင်းရှိရမယ် သင်္ချိုင်းရှိရင် မြေမြှုပ်ဖို့နေရာရှိရမယ် ဒါမှမဟုတ် ...

မီးသင်္ဂြိုဟ်ရမယ် ကြိုကြိုတင်တင်လုပ်ထားတော့ အဆင်သင့်ဖြစ်တာပေါ့၊ ဒါကိုမကောင်းဘူး ကောင်းတယ် ဝေဖန်နေတဲ့လူတွေရော မသေတော့ဘူးလား"

ဦးကျော်ကြီးက သူ့အယူအဆကိုစိတ်ရှည်လက်ရှည်ရှင်းပြန်ရာ ထူးကျော်အနည်းငယ် အားတက်လာသည်။

ကျင်းတူးတာကို လက်စသတ်ပြီးသောအခါ ဦးကျော်ကြီးနှင့်ကားဝပ်ရှော့ထဲသို့ ထွက်လာကြသည်။

"မင်းကားဘော်ဒီကတော့ အပျံစားပဲကွ ဒီလိုကားအမျိုး



www.burmeseclassic.com

www.burmeseclassic.com



အစားက အရမ်းမာတယ်''

''ဟုတ်တယ်ဗျ ကျွန်တော် ဒီကားကိုကြိုက်လွန်းလို့ အ
စီးနေတဲ့ S.Eနဲ့ ငွေအလိုက်ပေးလဲခဲ့တာ''

''ကောင်းတယ် ... ကားဆိုတာအကြမ်းခံနိုင်ဖို့လိုတယ်

''ဟုတ်ကဲ့''

ဦးကျော်ကြီးနှင့်သူ လေပေးဖြောင့်နေရာ သူ့အတွက်အ
အနေကမဆိုးလှ။ ဒီတစ်ခေါက်တောင်းတောင်းပန်ပန်နှင့်ပြော
ရနိုင်သည်ဟုတွေးကာ ...

''ဟို ... လေ ကျွန်တော့်ကားပြင်ထားတာ ပြင်ခ
ကို လိုတာကိုနောက်မှ ... ''

''ဘာပြောတယ် ... ကျော်ကြီးဘဝမှာ အကြွေးဆိုတ
မရှိဘူး ပြင်ခအကုန်မပေးနိုင်ရင် မင်းသွားတော့''

''ကျွန်တော် တောင်းပန်ပါတယ်ဗျာ ... ကျွန်တော်
ပြဿနာပေါင်းစုံ ... ''

''ဟေ့ကောင် ... ငါဘယ်သူ့ကိုမှ မသနားတတ်
ပြင်ခငွေအပြည့်မပေးနိုင်ရင် မင်းကားကိုပြန်မပေးနိုင်ဘူး''

''တောက်''

ထူးကျော် စိတ်အလွန်တိုသွားပြီး တောက်ခေါက်လိုက်
သည်။ ဘေးပတ်ဝန်းကျင်သို့လည်း လက်နက်တစ်ခုခုကိုရှာလိုက်
၏။ ဦးကျော်ကြီးကိုရိုက်ပြီး သူ့ကားယူကာထွက်ပြေးသွားလျှင် 
ရင်ဆိုင်နေရသည့်ပြဿနာတွေအေးသွားနိုင်သည်။

ကားတာယာအဟောင်းများထားသည့်နေရာတွင် ကာ
ကြီးများ၏မော်တာကိုလှည့်သော သံဂေါက်တစ်ခုကိုတွေ့သဖြင့်
ယူကာ ကောက်ကိုင်လိုက်ပြီး ...

''ခင်ဗျား ကျုပ်ကားသော့ပေး မပေးရင်ကျုပ်အဆိုးမ
နဲ့''





''ဟား ... ဟား ... သံဂေါက်ကိုင်ထားတဲ့မင်းလက်ကို
အောင်အရင်လုပ်ဦး ပြီးမှငါ့ကိုလာရိုက်''

''ကျုပ်ကို မရိုက်ရဲဘူးထင်နေလား''

''မင်းတော့ကွာ''

''ဘုန်း''

ဦးကျော်ကြီးက သူ့ဘေးက သံပိုက်ကိုကောက်ကိုင်ကာ
ားအမိုးကိုရိုက်ချလိုက်သည်။

''ခင်ဗျား ဘာလုပ်တာလဲ ကျုပ်ကားအမိုးပိန်သွားပြီ''

''အေး ... ဒါနမူနာပဲ ငါ့ကိုလာစိန်ခေါ်ရင် ခုနငါတူးနေ
ာင်းက မင်းအတွက်ဖြစ်သွားမယ်''

''တော်ပြီဗျာ ... ''

သံဂေါက်ကိုပစ်ချကာ ဝပ်ရှော့တွင်းမှ ထူးကျော်ထွက်လာ
ာသည်။

စိတ်တိုတိုနှင့် မြို့ထဲသွားသည့်လမ်းအတိုင်းလျှောက်လာ
မြို့တွင်းသို့ဘယ်လိုရောက်လို့ရောက်သွားမှန်းပင်မသိလိုက်။

စတိုးဆိုင်တစ်ဆိုင်ရှေ့သို့ရောက်သောအခါ ဆိုင်အတွင်းမှ
ခေါ်သောအသံကြောင့် လှည့်ကြည့်လိုက်ရာ ဦးဟိန်းအောင်
နေသည်။

''ထူးကျော် ခဏနေဦး''

''ဦးဟိန်းအောင်''

''လာကွာ ... တစ်ခုခုစားရအောင်''

စတိုးဆိုင်နှင့်မျက်နှာချင်းဆိုင်တွင်ရှိသော လူရှင်းသည့်
သောက်ဆိုင်သို့ သူ့ကိုခေါ်သွားသည်။

ဆိုင်တွင်းရောက်တော့ ...

စားပွဲလွတ်တစ်လုံးတွင်ဝင်ထိုင်လိုက်ပြီး ...

''ဘာစားမလဲ ထူးကျော်''



www.burmeseclassic.com

www.burmeseclassic.com



"အအေးပဲ သောက်မယ်ဗျာ"

"သံဘူးနှစ်ဘူးပေးကွာ"

စားသောက်ဆိုင်ကောင်တာသို့ လှမ်းအော်လိုက်ပြီး

"အဆင်ပြေလား ... ထူးကျော်"

"ဘာကိုလဲ"

"မင်းကိုငါနိုင်းထားတဲ့ မာယာထက်ကိစ္စလေ"

ထူးကျော် ခေါင်းကိုအသာယမ်းပြလိုက်၏။

"သတ်ဖို့ အခွင့်အရေးမရလို့လား"

"ကျွန်တော် ကြိုးစားကြည့်သေးတယ် ဒါပေမဲ့ သူက သိပ်လျင်တယ်"

ဦးဟိန်းအောင်ကို အကွက်စေ့စေ့ညာပြောလိုက်ရာ ဦးဟိန်းအောင်ကလည်း သူပြောတာကိုယုံကြည်ဟန်ရသည်။

"နောက်တစ်ကြိမ်ထပ်ကြိုးစားကွာ မင်းဘက်ကအောင်မြင်ရင် ငါကလည်းမင်းကိုပေးဖို့အသင့်ပဲ"

"ဦးဟိန်းအောင်"

"ပြောလေ ငါဘာစီစဉ်ပေးရမလဲ"

"ကျွန်တော့်ကို ဒီမြို့ကထွက်လို့ရအောင် ငွေနှစ်သောင်းသာပေးလိုက်ပါဗျာ ကျွန်တော် လူမသတ်ချင်ဘူး"

"မင်းလည်း မင်းဒုက္ခနဲ့မင်း ငါလည်းငါ့ဒုက္ခနဲ့ငါပါ မာယာထက်က ငါ့ကိုသတ်ဖို့ သူနိုင်းထားတဲ့လူရှိတယ်ကွ"

ထူးကျော် ရင်ထဲထိတ်သွား၏။ သူကိုယ်တိုင်လည်း မလုံမလဲဖြစ်သွားကာ ဦးဟိန်းအောင်အား စကားကိုလှည့်မေးလိုက်သည်။

"ဒါကြောင့် ခင်ဗျားက လက်ဦးချင်တာပေါ့"

"ဟုတ်တယ်လေ သူကသိပ်လှတော့ အဲဒီအလှအပကို လိုချင်တဲ့လူတွေက ငါ့ကိုသတ်ပေးပါဆို သတ်မှာပဲ"





"မာယာထက် ဒီလောက်လှတာ ခင်ဗျားဇနီးဖြစ်ပြီး သူ့ကို မချစ်ဘူးလား"

"ငါချစ်တာ သူဇာပဲ မာယာထက်ညဘက်ဆို သူဇာဖြစ်သွားတဲ့အခါ ငါဘယ်လောက်ပျော်မလဲ တကယ့်တကယ်တော့ သူဟာသူဇာအစစ်မှမဟုတ်တာ"

"မာယာထက်ပြောတော့ သူ့ကိုခင်ဗျားက မတရားသိမ်းပိုက်တာဆို"

ထူးကျော်အမေးကြောင့် ဦးဟိန်းအောင်မျက်နှာနီမြန်းလာပြီး ဒေါသအသံဖြင့် သူ့ကိုပြောသည်။

"အားလုံးကို မာယာထက်ဖန်တီးတာကွ ငါကသူ့ကို မတရားဘာမှမလုပ်ဘူး၊ ညဘက်ဆို သူအခန်းထဲကထွက်လာပြီး ငါနဲ့သူဇာနေတဲ့အခန်းကိုဝင်လာတယ် ပြီးတော့ ...

သူဇာအဝတ်အစားတွေလဲ အဲဒီအချိန်ကစပြီး သူဇာဖြစ်သွားတော့တာပဲ အစမှာ ငါအရမ်းအံ့ဩတယ် သူ့အမူအရာစကားပြောပုံတွေဟာ သူဇာမှသူဇာပဲ ငါ့ကိုပြုစုတာတွေကလည်း သူဇာသေပြီးရှင်လာသလိုမျိုး အိပ်တော့ ငါနဲ့အတူအိပ်ပေမယ့် ဒီနေ့ထိ မာယာထက်ဟာ ငါ့ကြောင့်မှဲ့တစ်ပေါက်မစွန်းသေးဘူး"

"ဟင် ... မာယာထက်က ခင်ဗျားဇနီးဆို"

"ဟုတ်တော့ဟုတ်တယ် ... ငါဆက်ရှင်းပြမယ် သူဇာအနေနဲ့ငါနဲ့အတူအိပ်ပြီး မနက်လင်းတော့ သူကိုယ်သူမာယာထက်မှန်းလည်းသိရော ငါကမတရားကြံတာတဲ့ သူ့ကိုငါအခန်းထဲထည့်ထားတယ် ဖြစ်သွားတော့တာပဲ"

"ခင်ဗျားတို့အဖြစ်တွေက ထူးဆန်းလှချည်လားဗျာ၊ ကျွန်တော် အခုလိုအဖြစ်မျိုး ကြားတောင်မကြားဖူးဘူး"

ဦးဟိန်းအောင်က တစ်စုံတစ်ခုကိုသေသေချာချာစဉ်းစားပြီး သူ့ကိုလေးနက်တဲ့စကား ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့မာယာထက်ကို သမီးအရင်းတစ်ယောက်လို တကယ်ချစ်တာ ... မင်းယုံချင်ယုံမယုံချင်နေ မတတ်သာလို့ မင်းကို သတ်နိုင်းတာ ငါ့မှာအန္တရာယ်တွေဝိုင်းနေပြီ"

"ဘယ်လိုအန္တရာယ်လဲ ကျွန်တော်သိခွင့်ရမလား"

"အသက်အန္တရာယ်"

"ဟင် ... ဟုတ်လို့လားဗျာ"

"ငါကိုယ်တိုင်ရင်ဆိုင်ရမယ့် အန္တရာယ်ကိုငါသာအသိဆုံးပဲ ထူးကျော်"

ဦးဟိန်းအောင် တစ်စုံတစ်ခုကိုတွေးကြောက်နေပုံရသဖြင့် သူ့ကိုပြောခြင်းဖြစ်သည်ဟု နားလည်လိုက်လေသည်။



## စိညာဉ်များနှင့်ဝေးရာဆီ

### အခန်း (၁၃)

ထူးကျော် သောကစံအိမ်၏ ဓာတ်ရှုပ်ကြားတွင်ယောင်ပေပေနှင့်ဝင်ကနေရသည်။ မကာလို့လည်းမဖြစ် အသိမိတ်ဆွေမရှိသော ဒီမြို့မှာ သူ့ကိုလက်ခံထားတာ သောကစံအိမ်ပဲရှိတယ်မလား ...

ဦးဟိန်းအောင်က သူ့ကိုသောကစံအိမ်သို့သာပြန်ရန်ပြောပြီး သူကညှိသည့်တစ်ဦးနှင့်တွေ့ရန်ရှိသည်ဆိုကာ စားသောက်ဆိုင်မှထွက်သွားသည်။

မြို့လယ်လမ်းမအတိုင်း လမ်းလျှောက်လာရင်း သူမနေ့ညကတွေ့ခဲ့သော သူတောင်းစားမျက်မမြင်အဖိုးအိုကို သူထိုင်တောင်းနေသည့်လမ်းဆုံအနီးတွင် တွေ့သဖြင့် အနားသို့သွားကာ

"အဖိုး ကျွန်တော့်ကိုမှတ်မိလား"

"မင်း ... စကားပြောတာဆိုတော့ မသာမဟုတ်တာ သေချာတယ်"

"မနေ့ညက တည်းခိုခန်းမေးတဲ့လူလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီဗျာ ... ဘာလဲ မိုးချုပ်နေပြီလား နေ့တာသိပ်တိုတာပဲကွာ"

"မချုပ်သေးပါဘူး ကျွန်တော်လမ်းကြုံလို့ အဖိုးနဲ့လာစကားပြောတာ"

"ငါ့သူတောင်းစားဖြစ်တဲ့သက်တမ်းတစ်လျှောက်မှာ ငါ့ကိုအရေးတယူစကားလာပြောတာ မင်းတစ်ယောက်ပဲရှိတယ်"

အဖိုးအိုစကားကြောင့် ထူးကျော်စိတ်မကောင်းဖြစ်သွားပေမယ့် အဖိုးအိုကတော့ ခပ်ပြုံးပြုံးနှင့်ပင် ...

"မင်း ... ဒီမြို့ကမထွက်သေးဘူးလား"

"မထွက်ဖြစ်သေးဘူး အဖိုး"

"ဘာဖြစ်လို့လဲ"

"ကားပြင်ခပေးဖို့ ပိုက်ဆံမပြည့်သေးဘူးလေ"

"ဟား ... ဟား ... "

သူ့စကားကရယ်စရာမပါဘဲ အဖိုးအိုက အားရပါးရရယ်မောနေသည်။

"မိတ်ဆွေမရှိတဲ့မြို့မှာ လိုတဲ့ပိုက်ဆံကိုဘယ်လိုရှာမလဲ၊ ဝပ်ရှော့ဆရာကျော်ကြီးက သိပ်တိကျတဲ့ကောင်ကွ မင်းကားပြင်ခမပေးနိုင်ရင် ဆုံးတော့မဆုံးဘူး ပေးနိုင်တဲ့နေ့ကျရင် အပ်ထားတဲ့အတိုင်းပြန်ပေးလိမ့်မယ်"

"ကျွန်တော်လည်း ဘယ်လိုလုပ်ရမှန်းမသိပါဘူး အဖိုးရယ်"

"ဒီလိုလုပ်ကွာ ဒီမြို့နဲ့အနီးဆုံးမြို့မှာရှိတဲ့ မင်းမိတ်ဆွေဆီက ပိုက်ဆံသွားယူလိုက်ပေါ့"

"ဖျောက် ... ဟုတ်လိုက်လေဗျာ"

လက်ဖျောက်တီးလိုက်ပြီး အဖိုးအိုပြောသည့်အကြံကိုသဘောတူလိုက်သည်။





"အဖိုး ... မှုဆယ်ကို ဒီမြို့ကထွက်တဲ့ကားရှိလား"

"ဒီမြို့က ဘယ်ကားမှမထွက်ဘူး ညဆယ်နာရီလောက်ဆိုဖြတ်သွားတဲ့ကားတွေရှိတယ် ဒီမြို့ကတက်တဲ့ခရီးသည်တချို့ကိုလည်းတင်သွားတယ်၊

လက်မှတ်တော့ ကြိုဝယ်ရတယ်၊ ပန်းခြံဘေးမှာလက်မှတ်ရောင်းတဲ့နေရာရှိတယ်"

"ကျေးဇူးတင်လိုက်တာ အဖိုးရယ် ရော့အဖိုးအတွက်အလှူငွေထည့်တာ"

အိတ်ထဲမှ ငါးရာတန်တစ်ရွက်ကိုထုတ်ကာ အဖိုးအိုကိုပေးလိုက်ပြီး လက်မှတ်ရောင်းသည့်နေရာသို့ ...က်လာခဲ့သည်။ ပန်းခြံဘေးတွင် သပ်သပ်ရပ်ရပ်အဆောက်အဦးငယ်လေးတစ်ခုကိုတွေ့ရသဖြင့် ဝင်စုံစမ်းလိုက်သည်။

"အဝေးပြေးလက်မှတ်ရောင်းတဲ့ ဂိတ်လား"

"ဟုတ်ပါတယ်"

စားပွဲပေါ်တွင်စာရွက်တချို့နှင့်အလုပ်ရှုပ်နေသောအမျိုးသမီးက ထူးကျော်ကိုပြန်ဖြေလိုက်၏။

ထူးကျော်လည်း စားပွဲရှေ့သို့ရပ်ကာ ...

"မှုဆယ်သွားမယ့်ကားလက်မှတ် လိုချင်..."

"ရတယ်လေ ... "

"ဘယ်လောက်ကျလဲ အမ"

"တစ်သောင်းပါ"

ထူးကျော်အိတ်ထဲက ပိုက်ဆံကိုထုတ်ကာရေလိုက်ပြီး ငွေတစ်သောင်းကိုလက်မှတ်ရောင်းသည့်အမျိုးသမီးကိုပေးလိုက်သည်။

အမျိုးသမီးက ကားလက်မှတ်ပေါ်တွင် ငွေရှင်းပြီး တံဆိပ်တုံးကိုရိုက်ကာ ...

"ညဆယ်နာရီကားရောက်မယ် ရှင်ကိုးနာရီခွဲအရောက်..."



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့ပါ''

''ဟုတ်ကဲ့ ... ကျေးဇူးပါပဲ''

ကားလက်မှတ်လေးကို ကြည်နူးစွာကိုင်ရင်း သွက်လက်သောခြေလှမ်းဖြင့် ထွက်လာခဲ့သည်။ သူပန်းခြံဘေးလမ်းအတိုင်း လျှောက်လာခဲ့ရာ သူ့နောက်မှခေါ်သံကြောင့် လှည့်ကြည့်လိုက်သည်။

''အစ်ကိုကြီး ... အစ်ကိုကြီး''

''ဟင်''

ရတနာဆိုသည့်ကောင်မလေး မကြားဟန်ဆောင်ပြီး ဆက်လျှောက်လာရာ သူ့ကိုမှီအောင်လိုက်ပြီးအနားသို့ရောက်သောအခါ ...

''ပန်းခြံလာတာလား အစ်ကိုကြီး''

''... ...''

''မနေ့ကဖြစ်တဲ့ပြဿနာအတွက် ရတနာတောင်းပန်ပါတယ် အောင်ကိုအရမ်းရိုင်းတယ်''

''... ...''

''အစ်ကိုကြီး ဒီမြို့မှာကြာဦးမှာလား အစ်ကိုကြီးဘယ်သွားချင်လဲ ရတနာလိုက်ပို့မယ် ရတနာဒီမြို့မှာ မရောက်ဘူးတဲ့နေရာမရှိဘူး''

''... ...''

သူ့ဘေးကနေတောက်လျှောက်လိုက်ပြီး စကားကိုအဆက်မပြတ်ပြောနေပေမယ့် သူတစ်လုံးမှပြန်မပြော

''ရတနာ အောင်ကို့ကို မကြိုက်ပါဘူး သူကသာ ရတနာကိုအသည်းအ ...''

''မိန်းကလေး ... ငါ့ကိုဒုက္ခမပေးပါနဲ့ မင်းလမ်းမင်းသွားပါ ငါဒီမြို့မှာ ဘာပြဿနာမှ ထပ်မဖြစ်ချင်ဘူး''





သူလျှောက်နေရင်းမှ ရုတ်တရက်ရပ်လိုက်ပြီး ကောင်မလေးမျက်နှာကိုသေချာကြည့်ကာ ပြောလိုက်သည်။

''ရတနာက ပြဿနာမဟုတ်ပါဘူး ရတနာအစ်ကိုကြီးကိုခင်တယ် အစ်ကိုကြီးရုပ်ရည်က စွဲဆောင်မှုရှိတယ်''

သူပြောလည်းမရ ကောင်မလေးက ဆက်ပြောလေရာ သူခေါင်းကိုခါရမ်းလိုက်ပြီး ခပ်မြန်မြန်ဆက်လျှောက်လာသည်။ ကောင်မလေးလည်း ဘေးကတောက်လျှောက်ဆက်လိုက်လာကာ

''အစ်ကိုကြီးမှာရည်းစားရှိလားဟင် ဒီအရွယ်ရောက်ပြီဆိုတော့ရှိမှာပဲ အစ်ကိုကြီးရည်းစားကချောလားဟင်''

''... ...''

ကားလက်မှတ်ကိုလက်ထဲကိုင်ထားရင် ရှေ့လမ်းချိုးတစ်ခုကိုဝင်ကာ မြို့လယ်လမ်းမအတိုင်းလျှောက်ဖို့အကွေ့တွင် အောင်ကိုကိုတွေ့လိုက်သည်။

သူမသိဟန်ဆောင်ပြီး အောင်ကိုရှေ့ဖြတ်အလျှောက်တွင် အောင်ကို၏အမှတ်တမဲ့ ခြေထိုးခံမှုကြောင့် သူမှောက်လျက်ကျသွားသဖြင့် လက်ထဲက ကားလက်မှတ်လည်းလွင့်ထွက်သွားသည်။

အောင်ကိုက သူလက်ထဲကလွင့်သွားသော ကားလက်မှတ်ကိုပြေးကောက်ပြီးကြည့်၏။ ပြီးတော့ ...

''ခင်ဗျားကိုကျုပ်မှာထားတယ်လေ ရတနာနဲ့ မပတ်သက်ပါနဲ့လို့''

ရတနာက လဲကျနေသောသူ့ကိုဆွဲထူပြီး ...

''အောင်ကို နင်သိပ်မိုက်ရိုင်းပါလား ဒီအစ်ကိုကြီးက ငါ့ကိုပတ်သက်တာမဟုတ်ဘူး ငါကသူ့ကိုလိုက်ပတ်သက်နေတာ''

''တော် ... ရတနာ နင့်ပါးစပ်ပိတ်ထား ခင်ဗျားကျုပ်ကိုဂရုမစိုက်တာလား''

''ငါ့ကားလက်မှတ်ပြန်ပေးပါကွာ မင်းရည်းစားကိုသည်း



www.burmeseclassic.com

www.burmeseclassic.com



ငါပတ်သက်တာမဟုတ်ဘူး''

''ဒီကားလက်မှတ်ကို ပြန်လိုချင်တယ်ပေါ့''

ကားလက်မှတ်ကို သူ့အနီးသို့လာကာထောင်ပြပြီးပြောတဲ့ အောင်ကိုကို ခေါင်းညိတ်ပြလိုက်သည်။

''ခင်ဗျားကလိုချင်တယ် ကျုပ်က ... ''

ဆိုကာ ပါးစပ်ထဲထည့်ကာ ဝါးစားလိုက်တော့သည်။

''ဟေ့ကောင် ... မင်း ... မင်း ... ''

ထူးကျော် ဒေါသကိုမထိန်းနိုင်ဘဲ အောင်ကိုမျက်နှာကို လက်သီးနှင့်စွတ်ထိုးတော့သည်။ အောင်ကိုအငိုက်မိသွားသဖြင့် နောက်သို့လန်ကျသွားရာ ခြေထောက်နှင့်အောင်ကိုမျက်နှာကို အဆက်မပြတ်ကန်လိုက်သည်။

''ဘုန်း ... ဘုန်း ... ဘုန်း''

''အား ... အား ... အား''

''သေစမ်း ငါမျှော်လင့်ချက်ကိုရိုက်ချိုးတဲ့ကောင်''

''အစ်ကိုကြီးမလုပ်ပါနဲ့ အောင်ကိုကို မလုပ်ပါနဲ့''

ရတနာကပြေးဝင်လာပြီး အောင်ကိုကို အတင်းဖက်ထားသဖြင့် သူဆက်မလုပ်တော့ဘဲ ထွက်လာခဲ့သည်။

အထိနာသွားသောအောင်ကိုကို ရတနာကဖက်ထားပြီး

''အောင်ကို ... နာသွားလားဟင် နောက်နင်မကြိုက်တာ ငါမလုပ်တော့ဘူးနော်''

ရတနာစကားသံက သူ့နားထဲမှာကြားလိုက်သည်။

အခုတော့ ...

သူ့မျှော်လင့်ချက်လုံးဝဆုံးရှုံးသွားပြီ။ ကားလက်မှတ်မရှိတော့သဖြင့် သူဒီမြို့က ဘယ်လိုမှထွက်လို့ရမှာမဟုတ်တော့။ ဒီဒေသတွေရဲ့ထုံးစံအရ ကားလက်မှတ်မရှိလျှင် ကားစီးလို့ရမှာမဟုတ်တော့ ...

---

ရှိရင်အောင်စာပေ



ကံကြမ္မာက သူ့ကိုရက်ရက်စက်စက်ကိုထိုးနှက်လေပြီ။ ဘပ်ဝယ်ဖို့ငွေကလည်း သူ့မှာလုံလောက်အောင်မရှိသဖြင့် စိတ်ပျက်လက်ပျက်ဖြစ်ကာ လေးကွေးသောခြေလှမ်းတို့ဖြင့် လမ်းလျှောက်လာသည်။

မုန့်ဆိုင်တစ်ဆိုင်ရှေ့သို့ရောက်သောအခါ ...

ဆိုင်ထဲသို့ဝင်လာပြီး ဆိုင်ရှင်အဒေါ်ကြီးအား

''ကျွန်တော့်ကို ရေသန့်တစ်ဘူးပေးပါ''

''နှစ်ရာကျမယ်''

အိတ်ထဲကနှစ်ရာတန်တစ်ရွက်ကိုထုတ်ကာ ဆိုင်ရှင်အား ပေးလိုက်သောအခါ ဆိုင်ရှင်ကအနောက်ဘက်ရေခဲသေတ္တာထဲမှ ရေဘူးတစ်ဘူးယူလာပြီး သူ့ကိုပေးသည်။

''ကျေးဇူးပဲ''

ရေဘူးကိုယူကာ ဆိုင်အပြင်သို့ထွက်လာပြီး အဖုံးဖွင့်ကာ မော့သောက်လိုက်တော့ ...

သူ့ပါးစပ်ထဲကရေတွေလျှံပြီး ရင်ဘတ်ပေါ်ကျသဖြင့် ရင်ဘတ်တစ်ခုလုံးရွဲသွားလေသည်။ ဝမ်းထဲရောက်သွားတဲ့ရေရော ရင်ဘတ်ထဲစိုနေတဲ့ရေရော သူ့ကိုမအေးစေတာတော့ သူ့ကိုယ်တိုင်သိသည်လေ ...

---

ရှိရင်အောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

ထူးကျော်သောကစ်အိမ်သို့သာပြန်လာပြီး ခြံထဲရောက်တော့ မြင်းစာကျွေးနေသော မာယာထက်က ...

"ဟေး ... အစ်ကို ယာယာဒီမှာ"

ထူးကျော် မာယာထက်ရှိရာမြင်းဇောင်းသို့သွားကာ အစာစားနေသော မြင်းချောကြီးများကို စိတ်ဝင်တစားကြည့်နေလိုက်၏။

"အစ်ကို ... တစ်နေကုန်ဘယ်တွေလျှောက်သွားနေတာလဲ"

"ဟိုနား ဒီနားပါ"

"ယာယာတို့မြို့က လျှောက်လည်စရာသိပ်မရှိပါဘူး အစ်ကိုရဲ့"

"အင်း"

သူပြန်ဖြေလိုက်ပြီး ထူးခြားစွာလှပလွန်းသည့် မာယာ





ထက်မျက်နှာကိုငေးကြည့်နေမိသည်။

"ယာယာက တော်တော်လှတာပဲ"

"ရှင်"

ခေါင်းကိုငုံ့ကာရှက်သွားသော မာယာထက်ကို

"ကိုယ် ... သဘောရိုးနဲ့ပြောတာပါ"

"ရပါတယ် အစ်ကိုရဲ့ ကိုယ့်ကိုလှတယ်လို့ပြောတဲ့လူကိုကျေးဇူးတောင်တင်ရဦးမယ်"

"ယာယာမြင်းကြီးတွေလည်း လှတာပဲ"

"ယာယာကလှတော့ ယာယာမြင်းတွေလည်းလှနေတာပေါ့ ... ခစ် ခစ်"

ပြောကာ သဘောကျစွာဖြင့် မာယာထက်ရယ်လေသည်။

"ဟုတ်ပါတယ် ... ဗျာ ဒီအိမ်ကြီးကလည်းလှ ဒီအိမ်ကအိမ်ရှင်မကလည်းလှ မွေးထားတဲ့မြင်းတွေကလည်းလှ အားလုံးလှနေတော့တာပဲ"

"မလှတာရှိတယ် အစ်ကို"

"ဘာတွေလဲ"

"ဦးဟိန်းအောင်လေ"

"ဟုတ်တယ် ... ဟုတ်တယ်"

"ခစ် ... ခစ် ခစ်"

"ဟား ... ဟား ... ဟား ... "

နှစ်ဦးသား သဘောကျစွာ ရယ်မောလိုက်ကြသည်။

ထို့နောက် ... မာယာထက်က

"ယာယာကမြင်းမွေးတာ ဝါသနာပါတယ် ဦးဟိန်းအောင်ကခွေးမွေးတာ ဝါသနာပါတယ်"

"ကိုယ်ခြံထဲမှာခွေးတစ်ကောင်မှ မတွေ့ပါဘူး"

"ဦးဟိန်းကောင်က ခွေးတွေကိုညဘက်မှလွှတ်တာသူ



www.burmeseclassic.com

www.burmeseclassic.com



မွေးထားတဲ့ခွေးတွေက မျိုးကောင်းမျိုးသန့်တွေ လာအစ်ကို့ကို ပြမယ်''

မာယာထက်ခြံအနောက်ဘက်သို့ခေါ်သွားပြီး သစ်ပင်အုပ်ဆိုင်းဆိုင်းဘေးတွင် လုပ်သေသပ်သောခွေးလှောင်အိမ်များကို တွေ့ရသည်။

''ဝုတ် ... ဝုတ် ... ဝုတ်''

သူတို့နှစ်ယောက်လာတာကိုမြင်သောအခါ ခွေးများက ဟောင်လေသည်။

''တောက် ... တိတ်စမ်း ဒါညီ့သည်''

မာယာထက်ကဟန့်လိုက်ရာ ခွေးများငြိမ်သက်သွား၏။ ခွေးများ၏အရောင်မှာ တစ်ကိုယ်လုံးအနက်ရောင်ဖြစ်ပြီး ရင်ဘတ်တွင်အဝါရောင်အစင်းကျားတစ်ခုရှိသည်။ အမြီးတုံးကြီးများဖြစ်ကာ မျက်လုံးများကနီရဲစွာတောက်ပနေသဖြင့် မြင်ရသူများ သွေးပျက်လောက်သည်။

''ခွေးတွေပုံက ကြောက်စရာကြီး''

''ရော့ဝေလာ အမျိုးအစားခွေးတွေလေ ထိုင်းမျိုးခွေးတွေပေါ့ မှတ်ဉာဏ်သိပ်ကောင်းတာ''

''ခွေးကသုံးကောင်တောင်နော် ပြီးတော့ အထီးတွေချည်းပဲ''

''ဦးဟိန်းအောင်ရဲ့သစ္စာခံတွေပေါ့ ဦးဟိန်းအောင်ကိုသတ်ရင် အဲဒီခွေးတွေကိုအရင်သတ်မှ သူတို့ကဦးဟိန်းအောင်နားကို ဘယ်သူမှကပ်လို့မရအောင်စောင့်ကြတယ်''

မာယာထက်ကခွေးတွေကိုကြည့်ပြီး စကားကိုတစ်လုံးချင်းသူ့ကိုပြောလေသည်။

''လာ ... အစ်ကို အိမ်ရှေ့က စားပွဲဝိုင်းမှာသွားထိုင်ရအောင်''





နှစ်ဦးသားအိမ်ရှေ့သို့ထွက်လာပြီး ခြံထဲကကျောက်စားပွဲဝိုင်းမှာထိုင်လိုက်ကြသည်။

ထူးကျော် ... ကို မာယာထက်ကသေသေချာချာကြည့်ပြီး ...

''ဦးဟိန်းအောင်ကိုသတ်ပြီး ယာယာတို့ရန်ကုန်ကိုသွားကြမယ် အဲဒီလူကြီးရဲ့ပိုင်ဆိုင်မှုပစ္စည်းတွေကိုလည်း အကုန်ယူသွားမယ် ဟိုကျရင် အစ်ကိုနဲ့ယာယာ ဘဝတစ်ခု ...''

စကားသံက ဆက်ထွက်မလာရက်ရှုံ့မှုနှာနဲ့ခေါင်းငုံ့သွားသည့်မာယာထက်ကို ထူးကျော်က ...

''ဦးဟိန်းအောင်ကိုသတ်လိုက်လို့ တရားဥပဒေလက်ကလွတ်မယ်ထင်လို့လား''

''ယာယာစဉ်းစားပြီးပြီ သူ့အလောင်းကိုချောက်တစ်ခုထဲပစ်ချလိုက်မယ် အလောင်းပျောက်သွားတော့ ဒီမြို့ကလူတွေရဲ့အထင်မှာ ယာယာနဲ့ဦးဟိန်းအောင်တစ်နေရာရာကိုထွက်သွားကြတယ်ထင်ကြမှာပဲ ...

လူတွေမေ့သလောက်ရှိမှ ဒီကိုယာယာတို့ပြန်လာပြီး ဒီအိမ်နဲ့ဦးဟိန်းအောင်ပိုင်တဲ့ခြံတွေလုပ်ငန်းတွေကိုရောင်းမယ်''

''ဒီမှာ ပြန်မနေဘူးလား''

''ယာယာ ဒီမှာတစ်စက္ကန့်တောင် မနေချင်ဘူး''

မာယာထက်က သူ့အတွေးအမြင်ကို ထူးကျော်ကိုရှင်းပြသည်။ ထူးကျော်က ဘာမှမှတ်ချက်မပေး သူကိုယ်တိုင်မာယာထက်အစီအစဉ်တွေမှာ စွန့်စားဖို့သတ္တိမရှိပါ သူ့ဆန္ဒက သူ့ကားကိုယူပြီး ဒီမြို့ကနေ အမြန်ဆုံးထွက်သွားချင်တာလဲ ...

ပြဿနာတစ်ခုမှမတက်ချင်ပါ ...

ထိုအချိန်တွင်

''ဟူး ... ကျွီ ... ''



www.burmeseclassic.com

www.burmeseclassic.com



ဦးဟိန်းအောင်၏ကားခြံထဲသို့ဝင်လာပြီး အိမ်ဘေးတွင်ရပ်ကာ သူတို့ထိုင်နေရာဆီသို့လျှောက်လာသည်။ အနားရောက်တော့

"ထူးကျော် ... ထမင်းစားပြီးပြီလား"

"မစားရသေးဘူး"

"ခဏနေရင် စားတာပေါ့ ..."

"ယာယာထမင်းပွဲသွားပြင်လိုက်မယ်"

မာယာထက် စားပွဲပိုင်းမှထကာ အိမ်ထဲသို့ဝင်သွား၏။

"ဦးဟိန်းအောင်ခွေးတွေကို ဘယ်အချိန်လွှတ်ပေးလဲ"

"မင်းတွေ့ခဲ့ပြီးပြီပေါ့"

"မာယာထက် ခုနကလိုက်ပြ...ယ် သုံးကောင်တောင်နော် ခွေးတွေရဲ့ဒေါင်ကလည်းမနည်းဘူး"

"ဟုတ်တယ် ထူးကျော် ဒီကောင်တွေက ပါးရေနပ်ရေသိပ်ရှိတာ တော်ရုံရန်သူလောက်ကို မမှုဘူး၊ သခင်အတွက်ဆို အသက်ပေးရဲတဲ့သစ္စာခံတွေပေါ့"

"ညွှန်းလှချည်လား"

"မင်းစောင့်ကြည့်လေ ငါ့အသက်ကိုတော်ရုံလုပ်ကြံလို့မရဘူး ငါ့အနားကပ်တာနဲ့ တစစီဆွဲဖဲ့ကြလိမ့်မယ်"

ဦးဟိန်းအောင်ရဲ့စကားက ခြိမ်းခြောက်တာလည်းပါသလို သတိပေးတာလည်းပါ၏။ အခုချိန်မှာ သူကနှစ်ဖက်သူလျှိုလိုဖြစ်နေသည်လေ ...

"ခွေးတွေကို ညဘက်မှခြံထဲလွှတ်တာမလား"

"ခြံထဲမလွှတ်ဘူး အိမ်ထဲလွှတ်ထားတာ"

"ကျွန်တော် အိပ်တဲ့အခန်းကတံခါးရှိတာမဟုတ်ဘူး ကျွန်တော်ကိုဝင်ကိုက်သွားဦးမယ်"

"မစိုးရိမ်ပါနဲ့ ငါ့ကိုအန္တရာယ်ပေးတဲ့လူ မပေးတဲ့လူကို သူတို့သိပါတယ်"





ထူးကျော် စိတ်သက်သာရာရသွားသော်လည်း ကြက်သိန်း တော့အနည်းငယ်ထမိသည်။

"လာကွာ ထမင်းသွားစားရအောင် မိုးလည်းချုပ်တော့မယ်"

"ဟုတ်ကဲ့"

ဦးဟိန်းအောင်နှင့်အတူ အိမ်ထဲဝင်လာပြီး ထမင်းစားခန်းသို့လာခဲ့ကြ၏။ ထမင်းစား စားပွဲပေါ်တွင် ထမင်းဟင်းတို့ကိုအဆင်သင့်တင်ထားသည်ကိုတွေ့ရသော်လည်း မာယာထက်ကိုတော့မတွေ့ရပေ။

ထမင်းစားနေရင်း ထူးကျော်စိတ်ထဲအတွေးတစ်ခုဝင်လာသဖြင့် ...

"ဦးဟိန်းအောင် မာယာထက်က ဟင်းတွေထဲအဆိပ်ထည့်ထားရင် ဘယ်လိုလုပ်မလဲ"

"ဟား ... ဟား ... ဟား"

ဦးဟိန်းအောင်က လှိုက်လှိုက်လှဲလှဲရယ်မော၏။

"မင်းငတုံးပဲ ငါထမင်းစားရင်း အဆိပ်မိသေသွားရင် သူ အဖမ်းခံရမှာပေါ့ မပူနဲ့ သူကိုယ်တိုင်ငါ့ကိုမသတ်ဘူး သတ်ပေးဖို့လူပဲလိုက်ရှာနေတာ"

"ခင်ဗျားတို့ကလဲဗျာ တစ်ယောက်နဲ့တစ်ယောက်ပြေလည်အောင်ညှိလိုက်ပါလား"

"ဘယ်လိုညှိမလဲ ထူးကျော် ငါက သူ့အမေယောက်ျားဖြစ်ခဲ့တယ် သူစိတ်ထဲမှာ ငါကသူ့အမေကိုသတ်ခဲ့တယ်ဆိုတဲ့အသိကစွဲနေတာ"

"ခင်ဗျား ... သူ့အမေကို တကယ်သတ်ခဲ့တာလား"

ဦးဟိန်းအောင်က ထမင်းစားလက်စကိုသတ်ကာ အဝတ်သန့်ဖြင့် နှုတ်ခမ်းကိုသုတ်လိုက်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"မင်းအိပ်တဲ့အခန်းမှာ သူဇာနေမကောင်းဖြစ်တုန်းက နေခဲ့တယ် ပထမအပြင်းဖျားတယ်၊ နောက်တော့ အဖျားအရှိန်တက်ပြီး စိတ်ကယောင်ချောက်ချားဖြစ်တော့တာပဲ ...

သူသမီးကိုခေါ်ပေးပါ သူသေတော့မယ်နဲ့တစ်ချိန်လုံးပြောနေတယ် ငါအပြင်မှာဈေးသွားဝယ်တုန်းက ဘယ်ကဘယ်လိုအခေါင်းမှာလိုက်လဲမသိဘူး မြင်းလှည်းသမားကအခေါင်းလာပို့တယ် ...

နောက်တော့ စိတ်ကယောင်ချောက်ချားဖြစ်ပြီး ငါ့အလစ်မှာ အိမ်ကထွက်ပြေးပြီး မင်းကိုပထမဆုံးငါစတွေ့တဲ့ချောက်ထဲခုန်ချသွားတယ် ... "

"ဩော် ... "

ထူးကျော် သူ့ခုတင်အောက်က အခေါင်းအကြောင်းကိုတော့မမေးတော့ဘဲ မာယာထက်ဘဝကနေ ဒေါ်သူဇာဖြစ်သွားတဲ့ထူးဆန်းသောအကြောင်းကိုသာ မေးလိုက်သည်။

"မာယာထက်ကနေ ညဘက်ဒေါ်သူဇာစရိုက်ပြောင်းသွားတာတော့ အံ့ဩဖို့ကောင်းတယ်နော်"

"ငါအဖြေရှာဖို့ ခဏနေရင် စိတ်ရောဂါအထူးကုဆရာရောက်လာလိမ့်မယ်"

ဦးဟိန်းအောင်ကပြောပြီး ထူးကျော်ထမင်းစားပြီးအောင်စောင့်ကာ အိမ်ရှေ့ညေ့ခန်းသို့ထွက်လာခဲ့တော့သည်။



## ဘဝဟောင်းကိုပြန်ခေါ်သူ

### အခန်း (၁၅)

ဦးဟိန်းအောင်ခေါ်ထားသော ဆရာဝန်ရောက်လာသောအခါ ဒေါ်သူဇာက ...

"မောင် ... ညေ့သည်ကို ညဘက်လာခိုင်းရတယ်လို့အားနာစရာ ပြန်ရင်မှောင်နေတော့မယ်"

"အားနာစရာမလိုပါဘူး သူဇာရဲ့ ကိုအာကာနဲ့မောင်နဲ့က မိတ်ဆွေရင်းတွေလေ သူကနေ့လယ်ပိုင်းအလုပ်သိပ်များတာ ညဘက်မှ အေးအေးဆေးဆေးစကားပြောလို့ရတယ် ဟုတ်တယ်နော် ... ကိုအာကာ"

"ဦးဟိန်းအောင်ပြောတာ ဟုတ်တယ်ဒေါ်သူဇာရဲ့ ကျွန်တော်ကနေ့လယ်ခင်း အလုပ်အရမ်းများတာ"

"ကိုအာကာက ဘာအလုပ်လုပ်လဲ"

ဒေါ်သူဇာက ကိုအာကာအလုပ်များတဲ့အကြောင်းကိုသိချင်သဖြင့် မေးလိုက်ရာ ဦးဟိန်းအောင်ကဝင်ပြီး ...

"ကိုအာကာက ဆရာဝန်လေ ကြိုတုန်း သူဇာကို ကျန်း



www.burmeseclassic.com

www.burmeseclassic.com



မာရေးစစ်ဆေးပေးပါဦး ကိုအာကာရဲ့"

"အို ... မောင်ကလည်း သူဇာမှာ ဘာရောဂါမှမရှိပါဘူး"

"မောင်လည်းစစ်ဆေးမှာ လူဆိုတာပြောလို့ဘယ်ရမလဲ ကိုယ့်ကိုယ်ကိုယ်ကောင်းတယ်ထင်ပေမယ့် ဝမ်းထဲမှာဖြစ်နေတာ မြင်ရတာမဟုတ်ဘူး"

"သူဇာက အားနာလို့ပါ"

"ကိုအာကာဆိုတဲ့လူက အားနာရမယ့်လူမဟုတ်ဘူးလာ ရောဂါစမ်းသပ်ခံကြမယ်"

ထူးကျော် သူတို့ပြောနေတာကိုဘေးကထိုင်ကြည့်နေပြီး ဦးဟိန်းအောင်က မျက်ရိပ်ပြပြီးခေါ်သဖြင့် ဒေါ်သူဇာကိုစမ်းသပ်မည့် ဦးဟိန်းအောင်တို့အိပ်ခန်းကိုလိုက်လာသည်။

အိပ်ခန်းရောက်သောအခါ ဒေါ်သူဇာ စမ်းသပ်ခံစေရန် ဦးဟိန်းအောင်က အရင်စမ်းသပ်ခံပြသည်။

ဒေါက်တာအာကာကလည်း ဦးဟိန်းအောင်ကိုဟန်လုပ်စမ်းသပ်ပြီး ဒေါ်သူဇာခုတင်ပေါ်လှဲနိုင်းလိုက်သည်။

"ဦးဟိန်းအောင်နဲ့ ဒီကညီလေးအခန်းအပြင်ထွက်ပေးပါ"

"ဟုတ်ကဲ့ ကိုအာကာ လိုအပ်တဲ့ကျန်းမာရေးစစ်ဆေးမှု အကုန်လုပ်ပေးပါ"

"စိတ်ချပါ"

ထို့နောက် ဦးဟိန်းအောင်နှင့်ထူးကျော်တို့ ဧည့်ခန်းသို့ ပြန်လာကာထိုင်စောင့်နေလိုက်သည်။ ထူးကျော်က ...

"ဘယ်လိုရည်ရွယ်ချက်နဲ့ စိတ်ရောဂါကုဆရာဝန်ကို ခေါ်ပြတာလည်း ဦးဟိန်းအောင်"

"မာယာထက်ဟာ ငါ့ရန်သူဖြစ်နေတာ သူဇာဘဝပဲ ဖြစ်စေချင်တယ် သူဇာဘဝဆိုတာ သူ့ကိုဝိညာဉ်ကပူးတာပဲဖြစ်ဖြစ်





အခြားအကြောင်းပဲဖြစ်ဖြစ် မာယာထက်ကိုကပ်နေတဲ့ဘဝပဲ"

"မာယာထက်ဟာ သူဇာဘယ်တော့မှဖြစ်လာမှာ မဟုတ်ဘူး"

"ခင်ဗျားပဲ မာယာထက် ဒေါ်သူဇာဘဝဖြစ်နေတာကို ကျေနပ်တယ်ဆို"

"အေး ... ကျေနပ်ပြီး ငါမသတ်ရက်ရင် ငါ့အသတ်ခံရဖို့နီးနေပြီ၊ သူမှာ သူဇာဘဝလည်းမရှိတော့ဘူးဆိုရင် သူသေသွားရင်ငါထူးပြီး ဝမ်းနည်းစရာမလိုဘူး"

"စိတ်ရှုပ်တယ်ဗျာ"

"စိတ်ရှုပ်မနေနဲ့ မင်းသူ့ကိုဘယ်လိုသတ်မလဲစဉ်းစားထား"

ထူးကျော် ဘာမှဆက်မပြောတော့ ဦးဟိန်းအောင်က အိပ်ခန်းဘက်သို့သာကြည့်နေသည်။

အချိန်အတန်ကြာသွားသောအခါ ...

ဒေါက်တာအာကာ ဧည့်ခန်းထဲသို့ဝင်လာပြီး ...

"ဒေါ်သူဇာ အိပ်ပျော်နေပြီ ကျွန်တော်အိပ်ငွေ့ချခဲ့တာပါ"

"အခြေအနေ ဘာထူးလဲ ကိုအာကာ"

"ကျွန်တော်ယူဆတာက သူ့မှာစိတ်ရောဂါရှိနေတယ် သူ့ကိုယ်သူမာယာထက်ဘဝထက် သူ့အမေဒေါ်သူဇာကိုအရမ်းစွဲလန်းရာကနေ အခုလိုဖြစ်နေတာ ...

လူတွေယူဆသလို ဝိညာဉ်ပူးတာကပ်တာမဟုတ်ဘူး"

"သူ့ကိုယ်သူ မာယာထက်အစစ်အမှန်ဖြစ်မှန်းသိဖို့ ကိုအာကာလုပ်ပေးလို့မရဘူးလား"

"သူ့အပေါ်မှာ မူတည်ပါတယ် ဦးဟိန်းအောင်ပြောသလို မာယာထက်အဖြစ်အိပ်ပျော်သွားတာနဲ့ ခဏအကြာမှာထလာပြီး ဒေါ်သူဇာဘဝဖြစ်သွားတယ်ဆိုတာ အာရုံကြောတစ်ခုအားနည်း



www.burmeseclassic.com

www.burmeseclassic.com



ရာကဖြစ်တာပါ ...

ဒါကလဲ ကြိုတောင့်ကြို့ခဲဖြစ်တတ်တဲ့ရောဂါတစ်မျိုးပါ''

''ကုလို့မရတော့ဘူးလား ကိုအာကာ''

ထူးကျော်ကဝင်မေးလိုက်ရာ ဒေါက်တာအာကာက

''လူနာကုသိုလ်ကံနဲ့ အခြားအကြောင်းကြောင်းပေါ်မှာ မူတည်ပါတယ် စိတ်ရောဂါကိုစိတ်နဲ့ပြန်ကုတဲ့ကုထုံးလိုပေါ့''

''သူ့ဇာ ဝိညာဉ်သူကိုဝင်ကပ်နေတာ မဟုတ်ဘူးလား''

''အများအမြင်ကတော့ အဲဒီလိုပဲနေမှာပါ ကျွန်တော်က ဆရာဝန်ဆိုတော့ လူနာလို့ပဲမြင်တယ်

အခုဖြစ်နေတဲ့ ... ရောဂါက စွဲလမ်းစိတ်အခြေခံရာက နေ သူစွဲလမ်းတဲ့လူရဲ့စိတ်နဲ့ ဟန်ပန်တွေပါဖြစ်လာတာပါ''

''ကိုအာကာ အိပ်ဆေးချတော့ သူ့ဇာကအလွယ်တကူလက်ခံရဲ့လား''

''သူမသိပါဘူး ကျွန်တော်မေးတဲ့မေးခွန်းတွေကို မာယာထက်အနေနဲ့ပဲဖြေတာပါ''

ဦးဟိန်းအောင်က ဒေါက်တာအာကာပြောတာများကို လေးနက်စွာစဉ်းစားပြီး ...

''မာယာထက် ဟန်ဆောင်နေတာတော့ မဟုတ်ဘူးမလား''

''ဟန်မဆောင်ပါဘူး သူတကယ်ဒေါ်သူဇာဖြစ်နေတာပါ''

''ဟုတ်ပြီလေ ... ကိုအာကာအမြန်ဆုံး သူ့ဘဝအမှန်ပြန်ရောက်အောင် ကြိုးစားကုပေးပါ''

''ဒီလိုရောဂါမျိုးက အခုကု အခုပျောက်တာမဟုတ်ဘူး၊ အချိန်တစ်ခုပေးရလိမ့်မယ်''

''ကိုအာကာသဘောပါပဲ''

မတတ်သာ၍ စိတ်လျှော့လိုက်သည့်ပုံစံဖြင့် ဦးဟိန်းအောင်





ကပြောလိုက်ရာ ဒေါက်တာအာကာက လက်ကနာရီကိုကြည့်ပြီး ပြန်ရန်ပြင်လိုက်သည်။

''ကျွန်တော်ပြန်ဦးမယ် နောက်နာရီဝက်လောက်ဆို ဒေါ်သူဇာပြန်နိုးလာလိမ့်မယ်''

''ဟုတ်ကဲ့ ကိုအာကာ''

ဦးဟိန်းအောင်က ဒေါက်တာအာကာကိုခြံဝထိလိုက်ပို့ပေး ပြီးနောက် အိမ်ထဲသို့ပြန်ဝင်ခဲ့သည်။

ညှိခန်းထဲပြန်ရောက်တော့ ထူးကျော်အား ...

''မင်းအိပ်ချင်ပြီလား''

''အိပ်တော့ မအိပ်ချင်သေးပါဘူး ဒါပေမဲ့ အနားတော့ ယူချင်ပြီ''

''ဒါဆိုလာ ... ငါမင်းအခန်းကိုလိုက်ပို့ပေးမယ်''

ဦးဟိန်းအောင်ခေါ်ရာနောက်သို့ ထူးကျော်လိုက်လာသည်။ တစ်ညအိပ်ခဲ့ဖူးပေမယ့် အိပ်ခန်းသို့တစ်ယောက်တည်းတန်းမသွား တတ်။ အခန်းသို့သွားသည့် လမ်းများမှာ ရှုပ်ထွေးနေသည်။ အခန်းလွတ်များနှင့်သော့ပိတ်ထားသောအခန်းများစွာရှိ၏။

အခန်းဝသို့ရောက်သောအခါ ...

''မင်းကိုမှာထားဦးမယ် ဘယ်လိုအကြောင်းနဲ့မှ အခန်းပြင် မထွက်နဲ့''

''ကောင်းပါပြီ''

ဦးဟိန်းအောင်ထွက်သွားသောအခါ ထူးကျော်စိတ်ထဲ၌ ဦးဟိန်းအောင်က သူ့ကိုထူးကျော်ညဘက်လာသတ်မှာစိုးလို့ အခန်း အပြင်ထွက်လျှင်အန္တရာယ်ရှိသည်ဆိုသည့်သဘောမျိုးဖြင့် ခြိမ်း ခြောက်သွားတာပဲဖြစ်မည်ဟု တွေးမိလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အမှောင်ထဲကမျက်လုံး

### အခန်း (၁၆)

ညအမှောင်က ပိန်းပိတ်နေအောင်မဲမှောင်နေသလို တိတ်ဆိတ်ငြိမ်သက်နေသည်မှာ မကြာမီရောက်လာတော့မည့်အန္တရာယ်ကိုစောင့်နေသည့်ပုံဖြစ်၏။

ထူးကျော် အိပ်လို့မပျော်ပါ မီးလည်းပျက်နေသောကြောင့် အမှောင်ထဲတွင် စမ်းတဝါးဝါးနှင့်ဟိုလျှောက်သည်လျှောက်လုပ်နေလိုက်သည်။

အခန်းအပြင်ဘက်သို့လည်းမထွက်ရဲ။ သူ့ခုတင်အောက်မှာ အခေါင်းရှိသည်ဆိုတဲ့အတွေးက သူ့စိတ်ကိုချောက်ချားနေရာ အိပ်မပျော်ဘဲ ခုတင်ပေါ်မတက်ရဲဖြစ်နေသည်။

''ဒုန်း ...''

''အမလေး''

သူ့ခုတင်အောက်အခေါင်းထဲမှ တစ်စုံတစ်ခုက ရုန်းကန်နေသောကြောင့် သူလန့်သွားသည်။ ခုတင်အောက်သို့ ကြောက်ကြောက်နှင့်ငုံ့ကြည့်လိုက်ရာ ...

''ဒုန်း ... ဒုန်း ... ဒုန်း''





အခေါင်းက သူ့ခုတင်အခင်းကို အဆက်မပြတ် ခုန်တိုက်နေရာ သူ့တစ်ကိုယ်လုံး တဆတ်ဆတ်တုန်ပြီး ချွေးစီးတို့ နဖူးမှစီးကျလာလေ၏။

သူ နံရံသို့ဖင်ရွေ့ဖင်ရွေ့သွားရင်း နံရံနှင့်ကျောကိုကပ်ထားလိုက်ချိန်တွင် ...

''အူး ...''

''ဟာ ...''

အခေါင်းထဲက ချွေးအူသံအဆက်မပြတ်ထွက်လာသဖြင့် နားနှစ်ဖက်ကို လက်နှင့်အတင်းပိတ်ထားလိုက်၏။

''ရှပ် ... ရှပ် ... ရှပ်''

အခန်းအပြင်မှာလည်း ခြေသံကို ကြားရပြန်ရာ သူ မတ်တတ်ထရပ်ပြီး အခန်းအပေါက်ဝမှ ခုံဘေးတွင်ကပ်ကာ ခေါင်းကို အခန်းအပြင်ကိုပြူကြည့်လိုက်သောအခါ ...

''ဟာ ... ဘာကြီးလဲ''

မှောင်မဲနေပေမယ့် အနက်ရောင်အရိပ်မည်းကြီး တရွေ့ရွေ့နှင့်လမ်းလျှောက်နေသည်ကို ကြောက်မက်ဖွယ်ရာတွေ့ရလေသည်။

''ရှပ် ... ရှပ် ... ရှပ်''

ခြေသံတွေက နေရာအနှံ့ထွက်လာသလိုထင်ရသဖြင့် ကိုယ့်နားကိုတောင် မယုံသလိုဖြစ်နေ၏။

''ဒီအိမ်ကြီးက သရဲတကယ်ခြောက်တာလား ဒါမှမဟုတ် ဘာတွေလဲ ...''

စိတ်ထဲက ပြောလိုက်ပြီး ခုတင်ပေါ်သို့တက်လာကာ လှဲအိပ်လိုက်ရာ ကံကောင်းစွာဖြင့် ခုတင်အောက်က အခေါင်းလှုပ်ရှားခြင်း မပြုတော့ပေ။

''ရှပ် ... ရှပ် ... ရှပ်''



www.burmeseclassic.com

www.burmeseclassic.com



ခြေသံကကြားရပြန်ပြီ။

မရဲတရဲနှင့်အခန်းဝကိုကြည့်လိုက်ရာ ...

"ဟင် ..."

မျက်လုံး မျက်နီနီနှစ်လုံးက အခန်းဝမှ သူ့ကိုကြည့်နေသည်ကိုတွေ့ရသဖြင့် ကြောက်စိတ်ကြောင့် အံ့ဩမှင်သက်သွားသည်။

သူ့ခုတင်အောက်မှ အခေါင်းကလည်း အနည်းငယ်လှုပ်နေပုံရသည်။

နာနာဘာဝတွေ ဒီအိမ်ကြီးမှာ ကြီးစိုးနေပါလား။ သူဘာလုပ်ရမလဲ။ အလျင်အမြန်စဉ်းစားလိုက်သည်။

ခုတင်အောက်က အခေါင်းအတွက် သိပ်မစိုးရိမ်မိ အခန်းအဝက ဘာမှန်းမသိတဲ့ မျက်လုံးအနီနှစ်လုံးကို စိုးရိမ်လာသည်။

"ရော့ကွာ ..."

ခေါင်းအုံးနှင့် အခန်းဝဆီသို့ ပစ်ပေါက်လိုက်ရာ အံ့ဩစွာပင် မျက်လုံးနှစ်လုံး ပျောက်သွားသည်။

"ဟင်း ..."

ထိုအခါမှ သူသက်ပြင်းချနိုင်သည်။ တစ်ခါ ခုတင်အောက်ကိုဆင်းပြီး ခေါင်းအုံးကိုကောက်ယူရန် အခန်းအပြင်သို့ထွက်လိုက်သောအခါ သူနှင့်မလှမ်းမကမ်းတွင်ရှိသော အရိပ်တစ်ခုကိုတွေ့ရသဖြင့် ကြက်သီးများထလာပြီး သေချာကြည့်လိုက်ရာ ...

"ဟင် ... ဒေါ်သူဇာပါလား"

မှောင်နေပေမယ့် ကိုယ်နေဟန်အချိုးအစားမှာ ဒေါ်သူဇာဖြစ်မှန်းတော့ သူသိသည်။ ဒါပေမဲ့ ...

သေသွားပြီးပြီဖြစ်တဲ့ ဒေါ်သူဇာဝိညာဉ်လား ဒါမှမဟုတ် မာယာထက်ကိုယ်ကို ပူးကပ်နေတဲ့ ဒေါ်သူဇာလား ...

သူ့ကိုမြင်တော့ ကျောခိုင်းပြီးထွက်သွား၏။ ထူးခြားတာ





က လမ်းလျှောက်သည့်ပုံဖြစ်နေသည်။

လေထဲမှာပဲ လွင့်နေသည်လိုလို ဖားလျားချထားသော ဆံပင်တို့က သူ့ကျောလယ်တွင် ဖွာလန်ကြဲနေပြီး ခြေသံကမူ လိုအပ်တာထက် ပိုပြင်းနေသည်ဟုထင်မိသည်။

သူလှမ်းမခေါ်ရဲ။ ဒေါ်သူဇာအစစ်ဆိုရင် သူ့ကိုလှည့်ကြည့်တဲ့အခါ မျက်နှာက နဂိုပုံအတိုင်း ဖြစ်မနေလျှင် သူသွေးတက်ပြီးသေသွားနိုင်သည်။

ဆက်မကြည့်တော့ဘဲ အခန်းထဲသို့ဝင်ကာ ခုတင်ပေါ်တက်ပြီး အိပ်ပျော်အောင် ကြိုးစားလိုက်တော့သည်။

နောက်တစ်နေ့နံနက်လင်းသောအခါ ...

ဦးဟိန်းအောင်က သူ့ကိုလာနှိုးသဖြင့် ထလိုက်လာပြီး ရေချိုးမျက်နှာသစ်ပြီးနောက် ညှိခန်းထဲသို့ထွက်လာခဲ့သည်။

"ထူးကျော် ငါခြံထဲသွားတော့မယ် ... မင်းကို ငါမှာထားတဲ့ကိစ္စ လုပ်ဦးနော်"

"ဘာကိုလဲ ..."

"မသိချင်ယောင်ဆောင်မနေပါနဲ့ကွာ ... မင်းငွေလိုနေတယ်မလား ... ဒီတော့ ငွေရချင်ရင် ငွေရတဲ့အလုပ်ကို လုပ်ရမယ် ... မင်းသဘောပေါက်ပါတယ် ..."

"အခွင့်အရေးမရရင်ရော ..."

"နောက်နှစ်ရက် အချိန်ပေးမယ် ... အဲဒီနှစ်ရက်မှာ မလုပ်နိုင်ရင်တော့"

ဦးဟိန်းအောင်က သူ့ကိုလက်ညှိုးနှင့်လက်မကိုကိုင်ကာ သေနတ်ပစ်မည့်ပုံလုပ်ပြသဖြင့် မာယာထက်ကိုမသတ်နိုင်ရင် သူ့



www.burmeseclassic.com

www.burmeseclassic.com



ကိုသတ်မည်ဆိုတဲ့ အစီအစဉ်ပျက်သက်ရောက်သဖြင့် ...

"ကြိုးစားကြည့်မယ်ဗျာ ... "

"အဲဒီလိုလုပ်စမ်းပါ ... မိန်းမတစ်ယောက်ကိုသတ်ရတဲ့ အလုပ်က ဘာမှခက်တာမဟုတ်ဘူး ... ကဲ ... ငါသွားပြီ"

ဦးဟိန်းအောင် အိမ်ထဲမှထွက်သွားပြီး မကြာမီ ကားသံကြားရသဖြင့် ခြံတွေဆီသို့သွားပြီဖြစ်ကြောင်း သိလိုက်လေသည်။

သိပ်မကြာခင်မှာပဲ ဂျင်းဘောင်းဘီရှည် တီရှပ်လက်တိုအပြာရောင်ကိုဝတ်ထားသော မာယာထက်အိမ်ထဲဝင်လာသည်။

"အစ်ကို ... အအိပ်ကြီးလှချည်လား ... ယာယာတောင် မြင်းစီးပြီးလို့ပြန်လာတာ ... "

"ဟုတ်တယ် ... ညကအိပ်မပျော်လို့ အိပ်ရာထနောက်ကျသွားတယ် ... "

"အစ်ကို ဘာမှမစားရသေးဘူးမလား ... ယာယာကော်ဖီသွားဖျော်လိုက်မယ် ... "

မီးဖိုခန်းဘက်ထွက်သွားသော မာယာထက်ကိုကြည့်ရသည်မှာ အပြစ်ကင်းစင်သည့် မိန်းမပျိုလေးတစ်ယောက်လိုဖြစ်နေသည်။ ဦးဟိန်းအောင်ကိုသတ်ဖို့ မကြိုးစားတဲ့ မာယာထက်ဖြစ်ရင် ဘယ်လောက်ကောင်းမလဲဟုလည်း တွေးမိသည်။

ဦးဟိန်းအောင်သတ်ခိုင်းသလို သတ်ရမှာလည်း မဝံ့မရဲဖြစ်နေသည်။

"အစ်ကို ကော်ဖီရပြီ မုန့်လည်းစား"

"ဩော် ... အင်း ... "

သူအတွေးလွန်နေရာမှ မာယာထက် လှမ်းပေးသော ကော်ဖီပန်းကန်နှင့် မုန့်ပန်းကန်တို့ကိုယူကာ စားလိုက်သည်။ မာယာထက်က သူ့ရှေ့ထိုင်ခုံမှာဝင်ထိုင်ပြီး ...

"အစ်ကို ဒီနေ့ဘယ်သွားစရာရှိလဲ ... "





"ဟို ... မရှိပါဘူး"

"ဝပ်ရှော့က ကားမရသေးဘူးလား"

မာယာထက်အမေးကို ဘယ်လိုဖြေရမှန်းမသိ ကားပြင်ခပေးရမည့်ငွေကို မာယာထက်ဆီကတောင်းရင်ကောင်းမလားလို့ တွေးမိသည်။

"အစ်ကို ... ယာယာမေးနေတယ်လေ"

"ဟို ... ဟိုလေ ယာယာ့ဆီမှာ ငွေနှစ်သောင်းခဏချေးချင်လို့ ကိုယ်မူဆယ်ရောက်ရင် ပြန်ပေးပါ့မယ် ... "

"အင်း ... ယာယာမှာတော့ မရှိဘူး ... ဦးဟိန်းအောင်က ယာယာကိုငွေမကိုင်ခိုင်းဘူး ... ဒီလိုလုပ် ဦးဟိန်းအောင်ပြန်လာရင် ယာယာ တောင်းကြည့်မယ် ... ရရင် အစ်ကို့ကိုပေးမယ်"

"ကျေးဇူးပါပဲ ယာယာ"

သူ့မျှော်လင့်ချက်အနည်းငယ်တောက်ပသလို ဖြစ်လာသည်။ မာယာထက်ကသာ ငွေပေးလျှင် သူ ဦးကျော်ကြီးဆီမှာ ကားပြင်ခပေးပြီး သူ့ကားကိုပြန်ရွေးကာ ဒီမြို့ကထွက်လို့ရပြီလေ။

သူ့ကို မာယာထက်က ညို့အားပြင်းတဲ့မျက်လုံးတွေနဲ့ ကြည့်ကာ ...

"အစ်ကို ... ဒီမြို့ကထွက်သွားရင် ယာယာကိုခေါ်သွားပါနော် ... "

"ကိုယ်အပြန်မှ ... "

"မဟုတ်ဘူး အစ်ကို ... ယာယာ ဦးဟိန်းအောင်ကိုကြောက်တယ် ... အစ်ကိုနဲ့တစ်ခါတည်းလိုက်ခဲ့ချင်တယ်"

"ဖြစ်ပါ့မလား ... ဦးဟိန်းအောင်က ပြဿနာရှာမှာပေါ့ ... "

"အစ်ကိုကလည်း ဝေးပါ့ ... သူ့ကိုအပြတ်ရှင်းခဲ့မှာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့ ... ဒါမှ ယာယာတို့နောက်ဆံမတင်းရမှာလေ"

နောက်ဆုံးတော့ ဦးဟိန်းအောင်ကိုသတ်ပေးပါဆိုတဲ့ အဓိပ္ပာယ်ကို သက်ရောက်အောင်ပြောခြင်းဖြစ်လေသည်။

ထူးကျော်လည်း ဦးဟိန်းအောင်နှင့် မာယာထက်ကြား ဟိုလူကိုခေါင်းညိတ်ရ၊ ဒီလူကိုခေါင်းညိတ်ရဖြစ်နေရာ သူ တကယ်ဖြစ်ချင်သည့်ဆန္ဒက သူ့ကားကို ဦးကျော်ကြီးဆီမှယူကာ ဒီမြို့မှ အမြန်ဆုံးထွက်သွားချင်နေမိသည်။

"ယာယာပြောတာ သဘောပေါက်လားအစ်ကို"

"အင်းလေ ... အမြဲအနေကြည့်လုပ်ရတာပေါ့"

"အစ်ကို မြို့ထဲသွားချင်တယ်မလား ယာယာလည်းလိုက်ခဲ့မယ် ..."

"လိုက်ခဲ့လေ ... မာယာထက်ပါတော့ အစ်ကိုကြောင်တောင်တောင် မဖြစ်တော့ဘူးပေါ့"

ထို့နောက် သူနှင့် မာယာထက် သောကစံအိမ်ကနေ မြို့ထဲသို့ထွက်လာခဲ့တော့သည်။



## အသုံးတည့်မယ့်သုံးမတ်

အခန်း (၁၇)

မြို့ထဲသို့လျှောက်ထွက်ခဲ့ရာ လမ်းဆုံအရောက်တွင် အရင်နေ့ကတွေ့ခဲ့သော သူတောင်းစားအဖိုးကြီး အနားသို့ရောက်သောအခါ ထူးကျော်က မာယာထက်ကို ...

"ယာယာ ခဏလေး ... ဟိုအဖိုးကြီးကို အလှူငွေထည့်လိုက်ဦးမယ် ..."

"အစ်ကို့သဘောပဲ"

ထူးကျော် အဖိုးကြီးအနီးသို့သွားကာ ရှေ့တွင်ချထားသော ခွက်ထဲသို့ နှစ်ရာတန်တစ်ရွက်ကိုထည့်လိုက်၏။

"ကောင်လေး ... မင်းမသွားသေးဘူးလား"

အဖိုးအိုစကားကြောင့် ထူးကျော်အံ့သြစွာဖြင့် ...

"အဖိုး ကျွန်တော်လာတာကို ဘယ်လိုသိလဲ"

"ငါက မျက်မမြင်ဆိုတော့ အကြားအာရုံနဲ့အနံ့အာရုံကို ကောင်းအောင် လေ့ကျင့်ထားတယ်"

"ကောင်းပါတယ် အဖိုး ... အဲဒီအလေ့အကျင့်ကြောင့် အန္တရာယ်ကိုကြည့်ရှောင်လို့ရတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်ရှောင်လို့ရတယ်လို့ မသုံးနဲ့ ... ကြားရှောင်လို့ရတယ်လို့ပြော ... ကြည့်ရအောင် ငါ့မျက်လုံးကကန်းနေတယ်လေ ... ငါက အာရုံခံတော့ကောင်းတယ် ... ကဲ ... မင်းလက်ပေးစမ်း ... မင်းကို နိမိတ်ဖတ်ပေးလိုက်မယ်"

"ဟုတ်ကဲ့ ..."

ထူးကျော် သူညာဘက်လက်ဖဝါးကို အဖိုးအိုအားပေးလိုက်ရာ အဖိုးအိုက သူ့လက်ဖဝါးနှင့်ထပ်ပြီး ...

"မင်းအန္တရာယ်ဆိုးတွေနဲ့ ရင်ဆိုင်ရတော့မယ် ... ဒါပေမဲ့မင်းမသေဘူး ..."

ပြောကာ သူ့လက်ကိုလွှတ်ပေးလိုက်၏။ မလှမ်းမကမ်းတွင်ရပ်နေသော မာယာထက်က လှမ်းကြည့်ပြီး ထူးကျော်ကိုခေါ်လိုက်သည်။

"အစ်ကို ... သွားမယ်"

"အဖိုး ... ကျွန်တော်သွားတော့မယ်"

"အေး ... အေး ... မင်းကံကောင်းမှာပါ ... မင်းနဲ့အတူရှိနေတဲ့လူတွေကတော့ သူတို့လမ်းသူတို့သွားလိမ့်မယ်"

အဖိုးအိုစကားဆုံးသောအခါ ထူးကျော်ထလာပြီး မာယာထက်နှင့်အတူ မြို့ထဲသို့ဆက်လျှောက်လာခဲ့သည်။

"အစ်ကို ... မျက်မမြင်အဖိုးက အစ်ကို့ကို ဘာတွေပြောနေတာလဲ ..."

"ဆုတောင်းပေးနေတာပါ ..."

"အဲဒီအဖိုးကြီးက ဦးနှောက်သိပ်မှန်တာမဟုတ်ဘူး၊ သူပြောချင်တာတွေလျှောက်ပြောတာ"

"သနားပါတယ် ယာယာရယ် ... အသက်ကြီးတာတောင် ထောက်ပံ့မယ့်သူတွေမရှိဘူး ..."

"အစ်ကိုကသာသနားနေတာ သူက ဒီမြို့မှာ အငြိမ်းချမ်း





ဆုံးလူတဲ့ ... ဘယ်လောက်ငြိမ်းချမ်းလဲဆိုရင် အိပ်ရင်တောင်လူသေတွေနဲ့အတူအိပ်တာ ..."

"ကောင်းတာပေါ့ ... လူရှင်တွေဆို စကားများနေဦးမယ် ... သေတဲ့လူတွေဆိုတော့ စကားပြောမှာမဟုတ်ဘူး ... အဖိုးကြီး နားမငြီးတော့ဘူးပေါ့"

"ခစ် ... ခစ် ... ခစ်"

သူ့စကားကြောင့် မာယာထက်ရယ်တယ်။ မြို့လယ်စားသောက်ဆိုင်နားရောက်တော့ သူတို့နှစ်ယောက် ထမင်းဝင်စားကြ၏။

"အစ်ကို ... ဝအောင်စားနော်"

"အင်း ..."

မာယာထက်က သူ့ကို ဟင်းတွေခပ်ထည့်ပေးတော့ ဘေးဘီသို့ မျက်လုံးဝေ့ပြီးကြည့်လိုက်သည်။ ဒါကိုမြင်တဲ့ မာယာထက်က ...

"ဦးဟိန်းအောင် မြင်မှာစိုးလို့လား ... မပူနဲ့အစ်ကိုဒီအချိန် သူခြံထဲမှာ မြို့ပေါ်မှာမရှိဘူး ..."

"ဟိုတစ်နေ့ကလို အထိုးခံရမှာကြောက်လို့"

"အစ်ကိုကလည်း အတွေးချော်လိုက်တာ ... သူကိုယ်တိုင်ယာယာနဲ့အစ်ကိုသွားတာလာတာကို ခွင့်ပြုထားတယ်မလား"

"ဟုတ်တော့ဟုတ်ပါတယ်"

"ဟုတ်တယ်မလုပ်နဲ့ ... ဦးဟိန်းအောင်အကြောင်းမဲ့လွှတ်ပေးထားတာမဟုတ်ဘူး ... အစ်ကိုကိုယ်တိုင်ပိုသိမှာပါ၊ စားအစ်ကို ... ယာယာပြောတာနဲ့ စားမဝင်ဘဲဖြစ်နေဦးမယ်"

ထူးကျော် မာယာထက်ကို ကြိတ်ချီးကျူးလိုက်သည်။ သူ့ကိုလုပ်ကြံမည့်သူကို အပြုံးမပျက် စိတ်မဆိုးဘဲ ဆက်ဆံကာ တန်ပြန်ခိုင်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးဟိန်းအောင်နှင့် မာယာထက်မတူတဲ့အချက်ကတော့ ဦးဟိန်းအောင်က ငွေနဲ့အလဲအထပ်လုပ်နိုင်းပေမယ့် မာယာထက်က ဘဝနဲ့ရင်းကာ အပေးအယူလုပ်သည်။

ထူးကျော်ကတော့ နှစ်ယောက်လုံးဆီက ဘာမှမလိုချင် သူလိုချင်တာ သူကားပြန်ရပြီး ဒီမြို့က ထွက်သွားရေးပင်ဖြစ်၏။

ထမင်းစားပြီးသောအခါ ...

"ယာယာတို့မြို့က အစ်ကိုစိတ်ဝင်စားစရာပြဖို့ ဘာမှမရှိဘူး ... အစ်ကို ဘယ်သွားချင်သေးလဲ"

"မြို့ပြင်သင်္ချိုင်းကိုလား"

"ဟုတ်တယ်လေ ... ဟိုဝပ်ရှော့ဆရာကိုစိတ်မချဘူး၊ ကိုယ့်ကားကို တစ်ခုခုလုပ်လိုက်မှာစိုးတယ်"

"မပူပါနဲ့ အစ်ကိုရယ် ... ဝပ်ရှော့ဆရာက အစ်ကိုထင်သလိုလုပ်မှာမဟုတ်ဘူး ... "

"ဟင် ... ယာယာက သူ့အကြောင်းသိလို့လား"

"အဲ ... မသိပါဘူး ... ယာယာထင်တာကိုပြောတာ"

မာယာထက် သူ့ကိုလိမ်လိုက်မှန်း ထူးကျော်သိလိုက်သည်။ အကြောင်းတစ်ခုခုတော့ ဆက်စပ်နေမည်ဟုလည်းတွေးမိပေမယ့် ဘာမှဆက်မမေးတော့ဘဲ ...

"သွားရအောင်ယာယာ ... တော်ကြာနေ သိပ်ပူနေလိမ့်မယ် ... "

ထို့နောက် ...

သူတို့နှစ်ယောက် စားသောက်ဆိုင်မှထွက်လာပြီး မြို့အထွက်သို့ရောက်သောအခါ သူတို့နောက်မှ မြင်းလှည်းတစ်စီးလာနေသည်ကိုတွေ့သဖြင့် မာယာထက်က ...

"မြင်းလှည်းနဲ့သွားမယ် အစ်ကို"





"ယာယာသဘောပဲ ... "

မြင်းလှည်းကို မာယာထက်က တားလိုက်ပြီးနောက် သူတို့နှစ်ယောက် မြင်းလှည်းပေါ်တက်လိုက်၏။

"ဟင် ... "

ထူးကျော် မြင်းလှည်းသမားကိုကြည့်လိုက်ရာ ဟိုတစ်ရက်က သူစီးခဲ့သော မြင်းလှည်းဖြစ်ကာ သူ့ဆီမှ မြင်းလှည်းခတစ်မတ်တောင်းသည့်သူဖြစ်နေသည်။

သူတို့နှစ်ယောက်ကိုလည်း ဘာစကားတစ်ခွန်းမှမပြော မြင်းလှည်းကိုသာ အာရုံစိုက်မောင်းနေသည်။

"သုသာန်ရှေ့မှာရပ်မယ်နော်"

"ကောင်းပါပြီ ... "

မာယာထက်ပြောသည်ကို ခေါင်းညိတ်ပြလိုက်ပြီး ...

သုသာန်ရှေ့သို့ရောက်သောအခါ မြင်းလှည်းကိုရပ်ပေးလိုက်သည်။

မာယာထက်က မြင်းလှည်းခ ငါးရာထုတ်ပေးလိုက်ပြီး ဝပ်ရှော့တွင်းသို့ဝင်သွားသောအခါ မြင်းလှည်းသမားက ထူးကျော်ကို ...

"ခင်ဗျားမှာ သုံးမတ်ရှိသေးလား"

ထူးကျော် အိတ်ထဲသို့စမ်းကြည့်လိုက်ရာ မတ်စေ့တို့ကို စမ်းမိသဖြင့် ...

"ရှိတယ် ... တစ်မတ်တောင်းမလို့လား"

"မဟုတ်ဘူး ... တစ်ယောက်သေရင် တစ်မတ်ဆိုတော့ သုံးယောက်သေရင် သုံးမတ်ပဲ ဒါနိမိတ်ဗျ ... ခင်ဗျားသေချာသိမ်းထား ... တစ်ယောက်သေရင် တစ်မတ်ပေးဖို့မမေ့နဲ့"

"ခင်ဗျားပြောတာ ကျွန်တော်နားမလည်ဘူး"

"သိပ်မကြာခင်မှာ နားလည်လာလိမ့်မယ် ... သွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



ထူးဆန်းသောစကားတို့ကိုပြောကာ မြင်းလှည်းသမား မောင်းထွက်သွားလေတော့သည်။



## ကြိုတူးထားသော မသာကျင်း

အခန်း (၁၈)

ဝပ်ရှော့တဲထဲတွင် မာယာထက်နှင့် ဦးကျော်ကြီးတို့ ဘာ တွေပြောနေကြလဲမသိ။ ထူးကျော်ကတော့ သူ့ကားကို နှမြောတသ စွာကြည့်နေ၏။

မကြာမီ သူ့ကားကိုကြည့်နေရာဆီသို့ မာယာထက်နှင့် ဦးကျော်ကြီးရောက်လာသည်။

''အစ်ကို ... ဦးကျော်ကြီးက ကားပြင်ခမပေးရင် ကား ကို ယူခွင့်မပေးနိုင်ဘူးတဲ့ ... ယာယာ အာမခံပါတယ်ဆိုတာ တောင်မရဘူး ... ''

''ငါကလက်တွေ့ပဲကြိုက်တယ်''

ထူးကျော်စိတ်တိုစွာ ဦးကျော်ကြီးကိုကြည့်ပြီး ...

''လူစိတ်မရှိတဲ့လူကြီး _ သရဲတစ္ဆေတွေနဲ့နေပြီး ရိုင်းစိုင်း တဲ့စိတ်ပဲရှိတယ် ... ဘာလူမှုရေးမှနားမလည်ဘူး ... ''

''မင်းပြောချင်သလိုပြော ... ငါ့လုပ်အားခငွေမရရင် မင်းကားကိုပြန်မပေးဘူး''



www.burmeseclassic.com

www.burmeseclassic.com



"ရတယ် ... ကျူပ် ခင်ဗျားကိုပေးနိုင်အောင်ကြိုးစားမှာ"

"ကြည့်ကြသေးတာပေါ့ ... "

သူတို့နှစ်ယောက် ပြောနေတာကို မာယာထက်က ဘေးမှ ကြည့်သာနေပြီး ဘာတစ်ခွန်းမှဝင်မပြော။

ထူးကျော်လည်း စကားဆက်ပြောလိုစိတ်မရှိတာကြောင့်

"ယာယာပြန်ကြမယ်"

"ကောင်းပြီ ... အစ်ကို၊ ဦးကျော်ကြီးသေချာအောင် လုပ်နော် ယာယာ့ဘက်က အသင့်ပဲ"

"စိတ်ချယာယာ"

ဦးကျော်ကြီးနှင့်မာယာထက်ပြောသည့်စကားအဓိပ္ပာယ်ကို သူနားမလည်။ ဘာအဓိပ္ပာယ်နှင့်ပြောနေမှန်းမသိ။ မြို့ထဲသို့ လမ်းလျှောက်ပြန်လာရင်း လမ်းတွင်ထူးကျော်က မာယာထက်ကိုမေး လိုက်၏။

"ယာယာ ဦးကျော်ကြီးကို ဘာမှာတာလဲ"

"ဟင် ... အင်း ... ဘာရယ်မဟုတ်ပါဘူး ... မြေ ကျင်းတစ်ခုကြိုတူးထားဖို့မှာတာ"

"ဘယ်သူ့ကို သင်္ဂြိုဟ်ဖို့လဲ"

"အစ်ကို့ကိုလေ ... "

"ဟင် ... "

"ဟား ... ဟား ... ဟား"

ထူးကျော်ရဲ့အမူအရာကိုကြည့်ပြီး မာယာထက်က ရယ် လေသည်။

"အစ်ကိုကလည်း ကြောက်တတ်လိုက်တာ ယာယာ စတာပါ ... "

"ရုတ်တရက်မို့ လန့်သွားတယ်"

"ဒီထက်လန့်စရာတွေ ကြုံရဦးမယ် ... အစ်ကိုသတ္တိသာ





မွေးထား ... "

"ဘာလဲ ... ယာယာတို့အိမ်ကြီးသရဲခြောက်တာကို ကြုံရဦးမယ်လို့ပြောတာလား"

"အစ်ကို အခြောက်ခံရလို့လား"

"အင်း ... "

"ယာယာကတော့ ရိုးနေပြီ ... မကြောက်ပါဘူး ... သူတို့က လူကို ဘာမှမလုပ်နိုင်ဘူး ... အသံပေးတာတို့ အရိပ် ပြတာတို့ပဲလုပ်နိုင်ကြတယ် ... "

မာယာထက်ပြောဆိုပုံမှာ သာမန်ဖြစ်ရိုးဖြစ်စဉ်တစ်ခုကို ပြောနေသလိုဖြစ်၏။

"အစ်ကိုက အတွေ့အကြုံမရှိတော့ လန့်တယ်"

"ဘာမှမလန့်နဲ့ သရဲထက်ကြောက်ဖို့ကောင်းတဲ့လူကိုပဲ လန့်ရမှာ"

"ဘယ်သူလဲ"

"ဦးဟိန်းအောင်လေ"

မာယာထက်မျက်နှာက ဒေါသတို့ဖြင့် ရုတ်ခြည်းပြောင်း သွားသဖြင့် ထူးကျော် ဘာစကားမှဆက်မပြောဘဲ ဘေးကနေ ငြိမ်သက်စွာလမ်းလျှောက်လာခဲ့သည်။

မြို့ထဲရောက်တော့ ထူးကျော်က ...

"ယာယာ အိမ်ပြန်ရင်ပြန်နှင့် ပြီးမှ အစ်ကိုလိုက်ခဲ့မယ်"

"အစ်ကို ဘာလုပ်မလို့လဲ ... "

"အိမ်ကို ဖုန်းဆက်ချင်လို့"

"ငွေလှမ်းတောင်းမှာလား ... ယာယာ ဦးဟိန်းအောင် ဆီကတောင်းကြည့်ပေးမယ်လို့ အစ်ကို့ကိုပြောထားတယ်လေ"

"အစ်ကို့အတွက် ယာယာတောင်းပေးရင် ဦးဟိန်းအောင် ပေးမယ်မထင်ဘူး ... "



www.burmeseclassic.com

www.burmeseclassic.com



"စိတ်မာတ်မကျပါနဲ့အစ်ကိုရယ် ... ယာယာ ကြိုးစားကြည့်ပါ့မယ် ... ခုနက ဦးကျော်ကြီးကို ယာယာပြောကြည့်သေးတယ် ... အဲဒီလူကြီးက အတ္တသမားကြီး ... သူ့ကိုငွေပေးမှ အစ်ကို့ကားပြန်ပေးမယ်ပဲပြောနေတယ် ..."

"အစ်ကိုလည်း ကြိုးစားကြည့်ဦးမယ် ..."

"ပြီးရော ယာယာပြန်နှင့်မယ် ... မိုးတော့မချုပ်စေနဲ့နော် ..."

"အင်း ..."

မာယာထက်ထွက်သွားပြီးနောက် ထူးကျော် စတိုးဆိုင်တစ်ဆိုင်ထဲသို့ဝင်လာကာ ဆိုင်ရှင်ကို ဖုန်းဆက်ခွင့်တောင်းလိုက်၏။

"ဘယ်ကိုဆက်မှာလဲ"

"ရန်ကုန်ကို ..."

"တစ်မိနစ်ကို ငါးဆယ်ကျမယ်"

"ဟုတ်ကဲ့ ..."

ထူးကျော် သူ့အိမ်ဖုန်းနံပါတ်ကိုနှိပ်လိုက်ပေမယ့် ဖုန်းကခေါ်လို့မရဖြစ်နေသဖြင့် သူငယ်ချင်း နိုင်ဦး၏ဖုန်းနံပါတ်ကို ဆက်နှိပ်ကာခေါ်လိုက်သည်။

"တူ ... တူ ... တူ"

ကံကောင်းထောက်မစွာ ဖုန်းဝင်သွားသဖြင့် သူ့အားတက်ကာ တစ်ဖက်ကဖုန်းပြန်ခေါ်သံကိုစောင့်လိုက်သည်။

"ဟဲလို ..."

"နိုင်ဦး ငါထူးကျော်လေ ..."

"အေး ... ထူးကျော် ဘာကိစ္စလဲပြော"

"ငါမိုင်းပွန်မြို့ကိုရောက်နေတယ်ကွာ ... ငွေလိုနေလို့ အဲဒါ ငါ့ကို ..."





"ထူးကျော် ... မင်းငါ့ဆီကယူထားတဲ့ငွေကိုတောင်မဆပ်သေးဘူး ... ထပ်ချေးနေပြန်ပြီ ..."

"ငါတကယ်ဒုက္ခရောက်နေလို့ပါ နိုင်ဦးရယ် ... ငွေကမများပါဘူး နှစ်သောင်းထဲပါ ..."

နိုင်ဦးဖုန်းပြောသည့်အသံရပ်သွားသည်။ သူ့ကိုငွေပေးသင့်မပေးသင့် စဉ်းစားနေပုံလည်းရ၏။

"ငါ ရန်ကုန်ရောက်ရင် မင်းကိုဆပ်မှာပါ"

"ကောင်းပြီလေ ... မင်းဆီကို ဘယ်လိုပို့ပေးရမလဲ၊ ဘဏ်ကလွှဲပေးရမလား ..."

"ခဏလေး ..."

ထူးကျော် စတိုးဆိုင်က လူကြီးကိုလှမ်းမေးလိုက်သည်။

"ဦးလေး ... ဒီမြို့မှာ ဘဏ်ရှိလား"

"မရှိဘူး ..."

"ကျွန်တော့်သူငယ်ချင်း ဒီကိုငွေလွှဲချင်လို့"

"ကားဂိတ်က လွှဲနိုင်းလိုက်"

"ကျေးဇူးပဲ ..."

ထူးကျော် နိုင်ဦးကို ဖုန်းပြန်ပြောလိုက်သည်။ နိုင်ဦးက

"ကောင်းပြီလေ ... မနက်ဖြန်မနက် မင်းဆီကို ငွေရောက်စေရမယ် ... ရန်ကုန်ရောက်ရင် ပြန်ဆပ်ဖို့တော့မမေ့နဲ့"

"အေးပါ ... ကျေးဇူးပဲ"

နိုင်ဦး ဖုန်းချလိုက်သဖြင့် ဆိုင်ရှင်ကို ဖုန်းပြောခပေးကာ စတိုးဆိုင်ထဲမှ ထူးကျော်ထွက်လာခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## ခုတင်အောက်ကအခေါင်း

အခန်း (၁၉)

သောကစံအိမ်၏ညှိုခန်းအတွင်းတွင် ဒေါ်သူဇာ၊ ဦးဟိန်းအောင်နှင့် ထူးကျော်တို့ စကားထိုင်ပြောနေကြသည်။

"ထူးကျော် ... မင်းကို ငါပြောထားတဲ့ကိစ္စကို ဘာလို့ မလုပ်တာလဲ"

"ကျွန်တော် ပြောထားတယ်လေ ... အခွင့်အရေးရ လုပ်နိုင်မယ်လို့ ... "

"အခွင့်အရေးမရတာ လုံးဝမဖြစ်နိုင်ဘူး မင်းမလုပ်ချင်တာပဲဖြစ်ရမယ် ... "

ဦးဟိန်းအောင်ရဲ့စကားကြောင့် ဒေါ်သူဇာက ထူးကျော်ကို အားနာစွာဖြင့် ဝင်ပြောသည်။

"မောင်ကလည်း ကိုယ်ဖြစ်ချင်နေတာပဲ မပြောနဲ့လေ၊ မောင်ထူးကျော်ဘက်က အခြေအနေကိုလည်းထည့်စဉ်းစားပေးပေါ့"

"သူဇာ မင်းဘာမှမသိပါဘူးကွာ"





"မသိလို့ပေါ့ ... သိရင် မောင်ထူးကျော်အစား သူဇာ ဝင်လုပ်ပေးတယ် ... မောင်ထူးကျော် မင်းဦးလေးက စိတ်အနေမြန်တာ ... ကိုယ်တတ်နိုင်တဲ့အခြေအနေမျိုးမှလုပ်"

"ဟုတ်ကဲ့"

ထူးကျော် ဒေါ်သူဇာကိုကြည့်ပြီး သနားမိတယ်။ သူဟာ မာယာထက်ပဲဖြစ်ဖြစ် ဒေါ်သူဇာပဲဖြစ်ဖြစ် လူကတစ်ယောက်တည်း မလား။

သူ့ကိုသတ်မယ့်ကိစ္စတောင် သူ ကူညီချင်တယ်လို့ပြောတဲ့စကားက ထူးကျော်ရင်ကိုမကောင်းနိုင်။ တစ်ခုတော့ရှိတယ်။ သူ့ကိုသတ်မှာကို မသိတာလည်းဖြစ်မည်ဟုတွေးမိ၏။

"မင်းအတွက် အချိန်မရှိတော့ဘူးနော် ... နောက်တစ်ရက်ပဲ ကျန်တော့တယ် ... မနက်ဖြန်မှာ ငါပြောတဲ့အတိုင်းမဖြစ်ရင် မင်းသိပါတယ်"

"ကောင်းပြီလေ ... ဦးဟိန်းအောင် ကျေနပ်စေမယ့်ရလဒ်တစ်ခုဖြစ်စေရမယ် ... "

"အေး ... အပြောနဲ့အလုပ်တစ်ထပ်တည်းဖြစ်အောင်လုပ် ... ကဲ ... လာ မင်းအနားယူချင်ရောပေါ့ ငါအိပ်ခန်းလိုက်ပို့မယ် ... "

ဦးဟိန်းအောင်က သူ့ကို အိပ်ခန်းဆီသို့ လိုက်ပို့ပြီး ပြန်သွားသောအခါ သူ ခုတင်ပေါ်တက်ကာလှဲနေလိုက်သည်။

မနက်ဖြန်မနက် ကားဂိတ်မှာ ရန်ကုန်ငွေလွှဲရသည်နှင့် သူ ဒီမြို့ကထွက်လို့ရပြီ။ ဘယ်သူ့ကိုမှလည်း သတ်စရာမလိုတော့။ ဦးဟိန်းအောင်ဆီက ငွေဆယ်သိန်းလည်း မလိုချင်သလို ဦးဟိန်းအောင်ကိုသတ်ပြီး မာယာထက်ကို ရန်ကုန်ကိုလည်းခေါ်မသွားချင်ပါ။ သူလုပ်လိုက်တဲ့ပြစ်မှုက သူ့ကို အမြဲတစေခြောက်လန့်နိုင်သည်လေ ...



www.burmeseclassic.com

www.burmeseclassic.com



"ဒုန်း ... ဒုန်း ... ဒုန်း"

သူ့ခုတင်အောက်မှ အခေါင်းကလှုပ်လာသည်။ အရင်နေ့ကလောက် သူမကြောက်တော့ အိပ်ပျော်ရန်သာ ကြိုးစားလိုက်သည်။

ညသန်းခေါင်အချိန်ရောက်သောအခါ ခြေသံပြင်းပြင်းကို ကြားရ၍ ထူးကျော် အိပ်နေရာမှ ရုတ်တရက်ဖျတ်ခနဲနိုးသဖြင့် အခန်းဝသို့ ဖြည်းဖြည်းလျှောက်လာပြီး အပြင်သို့ကြည့်လိုက်ရာ

"ဟာ ... ခေါင်းထမ်းလာတဲ့ တစ္ဆေပါလား"

ခေါင်းမဲကြီးကိုထမ်းပြီး တစ်ခန်းဝင်တစ်ခန်းထွက် တစ်စုံတစ်ယောက်ကို လိုက်ရှာနေပုံရသည်။

ညအမှောင်အောက်တွင် မဲမဲအရိပ်သဏ္ဌာန်က ကြီးမားသောခေါင်းကြီးကို ကျောတွင်ထမ်းကာ သူ့အခန်းဘက်ကိုလာနေသဖြင့် ထူးကျော်ကြောက်လန့်ကာ ခုတင်ပေါ်တက်ပြီး မျက်လုံးမှိတ်ထားလိုက်၏။

"ဘုရား ... ဘုရား ... ငါ့ကိုဘာမှမလုပ်ပါစေနဲ့"

စိတ်ထဲက ဘုရားတလိုက်သော်လည်း တစ်ကိုယ်လုံးအသားတဆတ်ဆတ်တုန်နေသည်။

သူ့ခုတင်အောက်ကအခေါင်း အသံမထွက်တာ သူ့အတွက် ကံကောင်းတယ်လို့ဆိုရမည်။

"ရှပ် ... ရှပ် ... ရှပ်"

လာနေပြီ ... သူ့အခန်းအဝကိုရောက်လာတော့မည်။ ခြေသံက သူ့အခန်းဆီသို့ နီးသထက်နီးလာလေရာ ...

"ဟာ ... "





ပါးစပ်ကအသံထွက်ပြီးမှ လက်နှင့်အုပ်ပိတ်လိုက်သည်။ ခေါင်းထမ်းလာသည့် မဲမဲအရိပ်ကြီးက သူ့ကိုအခန်းဝကနေ သေချာကြည့်ပြီး ...

"ဟင်း ... ဟင်း"

အသံပြုပြီးကာမှ ထွက်သွားသဖြင့် သူ သက်ပြင်းချလိုက်နိုင်သည်။ ဒီအိမ်ကြီးက ဘာလဲ ...

သရဲတစ္ဆေတွေ ညစဉ်ခြောက်နေတာလား ...

သူ့ခုတင်အောက်က အခေါင်းကြီးက ဘာလဲ။ ဒေါ်သူဇာကို မသင်္ဂြိုဟ်ဘဲ ထည့်ထားလို့ လှုပ်နေတာလား။

သူစဉ်းစားရင်း အချိန်အတော်ကြာသည်အထိ အိပ်မပျော်သေး။

"ရှပ် ... ရှပ် ... ရှပ်"

ခြေသံတစ်ခုထပ်ကြားရသည်။ ခြေသံက သူ့အခန်းဆီသို့လာနေသည့်အသံ။ သူဘာလုပ်ရမလဲ ...

ထိုအချိန်တွင် ...

"ဖလပ် ... "

သူ့အခန်းတစ်ခုလုံး မီးလင်းသွားသဖြင့် ဘာပဲလာလာ သူမျက်စိမှိတ်ကာနေမည်။ မကြည့်တော့ဟု ဆုံးဖြတ်ချက်ချလိုက်၏။

"ထူးကျော် ... မောင်ထူးကျော် ... ထပါဦး"

ဒေါ်သူဇာ၏ ရေးကြီးသုတ်ပြာခေါ်သောအသံကို ကြားရသည်။ သူမယုံရဲ ဒေါ်သူဇာအစစ်မှ ဟုတ်ပါ့မလား ...

မနေ့ကလည်း ဒေါ်သူဇာပုံသဏ္ဌာန် မဲမဲအရိပ်ကို အမှောင်ထဲတွင် သူတွေ့ခဲ့ပြီးပြီလေ ...

အခြေအနေသိရအောင် အိပ်ချင်ယောင်ဆောင်နေလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"မောင်ထူးကျော် ထပါဦး ... မောင်အသတ်ခံလိုက်ရပြီ"

သူ့ခုတင်ဘေးကနေ လာနှိုးသော်လည်း ထူးကျော်မထ။ ဒေါ်သူဇာအစစ်မဟုတ်ဘဲ သရဲတစ္ဆေမျက်နှာဆို သူမကြည့်ရဲ။

"တောက် ... "

"ဟင် ... ငါစိပ်ပုတီး ခုတင်အောက်ရောက်သွားပါလား"

ဒေါ်သူဇာရေရွတ်ပြီး ခုတင်အောက်သို့ ငုံ့ကာစိပ်ပုတီးကိုရှာလိုက်သောအခါ ...

"ဟာ ... အခေါင်းကြီး ... ဒေါ်သူဇာ အသက်(၄၆) နှစ်ဆိုပါလား ဒါဆို ... ငါသေသွားပြီပဲ အခုငါက ... ဟာ ငါတကယ်သေသွားပြီးပြီ ... အား"

လဲကျသွားသော ဒေါ်သူဇာကို ထူးကျော် ခုတင်ပေါ်က ပြေးဆင်းပြီးပွေ့ထားလိုက်၏။

"ဒေါ်သူဇာ ... ဘာဖြစ်တာလဲ ... ဘာဖြစ်တာလဲ"

အတင်းလှုပ်ခေါ်သော်လည်းမရ။

"ဒေါ်သူဇာ သတိထားလေ"

"အင်း ... "

အနည်းငယ်လှုပ်လာသည်။ ပါးစပ်ကလည်း စကားပြောဖို့ အားယူနေသဖြင့် နှုတ်ခမ်းများ တဆတ်ဆတ်တုန်လာ၏။

"အ ... ကို"

"ဟင် ... "

မျက်လုံးပွင့်လာပြီး သူ့ကိုခေါ်လိုက်တာကြောင့် မာယာထက် စိတ်ပြောင်းသွားပြီဆိုတာကို သိလိုက်သည်။

"အ ... ကို ... ယာ ... ယာ ... ဘယ်ရောက်နေတာလဲ ... "





"အစ်ကိုအိပ်တဲ့အခန်းမှာလေ ယာယာပဲ ဦးဟိန်းအောင် သေသွားပြီလို့လာပြောတာလေ ... ဟိုအခေါင်းကြီးမြင်ပြီး ... ယာယာမေ့လဲသွားတာ ကြမ်းနဲ့ခေါင်းနဲ့ဆောင့်တာ ကံကောင်းလို့"

မာယာထက် ခုတင်အောက်က အခေါင်းကိုကြည့်ပြီး သူ့ပွေ့ထားရာမှ လူးလဲထပြီး ...

"လာ ... အစ်ကို အခေါင်းကိုဆွဲထုတ်ရအောင်"

"မလုပ်နဲ့ယာယာ အခေါင်းထဲမှာ ဘာရှိလဲမသိဘူး၊ အခေါင်းက လှုပ်တယ် ... ပြီးတော့ အသံလည်းကြားရတယ်"

"လာပါ ဘာမှမဟုတ်ဘူး"

မာယာထက်က ခုတင်ခြေရင်းဘက်သွားကာ အခေါင်းကို ဆွဲထုတ်ဖို့ ကြိုးစားနေသဖြင့် သူလည်းမနေသာတော့၍ ဝိုင်းဆွဲလိုက်ရာ တဖြည်းဖြည်းနှင့် အခေါင်းကအပြင်ဘက်ရောက်လာသည်။

"ဒုန်း ... ဒုန်း ... ဒုန်း"

အခေါင်းထဲကလှုပ်ရှားသံက ထွက်နေသဖြင့် ...

"ယာယာ အထဲမှာဘာလဲ"

"အစ်ကိုခဏစောင့် ယာယာ သံတူရွင်းသွားယူလိုက်ဦးမယ် ... "

မာယာထက် အခန်းအပြင်သို့ထွက်သွားပြီး မကြာမီ သံတူရွင်းကိုင်ကာ အခန်းတွင်းသို့ ပြန်ဝင်လာသည်။

"ရော့အစ်ကို အခေါင်းအဖုံးကို ကလော်ဖွင့်လိုက် ... သတိတော့ထား ... အထဲက ဘာကောင်ထွက်လာထွက်လာ တစ်ချက်တည်းအသေရိုက် ... "

အခေါင်းက အဖုံးသာ အလုံပိတ်ထားသော်လည်း ဘေးအကာတွင် အပေါက်သေးသေးတချို့ကိုတွေ့ရသဖြင့် အထဲမှ အကောင်တစ်ကောင် အသက်ရှင်အောင်လုပ်ပုံရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဝုန်း ... "

"ဟာ ... ခွေးနက်ကြီး"

အခေါင်းအဖုံးပွင့်သွားသောအခါ အခေါင်းထဲမှ ခွေးနက်ကြီးတစ်ကောင် ခုန်ထွက်လာသဖြင့် ထူးကျော်လန့်သွားပြီး နောက်သို့ဆုတ်လိုက်ရာ မာယာထက်က လျှင်မြန်စွာနှင့် သူ့လက်က သံတူရွင်းကိုယူကာ ရိုက်လိုက်သည်။

"ကိန် ... ကိန် ... "

ခွေးနက်ကြီးအထိနာသဖြင့် အခန်းဝသို့ပြေးကာ အိမ်ရှေ့ဆီသို့ထွက်သွားလေသည်။ မာယာထက်က အခေါင်းထဲသို့ သေချာကြည့်လိုက်ပြီး ...

"အစ်ကို ... ဟိုပျဉ်ပြားကို အရှေ့ဘက်တွန်းလိုက်"

အခေါင်းကလူထည့်ရန်မဟုတ်ဘဲ အံဝှက်ပုံသဏ္ဍာန် ပြုလုပ်ထားသည်။ မာယာထက်ပြောသည့်အတိုင်း တွန်းလိုက်ရာ

"ဟာ ... ငွေတွေ ကျောက်တွေရော မနည်းပါလား"

"ခဏလေး အစ်ကို"

မာယာထက် အိပ်ရာပေါ်ကစောင်ကို အခေါင်းဘေးသို့ ဖြန့်ခင်းကာ ...

"ဒီအထဲကို အကုန်ထည့်"

"အင်း ... "

အခေါင်းထဲမှငွေများနှင့် ကျောက်တို့ကို အိပ်ရာခင်းပေါ်သို့ အကုန်ထည့်လိုက်သည်။ ထို့နောက် အိပ်ရာခင်းနှင့်ထုပ်ကာ

"အစ်ကို နိုင်ပါ့မလား"

"ရပါတယ် ... "

ထူးကျော် ပခုံး၌ထမ်းကာ မာယာထက်နောက်လိုက်လာသည်။ အိမ်ရှေ့ခန်းသို့ရောက်သောအခါ မာယာထက်က ...

"အစ်ကို ... ဦးဟိန်းအောင်ကို သတ်လိုက်တာမလား"





"မ ... မဟုတ်ပါဘူး"

"ဦးဟိန်းအောင်သေပြီဆို"

"ယာယာပဲ အစ်ကို့ကိုလာပြောတာလေ"

"ဒါဆို ... "

မာယာထက်သေချာစဉ်းစားလိုက်ပြီး သူ့ကိုပြောလိုက်သည်။

"ဦးဟိန်းအောင်အလောင်းကို ဒီအတိုင်းထားခဲ့လို့မရဘူး ကားပေါ်တင်သွားပြီး ချောင်းတစ်ခုခုမှာပစ်ချခဲ့မယ်"

"ယာယာကောင်းမယ်ထင်သလိုသာလုပ်"

"အစ်ကို့ငွေအိတ်ကို အရင်တင်လေ၊ ပြီးမှ သူ့အလောင်းကိုအဝတ်အိတ်ကြီးထဲထည့်သယ်တာပေါ့"

ထူးကျော်ငွေအိတ်ထုပ်ကြီးကို ဦးဟိန်းအောင်ကားနောက်ဘက်အခန်းတွင်တင်ကာ အိမ်ထဲပြန်ဝင်လာပြီး မာယာထက်နှင့်အတူ ဦးဟိန်းအောင်၏အလောင်းကိုမကာ ကားပေါ်တင်လိုက်သည်။

"ဟူး ... မောလိုက်တာ"

"ကဲ ... အစ်ကို ... အချိန်မရှိဘူး သွားကြရအောင်"

ထူးကျော် ကားခေါင်းခန်းသို့ဝင်ကာ စက်နှိုးပြီး ကားကို မောင်းထွက်လာသည်။ လမ်းတစ်လျှောက်ရှိခွေးများက သူတို့ကားကိုကြည့်ကာ ရူးရူးဝါးဝါးအူကြလေသည်။

"အူး ... အူး ... အူး"



www.burmeseclassic.com

www.burmeseclassic.com

## ခေါင်းထမ်းလာတဲ့မိစ္ဆာ

### အခန်း (၂၀)

ထူးကျော်ကားကို သတိထားမောင်းလာရင်း ကားက မြို့ပြင်ထွက်သည့်လမ်းသို့ ရောက်လာသည်။

"အစ်ကို ... ယာယာကို ရန်ကုန်ခေါ်သွားနော်"

"အင်း ... "

"အစ်ကိုဖြေပုံကလည်း စိတ်မပါသလိုနဲ့"

"ကိုယ်စဉ်းစားနေတာ ... ဒီလောက်များတဲ့ငွေတွေကို ကိုယ့်အခန်းထဲကအခေါင်းမှာ ဦးဟိန်းအောင် ဘာလို့ထည့်ထားတာလဲလို့ ... "

"အစ်ကိုကလည်း ဒီလူကြီးက ဉာဏ်သိပ်ကောင်းတယ်၊ သူ့ကိုအစ်ကိုမသတ်နိုင်အောင် ညဘက်ခွေးတွေအိမ်ထဲလွှတ်ထားသလို၊ တစ်အိမ်လုံးက မီးတွေကို သူအိပ်တာနဲ့ပိတ်လိုက်တယ်၊

အစ်ကိုအိပ်တဲ့အခန်းမှာ အခေါင်းထားတော့ တော်ရုံလူ ကကြောက်လို့ ဘယ်ဖွင့်ကြည့်မလဲ၊ ပြီးတော့ အခေါင်းထဲမှာ ခွေးကိုထည့်ထားသေးတယ်မလား ... "





"ကိုယ်အိပ်တာ သုံးညရှိပြီ ... ခွေးကမသေဘူးနော်"

"မသေအောင်ထားတာပေါ့ အစာရောရေရော အသက်ရှူလို့ရအောင်ရော စနစ်တကျအခေါင်းကိုလုပ်ထားတာ အစ်ကို အလောသုံးဆယ်နဲ့မို့ မမြင်တာ"

"ဩော် ... "

အခုမှ ထူးကျော်သဘောပေါက်သည်။ အခေါင်းထဲက ခွေးဟာသူ လွတ်ရာလွတ်ကြောင်း ရုန်းတော့ သူခုတင်ကြမ်းပြင်နဲ့ လာတိုက်ခြင်းဖြစ်သည်။

"ညဘက်နီနီရဲရဲမျက်လုံးတွေ တွေ့တယ်"

"ခွေးတွေပါ ခွေးမျက်လုံးက အမှောင်ထဲမှာနီတာရှိသလို စိမ်းတာလည်းရှိတယ်လေ"

"ဒေါ်သူဇာ ဝိညာဉ်က ယာယာတို့အိမ်ကြီးထဲ လျှောက်သွားနေတာတော့ ကိုယ်သေချာသိတယ်"

"ယာယာအကုန်မှတ်မိပြီး _ ယာယာအစ်ကို့ခုတင်ဘေးမှာ လဲသွားတည်းက ယာယာ့ဘဝရော အမေ့ဘဝရော ယာယာ ဖြစ်ခဲ့တဲ့အကြောင်းကို မှတ်မိတာ အစ်ကိုတွေ့ခဲ့တဲ့ညက အမေ့ ဝိညာဉ်မဟုတ်ဘူး ...

ခြေသံကြားလို့ အမေဖြစ်နေတဲ့ ယာယာထကြည့်တာပါ"

"တော်သေးတာပေါ့ ... ကိုယ့်ကိုသရဲခြောက်နေတယ် ထင်တာ ... ဟို ခေါင်းထမ်းလာတဲ့ မဲမဲအရိပ်ကြီးကရော"

မာယာထက် သူ့ကိုမဖြေပါ။ မကြားဟန်ပြုပြီး ကားရှေ့ လမ်းကိုသာ စိုက်ကြည့်နေသည်။ မြို့ပြင်သင်္ချိုင်းသို့ရောက်သော အခါ သူ့ကားလေးကို နှမြောတသစွာနဲ့ လှမ်းကြည့်လိုက်သည်။

မတတ်နိုင် ကားပေါ်မှာ ဦးဟိန်းအောင်အလောင်းပါလာ သဖြင့် ကားရပ်ပြီး ဦးကျော်ကြီးကို နောက်မှကားရွေးမည်ဟုပြော ခဲ့၍ မရတော့ပေ။ ဒါကိုရိပ်မိတဲ့ မာယာထက်က ...



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကားကို နမြောနေတာလား ... ယာယာတို့မှာ ပါတဲ့ငွေနဲ့ အဲဒီကားထက်ကောင်းတဲ့ကားအများကြီး ဝယ်နိုင်ပါတယ် ... "

"အင်း ... "

မာယာထက်ကို ခေါင်းညိတ်ပြလိုက်ပြီး ကားကိုဆက်မောင်းလာရာ မကြာခင်မှာပဲ သူတို့ကားနောက်သို့ ကားတစ်စီး အပြင်းမောင်းကာ လိုက်လာသည်။

"ဘယ်ကကားလဲမသိဘူး"

"ဘယ်ကားပဲဖြစ်ဖြစ် ရပ်နိုင်းရင်မရပ်ပေးနဲ့ ... မောင်းသာမောင်း"

ထူးကျော်လီဗာကို ဖိနင်းကာ မောင်းသည့်အရှိန်ကိုမြှင့်လိုက်၏။ သို့သော် ... သူတို့နောက်မှကားက ရှေ့သို့ကျော်ကာ လမ်းကိုပိတ်ရပ်လိုက်သဖြင့် ထူးကျော် ကားဘရိတ်ကို အသည်းအသန်နင်းလိုက်သည်။ ရှေ့ကားအမျိုးအစားက ဆီဒင်ကားစုတ်ကြီးပေမယ့် အင်ဂျင်ပါဝါကောင်းပုံရသည်။

ခုတော့ သူတို့ကားရှေ့တွင် ပိတ်ရပ်ထားသဖြင့် ဘယ်လိုမှ ဆက်မောင်းလို့မရ။ ထိုကားထဲမှဆင်းလာသောသူကိုတွေ့သော အခါ ထူးကျော်နှင့်မာယာထက်တို့ အံ့သြသွားကြ၏။

"ဟင် ... ဦးကျော်ကြီးပါလား"

"အစ်ကို ... ကားထဲမှာနေခဲ့ယာယာ ရှင်းလိုက်မယ်"

မာယာထက်ကားတံခါးကိုဖွင့်ကားပေါ်မှဆင်းလိုက်ပြီး ဦးကျော်ကြီးကို ...

"အစ်ကိုကြီး ... အားလုံးအဆင်ပြေတယ် ... သူ့ကို ရှင်းလိုက် ... ပြီးရင် ယာယာတို့သွားချင်ရာကို လွတ်လွတ်လပ်လပ်သွားလို့ရပြီ ... "

"ယာယာ ဘာတွေပြောနေတာလဲ"





မာယာထက်စကားကြောင့် ထူးကျော် ကားထဲမှနေ၍ လှမ်းအော်လိုက်သည်။ ဦးကျော်ကြီးလက်ထဲမှာလည်း အသွားချွန်ဓားမြှောင်ရှည်တစ်ချောင်းကိုကိုင်ထား၏။

သူ့ကိုသေချာစိုက်ကြည့်ကာ ...

"ယာယာက ငါ့အချစ်ကလေး သူ့ပထွေးဦးဟိန်းအောင်ကိုသတ်ပြီးရင် ငါနဲ့ထွက်ပြေးကြမယ်လို့ စီစဉ်ပြီးသား ... မင်းကို တရားခံဖြစ်အောင် ဦးဟိန်းအောင်ကလည်း မင်းပိုက်ဆံအိတ်ကို ယူ သူ့အိမ်မှာ မင်းကိုထားပြီး ယာယာကိုသတ်ခိုင်းတယ် × × × × × × × × × × × × × × × × × × × × × × × × × ×

ယာယာကလည်း ဦးဟိန်းအောင်ကိုသတ်ပေးပါပြောခဲ့တာပဲ ... မင်းကကြောက်တတ်တဲ့ကောင်ဆိုတော့ ဘယ်သတ်ရဲမလဲ ..."

ဦးကျော်ကြီးပြောတဲ့စကားကို မာယာထက်ကဘေးမှနေ၍ သူ့ကိုပြုံးပြီးခေါင်းညိတ်ပြသည်။

"ဦးဟိန်းအောင်ကိုတော်ရုံသတ်ဖို့ မလွယ်တော့ ... သရဲလိုလုပ်ပြီး အခေါင်းကိုထမ်း ကြောက်အောင်ခြောက်ပြီးတော့ လည်ပင်းကို ငါကိုယ်တိုင်ညှစ်သတ်လိုက်တာ"

"အစ်ကိုကြီး ဦးဟိန်းအောင်ကို သတ်လိုက်တာလား"

"ဟုတ်တယ်လေ ... ယာယာတောင်ကြောက်လို့ထွက်ပြေးသွားတယ်မလား ... "

"ဟုတ်တယ် ယာယာသရဲမှတ်လို့"

"ကဲ ... တို့ကိစ္စမှာ မင်းကအမိသက်သေပဲ ဒီတော့ မင်းကိုအပြတ်ရှင်းရမယ် ... "

"နေ ... နေပါဦး ကျွန်တော်ရှင်းပြမယ်"

ထူးကျော် ကားထဲမှထွက်လာပြီး ဦးကျော်ကြီးကိုတောင်းပန်ဖို့ လုပ်လိုက်သည်။

"အစ်ကိုကြီးက ဟိုလူယုတ်မာကြီးကိုရှင်းပြီးပြီ ယာယာ



www.burmeseclassic.com

www.burmeseclassic.com



က ဒီတစ်ယောက်ကိုရှင်းလိုက်မယ်''

''နေပါ ယာယာရယ် ... အစ်ကိုကြီးပဲရှင်းလိုက်ပါ့မယ်''

ရုပ်ရည်နှင့်မလိုက်အောင် မာယာထက်ကို ချွဲပျစ်ပျစ်ပြန်ပြောလိုက်သည်။ မာယာထက်က ...

''အစ်ကိုကြီးကလည်း ယာယာသတ္တိမရှိဘူးထင်လို့လား။ အစ်ကိုကြီးမိန်းမဖြစ်တော့မှာ အစ်ကိုကြီးလိုသတ္တိရှိတယ်ဆိုတာ ပြချင်လို့ ... ''

''ကဲ ... ဒီလောက်သတ်ချင်လည်း ရော့ဗျာ''

ကိုကျော်ကြီးက မာယာထက်ကို ဓားပေးလိုက်ပြီး မာယာထက်ပခုံးကိုဖက်ကာ ...

''ဟော့ကောင် လိုရာဆုတောင်း မင်းကိုငါ့အချစ်လေးက သေမင်း ... အား ... အ ... အ ... ''

မာယာထက်က ရုတ်တရက် ဦးကျော်ကြီးရင်ဝကို ဓားဖြင့်ထိုးချလိုက်လေသည်။

''မင်း ... ငါ ... ကို ... သတ်''

ဦးကျော်ကြီး တဖြည်းဖြည်းမြေပြင်သို့ကျကာ အသက်ပျောက်သွားသည်။ မာယာထက်က ...

''အစ်ကို ... လာ ... သူ့အလောင်းပါ ကားပေါ်တင်''

ထူးကျော်ကြောင်ပြီးရပ်နေရာမှ ထူးကျော် မာယာထက်အနားသို့လာ၍ ဦးကျော်ကြီးအလောင်းကိုမကာ ကားနောက်ခန်းတွင်ရှိသော ဦးဟိန်းအောင်၏အလောင်းဘေးတွင် ခက်ခဲစွာတင်ထားလိုက်သည်။ နံနက်အရုဏ်အလင်းကလည်း မကြာမီရောက်လာတော့မည်။ သူနှင့်မာယာထက် ကားပေါ်တက်ကာ မောင်းထွက်လာလေသည်။



**မာယာမင်းသမီးဇာတ်သိမ်း**

အခန်း (၂၁)

နံနက်တွန်းသစ်စအလင်းရောင်နှင့်အတူ သူတို့မောင်းလာသည့်ကားလေးကို လမ်းဘေးရှိ အလွန်နက်သောချောက်နဖူးတွင် ကားကို ဖင်ထိုးကာရပ်လိုက်သည်။ ထူးကျော် လိုလိုမယ်မယ် ကားသော့ကိုဖြုတ်ကာ အိတ်ထဲထည့်လိုက်၏။

မာယာထက်ကတော့ အလောင်းများ ချောက်ထဲချရန် ကားနောက်ဘက်ဆီသို့သွားသည်။ သူလည်း မာယာထက်နှင့်အတူ ဦးကျော်ကြီးအလောင်းကို ချောက်ထဲအရင်ချလိုက်ပြီး တစ်ဖန် ဦးဟိန်းအောင်အလောင်းကို ပစ်ချလိုက်သည်။ ထူးကျော် ရင်ထဲအနည်းငယ်ပေါ့သွားပြီး ချောက်ထဲကျသွားသည့် အလောင်းများကို ချောက်ကမ်းပါးထိပ်မှကြည့်နေစဉ် ...

''ဟာ ... ''

သူ့ကို တစ်စုံတစ်ဦးက နောက်မှနေ၍ တွန်းချလိုက်ရာ လေထဲမြောက်သွားသလို ခံစားလိုက်သည်။

''ဟား ... ဟား ... ဟား ... ရှင်တို့အားလုံး နောက်



www.burmeseclassic.com

www.burmeseclassic.com



ဆုံးတော့ မာယာထက်ဆိုတဲ့မိန်းမကို အရှုံးပေးရတာပဲမလား ဟား ဟား ဟား''

မာယာထက်အသံကပဲ့တင်ထပ်စွာ ကြားနေရသည်။ ဒီ တစ်ကြိမ်လည်း ထူးကျော်ကံကောင်းသွားသည်။

ချောက်ကမ်းပါးထိပ်နှင့် သိပ်မဝေးသည့်နေရာမှ သစ်ကိုင်းကို လက်ဖြင့်ဆွဲမိထားသဖြင့် အောက်သို့ပြုတ်မကျသော်လည်း လေထဲတွင် တန်းလန်းကြီးဖြစ်နေသည်။

အတင်းအားစိုက်ကာ ချောက်ကမ်းပါးဆီသို့ရောက်အောင် တွယ်တက်လာပြီး အပေါ်က မာယာထက်အခြေအနေကို နားစွင့်လိုက်သည်။

''ကားသော့မရှိတော့ဘူး ... ဘယ်လိုလုပ်မလဲ ... ဟိုလူယူသွားတာဖြစ်မယ် ... ငါတွန်းချလိုက်တာ အောက်ကျပြီး သေသွားပြီလားမသိဘူး ... ''

သွေးရူးသွေးတန်းနှင့် မာယာထက်ချောက်ထဲသို့ ငုံ့ကြည့်ပြီး ...

''အစ်ကိုရေ ... အစ်ကို ... ယာယာမှားပါတယ်၊ ယာယာ့ကိုခွင့်လွှတ်ပါ ... အစ်ကိုမသေသေးရင် ယာယာလာခဲ့မယ် ... ယာယာ့ကို အစ်ကိုတွန်းချဖူးတာကို သတိရပြီး စိတ်ရိုင်းဝင်သွားလို့ ယာယာအစ်ကို့ကို မခွဲနိုင်ဘူး ... ''

အော်ဟစ်ကာ ချောက်ထဲသို့ လှမ်းပြောနေသော မာယာထက်စကားကို သူမယုံပါ။ အသာလေးငြိမ်နေရာ သူသေပြီဆင်၍ ကားသော့ယူရန် မာယာထက်ချောက်ထဲသို့ သူပုန်းနေသည့် နေရာကျော်ကာဆင်းလာသည်။

ချောက်က မတ်ဆောက်လွန်းလှသည်။ မာယာထက် ခြေချော်ခဲဆစ်ဆင်းသွားရင်း ...

''ဟာ ... ''





''အမလေး ... ''

ခြေချော်ကာ ချောက်ထဲသို့ ပြုတ်ကျသွားလေသည်။ သူလည်း အပေါ်သို့ခက်ခက်ခဲခဲပြန်တက်ပြီး ချောက်နဖူးတွင်ရပ်ကာ အင်္ကျီအိတ်ထဲမှ ကားသော့ကိုစမ်းလိုက်ရာ ...

''ချွင် ... ''

''ဘာလဲဟ ... ''

အင်္ကျီအိတ်ထဲမှထုတ်ကြည့်လိုက်ရာ မတ်စေ့သုံးစေ့နှင့် ကားသော့ပါလာလေသည်။

''ကဲ ... မြင်းလှည်းသမားပြောသလို တစ်ယောက်သေရင် ကူးတို့ခတစ်မတ် သုံးယောက်ဆိုတော့ သုံးမတ်ရော့''

ချောက်ထဲသို့ မတ်စေ့သုံးစေ့ပစ်ချပေးလိုက်သည်။

အတ္တများ ... လောဘများ ... မာယာများပြည့်နှက်နေသော သူတို့သုံးယောက်ကတော့ ချောက်ထဲမှာ ငြိမ်သက်စွာနဲ့ရှိနေကြတော့သည်။ ထူးကျော် ကားအနောက်ဘက်ခန်းမှ ပိုက်ဆံထုပ်ကြီးကိုကြည့်ကာ တစ်ချက်ပြုံးလိုက်ပြီး ကားပေါ်တက်စက်နှိုးကာ ထွက်ခဲ့သည်။ ကားလေးက တရိပ်ရိပ်ပြေးနေ၏။

ထူးကျော် တောင်အဆင်းလမ်းမို့ ကားကို ဂရုစိုက်မောင်းလာရင်း အကွေ့တစ်ခုကိုကွေ့လိုက်ရာ ... အရှိန်နှင့်မောင်းတက်လာသော ကုန်ကားကြီးနှင့်တိုက်မိလေတော့သည်။

''အား ... ''

အဲဒီခဏလေးမှာပဲ သူလုံးဝမှောင်ကျသွားသည်။

ဘာဆို ဘာမှသဲသဲကွဲကွဲမမြင်ရတော့ ...

အရာအားလုံး လေထဲမှာလွင့်မျောထွက်နေသလို ဖြစ်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

# နိဂုံး

"အင်း ... အင်း"

"သား သတိရလာပြီလား"

မိခင်ဖြစ်သူ၏အမေးကြောင့် ထူးကျော်ခေါင်းကိုညိတ်ပြလိုက်၏။ ပြီးမှ မျက်လုံးကိုဖြည်းဖြည်းချင်းဖွင့်ကာ ...

"သား ဘယ်ရောက်နေတာလဲ"

"သား လားရှိုးဆေးရုံမှာ မူဆယ်ကိုသွားရင်း မြို့အထွက်မှာ ကုန်ကားနဲ့သားကားနဲ့တိုက်တာလေ"

ထူးကျော် ပြန်ပြီး သေချာစဉ်းစားပေမယ့် ခေါင်းကမူးနေ၍ ဘာမှရေရေရာရာမမှတ်မိ။ သူမှတ်မိတာက မိုင်းပွန်မြို့ ဦးဟိန်းအောင်၊ ဦးကျော်ကြီးနှင့် မာယာထက်တို့ဖြစ်သည်။

"မေမေ ... သား ကားပေါ်မှာ ပိုက်ဆံထုပ်ပါလား"

"သား ... ဘာတွေပြောနေတာလဲ ... သားအိမ်ကထွက်သွားပြီး သီပေါမကြာခင် မြို့အထွက်မှာ ကားတိုက်တာလေ ... သားသတိလစ်နေတာ သုံးရက်ရှိပြီ"

"ဟင် ... ဒါဆို"

သူဖြစ်ပျက်ခဲ့တာတွေကို တကယ်မဟုတ်ဘူးပေါ့။ အိပ်



www.burmeseclassic.com

www.burmeseclassic.com



မက်တစ်ခုလား။

သူ အိပ်မက်မဟုတ်နိုင် သူသေချာရောက်ခဲ့သည်။ မာယာ တွေ လှည့်ကွက်တွေများလွန်းတဲ့မြို့လေ ...

သူ မေမေ့ကိုပြန်ပြောပြချင်သည်။

ဝိညာဉ်တို့၏ မာယာမြို့တော်သို့ တကယ်ရောက်ခဲ့သည် လို့ပြောရင် မေမေယုံပါ့မလား ...

သူ ... မပြောချင်တော့ ...

ပြီးပါပြီ။

သစ်ငုတ်စိုးတဲ့ မိုးသုည



BURMESE CLASSIC .com
www.burmeseclassic.com